# စာစဉ် ၅၉ : အပိုင်း ၁

## အပိုင်း ၈၇၁ : ထူးကဲ ကောင်းမွန်လှသော အမြောက်တစ်ခု

မြို့ရိုး၏ တစ်ဘက်တစ်ချက်မှ မီးခိုးရင့်ရောင် မီးခိုးငွေ့များ ထူထဲစွာ တက်လာကာ ဘုန်းဟူသော ကျယ်လောင်သည့် မြည်သံ နှစ်ချက်နှင့် အတူ မျှော်စင်၏ ကြမ်းပြင် တစ်ခုလုံးက တုန်ခါသွားခဲ့သည်။ ဆူညံသံများ ရပ်စဲသွားသော အခါ မြို့ရိုးအောက်ခြေမှ ရှင်ပြမြူးတူးသော အသံတစ်ခု ပေါ်လာသည်။ ပထမဆုံး တိုက်ခိုက်မှုသည် သူတို့ စစ်သားများ၏

+

စိတ်ခေတ်ကို အကြီးအကျယ်
မြှင့်တင်ပေးနိုင်ခဲ့သည်မှာ သိသာနေသည်။

သို့သော်လည်း ပထမဆုံး ပစ်ခတ်မှုသည်
ဤအထိသာ တတ်နိုင်မည်ဟု ဝယ်လ်ဆန်က
သိနေခဲ့သည်။

ခဏအကြာတွင် လယ်မြေများ အကြားတွင်
လွင့်စင်လာသော ရွှံ့များ၏ နေရာကို ကြည့်ခြင်းဖြင့်
ပစ်ခတ်မှုက လွဲချော်သွားသည်ကို သူက
သိလိုက်သည်။ ပစ်ခတ်မှု တစ်ခုမှ ရန်သူများကို
ထိမှန်ခဲ့ခြင်း မရှိပဲ ယခင် လေ့ကျင့်မှု အတွင်းတွင်
သတ်မှတ်ထားသော ကျမှတ်နေရာများနှင့်
အတော်လေး ကွာလှမ်းစွာ ကျရောက်သွားခဲ့သည်။

+

အမြောက်ဆန်သည် မြေပေါ်သို့ ကျသွားအပြီးတွင် ပြန်ခုန်တက်လာကာ မီတာအနည်းငယ် ဆက်လိမ့်သွားပြီး ရွှံ့ထူသော စစ်မြေပြင် အတွင်းတွင် ဆယ်မီတာခန့် ရှိသော မြောင်းတိမ်တစ်ခုအား ချန်ထားခဲ့လေသည်။

ယနေ့သည် လေသာသော နေ့တစ်နေ့ ဖြစ်သဖြင့် ရောမ ကျောက်တုံးအမြောက်ဖြင့် ပစ်မှတ်ကို တိကျစွာ ထိမှန်နိုင်ရန် သူက နောက်ထပ် အချက်အနည်းငယ်မျှ စမ်းသပ် ပစ်ခတ်ရန် လိုနေပေသည်။

+

ရိုလန်၏ စစ်တပ်မှ ပြောင်းရှည် အမြောက်များသည် များစွာ လေးလံနေသော်လည်း ဗလင်စီယာမှ အမြောက်များထက် များစွာပို၍ ကောင်းမွန်မှန်းကို ဝယ်လ်ဆန်က ကောင်းစွာ သိနေခဲ့သည်။ သူတို့အကြားမှ ခြားနားချက်သည် သေနတ်များ အကြားမှ ခြားနားချက်ထက်ပင် ပို၍ ကြီးမားနေခဲ့သေးသည်။

ရောမ ကျောက်တုံးအမြောက်၏ အကြီးမားဆုံးသော အားနည်းချက်မှာ သယ်ယူသွား၍ မရခြင်းပင် ဖြစ်သည်။

အမြောက်ပြောင်းကို တည်ဆောက်ရန် မြို့တွင်းမှ ကြေးထည်ပစ္စည်းများ အားလုံးကို အသုံးပြုခဲ့ရပြီး

+

အမြောက် ပေါက်ကွဲသွားခြင်း မရှိရန်
ခေါင်းလောင်းမျှော်စင်မှ ရှေးဟောင်း
ကြေးခေါင်းလောင်းကိုပင် အရည်ကျိုခဲ့ရသေးသည်။

အကြိမ်ပေါင်းများစွာ စမ်းသပ် စစ်ဆေးခဲ့အပြီးတွင်
သူတို့သည် လူတစ်ယောက်၏ လက်မောင်းခန့်
ထုထဲသော အမြောက်ပြောင်းနံရံ တစ်ခုအား
ထုလုပ်နိုင်ခဲ့သည်။ သူသည် လေးလံလွန်းလှသဖြင့်
မည်သည့် မြင်းရထားကမှ သူ၏ အလေးချိန်ကို
ခံနိုင်ရည် မရှိခဲ့ပေ။

သူတို့သည် ဘာမှ ရွေးချယ်ခွင့် မရှိတော့ပဲ
အမြောက်ထားရန် အထူးမျှော်စင် တစ်ခုကိုသာ
တည်ဆောက်ခဲ့ရသည်။ သူ့အား ထိန်းချုပ်ရန်

+

သန်မာသော ကြိုးတစ်ချောင်းကို အသုံးပြုကာ ပစ်ခတ်မှုထောင့်နှင့် ဦးတည်ချက်ကို ချိန်ညှိနိုင်သည်။ လက်နက်အား ပစ်ခတ်နိုင်ရန် သူတို့သည် အနည်းဆုံး ဆယ့်ငါးမိနစ်ခန့် ပြင်ဆင်ရပေသည်။

ပို၍ဆိုးသည်မှာ လိပ်သည်းကျောက်များဖြင့် ပြုလုပ်ထားသော အမြောက်ဆန်သည် ဘုရင့်မြို့တော်အား တိုက်ခိုက်ခဲ့သော ရိုလန်၏ အမြောက်များကဲ့သို့ ကြီးမားသည့် ပျက်စီးမှုများကို မပြုလုပ်နိုင်ခြင်းပင်တည်း။ ဝယ်လ်ဆန်သည် အမြောက်ဆန်များကို နှင်းမှုန့်များဖြင့် ဖြည့်ရန် ကြိုးစားခဲ့သော်လည်း သူတို့၏ စွမ်းဆောင်ရည်များက မတည်ငြိမ်နေပေ။

+

အမြောက်ဆန်၏ အပြင်ပိုင်းကို သံများဖြင့် ပြုလုပ်ရသဖြင့် ထုတ်လုပ်မှုနှုန်းကလည်း ကျဆင်းသွားခဲ့သည်။ ရိုလန်က ကုန်ကြမ်းများစွာတို့အား ဘယ်ကနေမှ ရခဲ့မှန်းကို သူက စဉ်းစားနေမိသည်။

သို့ဖြစ်၍ မြို့စားသည် အစကတည်းက သူ၏ ရန်သူများအား အမြောက်များ အသုံးမပြုနိုင်အောင် အတတ်နိုင်ဆုံး ကြိုးစား၍ ကာကွယ်ရန် ဆုံးဖြတ်ခဲ့လေသည်။

ရန်သူများအား မြို့အနီးသို့ ချဉ်းကပ်လာစေရန် ဖိအားပေးနိုင်ခဲ့ပါက သူ၏ အမြောက်များသည်

+

သူတို့အား ထိမှန်နိုင်လိမ့်မည်ဟု သူက ယုံကြည်နေခဲ့သည်။

ပထမဆုံး ပစ်ခတ်ခဲ့အပြီးတွင် ဝယ်လ်ဆန်၏ မမျှော်လင့်ထားသော တိုက်ခိုက်မှုကြောင့် ရိုလန်၏ စစ်တပ်သည် အံ့သြ တုန်လှုပ်သွားသကဲ့သို့ ရပ်ဆိုင်းသွားကြကာ အမြောက်ဆန် ကျရောက်ခဲ့သည့် နေရာနှင့် ခြေလှမ်းတစ်ရာခန့် အကွာသို့ စတင်၍ ပြန်လည် ဆုတ်ခွာသွားလေသည်။

"သူတို့က ဘာလုပ်နေကြတာလဲ" ဂယ်လီနာက ပဟေဠိဖြစ်စွာဖြင့် မေးလိုက်သည်။

+

ဝယ်လ်ဆန်က အဝေးကြည့် မှန်ပြောင်းကို မြှောက်၍ ကြည့်လိုက်ရာ ရန်သူ တစ်ရာခန့်တို့က သူတို့၏ ကျောမှ ကိရိယာများကို ဖြုတ်ကာ မြေကြီးအား စတင် တူးဆွနေသည်ကို တွေ့လိုက်ရသည်။ ကြည့်ရသည်မှာ သူတို့သည် ကွင်းပြင်အတွင်း၌ နေရာလွတ် တစ်ခုအား ဖန်တီးနေလိုသည်နှင့် တူနေသည်။

"သူတို့က ကြောက်ရွံ့သွားကြပြီး တိုက်ပွဲကို ရေရှည်ဆွဲတိုက်ဖို့ တပ်ဖွဲ့တွေကို နေရာပြန်ချနေတယ်နဲ့ တူတယ်" မျှော်စင်တွင် သူတို့နှင့် အတူ တိုက်ပွဲအား ကြည့်ရှုနေသော ဗစ်ကောင့်တစ်ယောက်က ပြောလိုက်သည်။

+

"ရိုလန် ဝင်ဘယ်ဒန်ဟာ နိုက်သူရဲကောင်းတွေ အားလုံးကို စွန့်ပယ်ပြီး လယ်သမား လူရိုင်းတွေနဲ့သာ စစ်တပ်ကို ဖွဲ့စည်းထားတယ်လို့ အဆိုရှိတယ်… သူ့ရဲ့ ကောင်းမွန်လှတဲ့ လက်နက်တွေကြောင့် အရင် စစ်ပွဲတွေမှာ တစ်ခါမှ မရှုံးနိမ့်ခဲ့ဖူးဘူး… ဒါပေမဲ့ အခုအချိန်မှာတော့ ကျွန်တော်တို့ရဲ့ ခံစစ်လိုင်းကို တိုက်ခိုက်ဖို့ အတော်လေး ချီတုံချတုံ ဖြစ်နေဟန် တူတယ်… အရှင့်ရဲ့ လယ်မြေကို ရွှံ့မြေဖြစ်အောင် ပြောင်းလဲလိုက်မှုက အမတန်ပဲ ကောင်းမွန်လှပါတယ်"

"ဒါပေမဲ့ ငါတို့ရဲ့ ဝင်ငွေတွေက အတော်ကြီးကို ကျဆင်းသွားပြီး နိုက်သူရဲကောင်း အလုပ်သင်တွေလည်း အများကြီး

+

ဆိုးရှုံးသွားခဲ့တယ်" နောက်ထပ် လူတစ်ယောက်က မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ "ဒီတစ်နှစ် မိစ္ဆာမြူးသောလမှာ လူများစွာတို့က ထွက်ပြေးသွားခဲ့ကြပြီး မြို့တွင်းက အလုပ်ရုံ တစ်ဝက်လောက်ကို ပိတ်ထားခဲ့ရတယ်… ငါကတော့ ရိုလန် ဝင်ဘယ်ဒန်နဲ့ အပစ်အခတ် ရပ်စဲဖို့ စေ့စပ်ညှိနှိုင်းသင့်တယ်လို့ ထင်နေတယ်"

"စေ့စပ်ညှိနှိုင်းဖို့ အတွက် သာတူညီမျှ အခြေအနေ တစ်ခုကို အရင် ဖန်တီးနိုင်ဖို့ လိုအပ်နေတယ်… ဒီတိုက်ပွဲကို အရင်နိုင်အောင် တိုက်ကြစို့"

"မင်းတို့အားလုံး ပါးစပ်ပိတ်ထားကြ" ဝယ်လ်ဆန်က အမျက်တကြီးဖြင့် ပြောလိုက်သည်။ "ငါက

+

ဘုရင်သတ်ဖြတ်သူကို ဘယ်တော့မှ ဦးညွတ်မှာ
မဟုတ်ဘူး... တကယ်လို့ မင်းတို့က မင်းတို့ရဲ့
မှူးမတ်  ဘွဲ့ထူးတွေကို စွန့်လွှတ်လိုပြီး ဘုရင်
တင်မိုသီကို သစ္စာဖောက်လိုနေရင် ငါက မင်းတို့ကို
အကျဉ်းခန်း အတွင်းမှာ ညစ်ပတ်နေတဲ့ လူတွေနဲ့
အတူတူ ဖမ်းချုပ်ထားလိမ့်မယ်"

ထိုစကားသည် အားလုံးတို့အား
တိတ်ဆိတ်သွားစေခဲ့လေသည်။

ဗလင်စီယာသည် ဤတိုက်ပွဲအတွက် ပြင်ဆင်ရန်
ကြိုးမားစွာ ပေးဆပ်ထားရသည်။ မြို့စား
ဝယ်လ်ဆန်သည် ယခင်က ကုန်သွယ်မှု စင်တာအား

+

ခံတပ်အဖြစ် ပြောင်းလဲထားခဲ့ရုံသာ မကပဲ သူ၏
စည်းမျဉ်းများကိုလည်း ပြုပြင်ထားခဲ့သည်။

သို့သော်လည်း သူ၏ အမြင်အရ အနစ်နာခံမှု
အားလုံးတို့က နောက်ပိုင်းတွင် အကျိုးအမြတ်
ပြန်လည် ရရှိနိုင်လိမ့်မည် ဖြစ်သည်။ အကယ်၍
မင်းသားရိုလန်သည် မီးခိုးရောင် ရဲတိုက်အား
အုပ်ချုပ်ရန် မှူးမတ်များနှင့် မဟာမိတ်ဖွဲ့မည်
ဆိုပါက အစကတည်းက ရှုံးနိမ့်သွားပေလိမ့်မည်။

မင်းသားသည် ကံကြွေးချ စနစ် တစ်ခုလုံးကို
ဖျက်သိမ်းကာ တိုင်းပြည်အား အပြည့်အဝ
ထိန်းချုပ်ရန် ကြိုးစားခဲ့ကတည်းက
သူကောင်းမျိုးနွယ်စု တစ်ခုလုံးကို

+

အမျက်ထွက်စေခဲ့လေသည်။ ဤကဲ့သို့ ရဲတင်းသော လှုပ်ရှားမှုသည် သူ့အား ခုခံတိုက်ခိုက်ရန် ပြည့်စုံသော အကြောင်းရင်း တစ်ခုကို ပေးနိုင်ခဲ့သည်။

အကယ်၍ သူသည် ဤတစ်ခေါက်၌ ရိုလန်၏ စစ်တပ်အား ဆန့်ကျင်နိုင်ခဲ့လျှင် ကျန်သော မှူးမတ်များသည် စိတ်များ ပြောင်းသွားကာ အရှေ့ပိုင်း ဒေသကို ဆက်လက် အုပ်ချုပ်ရန် သူ့အား ထောက်ခံလာနိုင်ကြသည်။ ပြီးတာနှင့် မီးခိုးရောင် ရဲတိုက် တဝှမ်း၌ ဆန္ဒပြုမှုများ ပေါ်လာနိုင်ကာ ဤတိုက်ပွဲသည် ဘုရင် တင်မိုသီ အတွက်သာ မကပဲ ကံကြွေးချ စနစ်အား ကာကွယ်သည့် တိုက်ပွဲတစ်ခု ဖြစ်လာနိုင်သည်။

+

"ရောမ ကျောက်တုံးအမြောက်ကို ကျည်ဖြည့်ပြီးပါပြီ... သခင်" အစေခံ တစ်ယောက်က တင်ပြလိုက်သည်။

"ကျွန်မတို့က ဆက်ပစ်ရမှာလား" ဂယ်လီနာက မေးလိုက်သည်။

"ခဏစောင့်ပါဦး... အခုအချိန်မှာ ငါတို့က နှင်းမှုန့်တွေကို ထပ်မဖြည့်ခဲ့ရင် ရန်သူတွေကို ပစ်ခတ်နိုင်ဖို့ မလွယ်ကူဘူး" ဝယ်လ်ဆန်က သူ၏ခေါင်းကို ခါလိုက်သည်။ ယခုအချိန်မှ သူသည် စတင် တိုက်ခိုက်ခဲ့မှု အတွက် အနည်းငယ် နှောင်တရနေခဲ့သည်။

+

ကြိုတင် ပစ်ခတ်ခဲ့ခြင်းဖြင့် စောစောစီးစီး
ချိန်ညှိနိုင်လိမ့်မည်ဟု သူက တွေးထားခဲ့သော်လည်း
ရန်သူများသည် ပထမ ပစ်ခတ်မှု အပြီးတွင်
ရပ်ဆိုင်းသွားလိမ့်မည်ဟု သူက
မမျှော်လင့်ထားခဲ့ပေ။ ယခုအချိန်၌ ရန်သူများ၏
ရှို့ထဲတွင် အလုပ်များနေမှုကို တွေ့ခဲ့ရသော အခါ
ရင်အတွင်းမှ စိတ်အနှောင့်အယှက် ဖြစ်စွာ
ခံစားနေရလေသည်။

အဖွဲ့ဆယ်ဖွဲ့ခန့် ခွဲကာ လှုပ်ရှားနေကြသော
လူတစ်ရာခန့်သည် ဂေါ်ပြားများဖြင့်
လူနှစ်ယောက်ခန့်သာ နေနိုင်သော နေရာလွတ်
တစ်ခုကို ဖန်တီးနိုင်ခဲ့သည်။ သူတို့က စခန်းချရန်

+

ပြင်ဆင်နေခြင်းလည်း မဖြစ်နိုင်ပေ။ နေရာလွတ်ရအောင် ရှင်းလင်းခဲ့အပြီးတွင် သူတို့သည် အစိမ်းရောင် ပြောင်းရှည်များကို စတင်တပ်ဆင်ခဲ့ကြလေသည်။

အဝေးကြည့် မှန်ပြောင်းမှ တဆင့် ဝယ်လ်ဆန်သည် ရန်သူ၏ လှုပ်ရှားမှုတိုင်းကို ကောင်းစွာမြင်နိုင်ခဲ့သည်။ ပြောင်းရှည်သည် ကြည့်ရသည်မှာ အောက်တွင် သုံးထောက်တိုင် တစ်ခုဖြင့် ထောက်ပံ့ထားသည့် အစိတ်အပိုင်း တစ်ခုသာဖြစ်နေပြီး အောက်ခြေတွင် ခွက်နေသော သံပြားတစ်ချပ်အား တပ်ဆင်ထားသည်။

+

ထိုအရာများအပြင် ပြောင်းရှည်အား
တုတ်ချောင်းအချို့ဖြင့် ထူးခြားစွာ
တပ်ဆင်ထားသည်။ အစိတ်အပိုင်းများ အားလုံးကို
မတူညီသော လူတစ်ယောက်စီက
သယ်ဆောင်ထားခြင်း ဖြစ်သော်လည်း
ထိုလူများသည် အစိတ်အပိုင်းများ အားလုံးကို
တပ်ဆင်ရန် ဆယ့်ငါးမိနစ်ပင် မကြာပေ။ ဤဒီဇိုင်း
တီထွင်ဉာဏ်က မည်မျှပင် ထူးခြား
ထက်မြက်လှသနည်း။

သို့သော်လည်း နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည်ကို
မြင်ရသော အခါ မြို့စားသည် သူ၏
မျက်လုံးများကိုပင် မယုံနိုင်ခဲ့ချေ။

+

ဝင်ရိုးပုံစံ သံဘူးတစ်လုံးအား ပြောင်းအတွင်းသို့ ထည့်လိုက်အပြီးတွင် ပြောင်းဝမှ နေ၍ အဖြူရောင် မီးခိုးငွေ့ တစ်သုတ်က ထွက်လာခဲ့သည်။

ထိုအရာက ဘာဖြစ်သည်ကို မှူးမတ်များက စဉ်းစားနေချိန်တွင် မြို့ရိုး၏ တစ်ဘက်တစ်ချက်တွင် အနီရောင် မီးဘောလုံး တစ်ဒါဇင်ခန့် ပေါက်ကွဲလာခဲ့ကာ မိုးခြိမ်းသံများ တဝုန်းဝုန်း ထွက်ပေါ်လာလေသည်။

မြို့ရိုး၏ အတွင်းဘက် အနီးမှ အိမ်များအား ထောင်ချောက်များ၊ အတားအဆီးများဖြင့် အစားထိုးထားပြီး ဖြစ်သဖြင့် ပေါက်ကွဲမှုသည် ပျက်စီးမှု ကြီးကြီးမားမား မဖြစ်စေခဲ့သော်လည်း

+

ကြောက်မက်ဖွယ်ရာ မြင်ကွင်းသည်
ဝယ်လ်ဆန်အား စကားဖြင့် မဖော်ပြနိုင်သော
ထိတ်လန့် တုန်လှုပ်မှုများကို ပေးစွမ်းနိုင်ခဲ့သည်။

ဤအချိန်၌ သူ၏ စိတ်အတွင်းတွင် အသံတစ်ခုသာ
ကျန်နေတော့သည်။

"ဒါက တကယ်ပဲ အမြောက်တစ်ခု ဖြစ်နေသလား"

ထိုအရာက မည်ကဲ့သို့ ဖြစ်နိုင်မည်နည်း။

မြို့စားသည် ရိုလန်၏ အမြောက်တပ်ဖွဲ့ကို
မမြင်ဖူးသော်လည်း များစွာ ကြားခဲ့ဖူးသည်။

+

သူတို့၏ အမြောက်များကို အလျားပေါ်တွင် မူတည်၍ အမျိုးအစား နှစ်မျိုး ခွဲခြားနိုင်သည်။ တစ်မျိုးမှာ မြင်းရထား တစ်လုံးအပေါ်တွင် တင်နိုင်သည့် သယ်ဆောင်နိုင်သော အမျိုးအစား တစ်ခု ဖြစ်ပြီး ကျန်တစ်ခုမှာ သင်္ဘောဖြင့်သာ သယ်ယူပို့ဆောင်နိုင်ခြင်း ဖြစ်သည်။ ထိုအမျိုးအစား တစ်ခုမှ သာမန်လူများဖြင့် သယ်ဆောင်နိုင်လောက်အောင် ပေါ့ပါးနေခြင်း မရှိပေ။

အလုပ်ဖြစ်ရုံသာ ပစ်ခတ်နိုင်သော အမြောက်နှစ်လက်ကို တည်ဆောက်ရန် ဗလင်စီယာ အနေဖြင့် လက်မှုပညာရှင် အားလုံးနှင့် ကုန်ကြမ်းပစ္စည်းများ အားလုံးတို့အား သုံးစွဲခဲ့ရသည်။ ဝယ်လ်ဆန် အနေဖြင့်

+

ဤအရာသည် နည်းစနစ်နှင့် အတွေ့အကြုံများ နည်းပါးမှုကြောင့် ဖြစ်သည်ဟု ဝန်ခံခဲ့သော်လည်း သူအသုံးပြုခဲ့သည့် သဘောတရားများမှာမူ ရိုလန်နှင့် ဘာမှ မခြားနားဟု ယုံကြည်နေခဲ့သည်။

နှစ်ပေါင်း အနည်းငယ်မျှ အချိန် ထပ်ယူခဲ့လျှင် သူ၏ လက်မှု ပညာရှင်များကလည်း ဤကဲ့သို့သော လက်နက်မျိုးကို သေချာပေါက် တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်မှု အပြည့် ရှိနေပေသည်။

သို့သော်လည်း ယခု သူ့အရှေ့၌ ဖြစ်ပျက်ခဲ့သည့် အရာများသည် သူ၏ စိတ်ကို လုံးဝ မှင်သက် တုန်လှုပ်သွားစေခဲ့သည်။

+

ဤမျှအထိ ပါးလွှာသော ပြွန်များဖြင့် တည်ဆောက်ထားသည့် အမြောက်ပြောင်းများသည် နှင်းမှုန့်များ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ကြီးမားလှသော ဖိအားများကို မည်ကဲ့သို့ ခံနိုင်ရည် ရှိခဲ့သနည်း။

"ဒါက လုံးဝကို အဓိပ္ပာယ် မရှိနေဘူး"

"ကျောက်တုံး အမြောက်ဆန်ကို နှင်းမှုန့် အိတ်တစ်ဝက်နဲ့ အစားထိုးလိုက်ပါ" မြို့စားသည် နောက်ပြန်လှည့်လိုက်ပြီး သူ၏ အစေခံအား ငေါက်ငန်းလိုက်သည်။ "ကျည်ဖြည့်ပြီးတာနဲ့

+

ချက်ချင်းပစ်ပါ... လူတစ်ယောက်ကျအောင်
ပစ်နိုင်တာနဲ့ ရွှေပြားဆယ်ပြား ဆုချမယ်"

အစေခံက အနည်းငယ် မသေမချာ
ဖြစ်နေသည့်ပုံဖြင့် ပြောလိုက်သည်။
"အိတ်တစ်ဝက်တောင်... သခင်... ဒါဆိုရင်
အမြောက်က ပျက်စီးသွားနိုင်..."

"တကယ်လို့ ငါတို့ရဲ့ မြို့ရိုးကို မခုခံပဲ ဒီအတိုင်း
ပေးတိုက်ခဲ့ရင် ကျောက်တုံးအမြောက်တွေက
အလကား ဖြစ်သွားမှာပေါ့" ဝယ်လ်ဆန်က
အစေခံ၏ ကော်လာကို ဆုပ်ကိုင်၍
ပြောလိုက်သည်။ "အခုချက်ချင်း ငါပြောသလို
လုပ်ပါ"

+

ထိုအချိန်၌ပင် ရန်သူများ ရှိနေသည့် နေရာမှ နောက်ထပ် အဖြူရောင် မီးခိုးငွေ့ တိမ်တိုက်တစ်ခု ထလာပြန်သည်။

"စက္ကန့် သုံးဆယ်တောင် မကြာပဲ သူတို့က ဘယ်လိုလုပ် ထပ်ဖန်တစ်ခါ ပစ်ခတ်နိုင်ရတာလဲ"

ဤအချိန်တွင် ဝယ်လ်ဆန်သည် ငှက်များ တေးသံသီဆိုသကဲ့သို့ သို့မဟုတ် မြားအား လေထုအတွင်းသို့ ပစ်ခွင်းလိုက်သည့် အချိန်တွင် ကြားရသော အသံကဲ့သို့ တဝီဝီ အသံများကို ခပ်တိုးတိုး ကြားလိုက်ရလေသည်။

+

"ဝိုး..."

ခဏအကြာတွင် မြို့ရိုးထိပ်၌ လောင်ကျွမ်းနေသော
မီးဘောလုံး များစွာ ထိုးတက်လာပြီး
ပြင်းထန်လှသော အပူလှိုင်းများက ပျံ့နှံ့လာ၍
မီးဖိုနှင့် ဆီအိုးများကို တိုက်ချလိုက်ရာ
မျက်စိတစ်မှိတ် အတွင်းတွင် မြို့ရိုး တစ်ခုလုံးက
တောက်လောင်သွားလေတော့သည်။

စာစဉ် ၅၉ : အပိုင်း ၂

အပိုင်း ၈၇၂ : နောက်ဆုံး ချီတက် တိုက်ခိုက်မှု

+

နောက်ဆုံးတွင် ဤရောမ ကျောက်တုံး
အမြောက်များသည် ဒုတိယ အကြိမ်မြောက်
ဘယ်တော့မှ ပစ်ခတ်နိုင်စွမ်း မရှိတော့ပေ။

မြို့စားသည် အမြောက်များနှင့် လောက်လွှဲများအား
ကောင်းစွာ မြင်နိုင်ရန် အတွက် မြို့ရိုးပေါ်တွင်
မြင့်မားသော ပစ်ခတ်မှု စင်မြင့်များကို
တည်ဆောက်ထားခဲ့သည်။ စင်မြင့်များက
မြို့ရိုးထက် ပို၍ မြင့်မားနေသည်နှင့်
မည်သည့်ရန်သူကမှ လက်နက်၏ ပစ်ခတ်နိုင်မှု
အကွာအဝေး အတွင်းမှ လွတ်မြောက်နိုင်လိမ့်မည်
မဟုတ်ချေ။

+

ဤကဲ့သို့သော မြင်ကွင်းမျိုးသည် တိကျမှုနှင့် ပစ်ခတ်မှု အကွာအဝေးကို တိုးတက်စေရုံသာ မက အတိုက်ခိုက်ခံရသူများကို ကြီးမားသော ဖိအားများ ပေးနိုင်ခဲ့သည့် အတွက် အတော်လေး ကောင်းမွန်သော နည်းဗျူဟာဟူ၍ ပြော၍ရနိုင်သည်။

သို့သော်လည်း ရိုလန် စစ်တပ်၏ စွမ်းအားနှင့် ရင်ဆိုင်ခဲ့ရသော အခါ အထင်ကြီးဖွယ်ရာ စင်မြင့်များသည် ပြိုင်ဘက် အမြောက်များ၏ အလေ့ကျင့်ခံရသည့် ပစ်မှတ်များကဲ့သို့သာ ဖြစ်သွားခဲ့လေသည်။

+

ဤဆယ့်ငါးမိနစ်သည် ဝယ်လ်ဆန် အတွက်
ထာဝရကဲ့သို့ ဖြစ်နေခဲ့သည်။

မြို့ရိုးအပေါ်၌ မိုးခြိမ်းသကဲ့သို့ ပေါက်ကွဲသံများက
အနည်းငယ်လေးမျှ မရပ်နားခဲ့ချေ။

ဝယ်လ်ဆန်၏ လူများသည် နောက်ဆုံးတွင်
နှင်းမှုန့်များကို ဖြည့်နိုင်ခဲ့သော်လည်း ရန်သူ့ထံမှ
အမြောက်ဆန် တစ်ခုသည် သူတို့ဘေးမှ
စင်မြင့်ပေါ်သို့ တည့်တည့် ကျလာခဲ့လေသည်။

ထိုအချိန်၌ စင်မြင့်ပေါ်တွင် တောက်ပသော
နေမင်းတစ်စင်း မြင့်တက်လာသကဲ့သို့ ဖြစ်သွားခဲ့ပြီး
ရောမ ကျောက်တုံး အမြောက်နှင့် သူ့ဘေးမှ

+

ကံမကောင်းရှာသော လူနှစ်ဆယ်ကျော်ကို ဝါးမျိုရင်း အရွယ်အစား ကြီးမားလာခဲ့သည်။

ပြီးတာနှင့် လောင်ကျွမ်းနေသော မီးတောက်များက နေရာအနှံ့ ပျံ့နှံ့လာကာ တုန်ခါမှု လှိုင်းလုံးများက မြို့တစ်မြို့လုံးကို ရိုက်ခတ်သွား၍ နေရာတကာ၌ ဖုန်မှုန့် တိမ်တိုက်များဖြင့် ပြည့်သွားခဲ့လေသည်။

ရောမ ကြေးတုံး တစ်တုံးသည် ပေါက်ကွဲမှုမှ လွင့်ပျံလာကာ အခြား စင်မြင့်တစ်ခု၏ ကျောက်တုံးနံရံအား ရိုက်ချလိုက်ပြီးမှ ကျောက်တုံးများကို သယ်ပို့နေသော လုပ်သား တစ်အုပ်စု အပေါ်သို့ တိုက်ရိုက် ကျသွားလေသည်။ အားနည်း၍ ကျိုးပဲ့လွယ်သော လူသား

+

ခန္ဓာကိုယ်များသည် ချက်ချင်းပင် အနီရောင်
မြူခိုးငွေ့ တိမ်တိုက် တစ်ခုအဖြစ်
ပြောင်းသွားခဲ့သည်။

ကြေးတုံး အပိုင်းအစသည် မြေပေါ်သို့
ကျသွားအပြီးတွင် နှစ်ကြိမ် လိမ့်သွားပြီးမှ အစပိုင်း
ရိုက်ခတ်မှုတွင် ကံကောင်းစွာ အသက်ရှင်
ကျန်ရစ်သူများ အပေါ်သို့ ဖိခြေခဲ့ကာ အနောက်တွင်
အသွေးအသား လမ်းကြောင်းတစ်ခုကို
ချန်ရစ်ခဲ့သည်။

အဖိခံခဲ့ရသူများ၏ ခြေလက်များက
ကျိုးကြေသွားပြီး ပြင်းထန်သော နာကျင်မှု

+

ဝေဒနာများကြောင့် အော်ဟစ်ညည်းညူနေကြကာ
မြန်မြန်သေရန် ဆုတောင်းနေခဲ့ကြသည်။

သို့သော်လည်း ဝယ်လ်ဆန်၏ အာရုံသည်
အောက်ဘက်မှ ကြေကွဲဖွယ်ရာ မြင်ကွင်းများထံမှ
လျင်မြန်စွာ ရွေ့လျားသွားခဲ့သည်။

ဝယ်လ်ဆန်နှင့် ကျန်သော မှူးမတ်များ ရပ်နေသည့်
မျှော်စင်ကလည်း အခြား မျှော်စင်များ နည်းတူပင်
ရန်သူများ၏ မြင်ကွင်းအတွင်းတွင် ထင်းကနဲ
ပေါ်နေခဲ့သည်။ ရန်သူ၏ ပထမဆုံး ထိုးနှက်မှုသည်
မြို့ရိုးအား လောင်ကျွမ်းစေခဲ့ရာ ထိုမှူးမတ်များသည်
ဆက်လက် စောင့်မကြည့်နေရဲတော့ပဲ ချက်ချင်း
အောက်ဆင်းပြေးသွားကြသည်။

+

ရန်သူများ၏ ပစ်ခတ်မှုနှုန်းသည် သူတို့
မျှော်မှန်းထားသည်ထက် များစွာ
သာလွန်နေသောကြောင့် ဤအရာက အကောင်းဆုံး
ဖြစ်ပေသည်။ ရန်သူများသည် ကျည်ပြန်ဖြည့်ရန်
စက္ကန့်သုံးဆယ်ပင် အချိန် မယူရပဲ တစ်ခေါက်ထက်
တစ်ခေါက် ပို၍ တိကျလာကာ မြို့ရိုးအနီးမှ
နေရာများကို လူသူ ကင်းမဲ့စေခဲ့သည်။

အစ ပထမတွင် မီးဘောလုံးများသည် မြို့ပြင်သို့သာ
ကျရောက်လာခဲ့သော်လည်း မကြာမီပင်
မြို့ရိုးအတွင်းသို့ ဝင်ရောက်လာခဲ့ကာ
ပေါက်ကွဲမှုသည် မြင့်မားသော မျှော်စင်များနှင့်
မြို့ရိုးတို့အား လွှမ်းခြုံသွားခဲ့သည်။

+

မြို့အတွင်းမှ လေထုကလည်း မီးခိုးငွေ့များ၊
အမြောက်ဆန် အပိုင်းအစများ၊ ဖုန်မှုန့်များနှင့်
ပြည့်နှက်နေခဲ့ပြီး အဆက်မပြတ်
ပေါက်ကွဲသံများနှင့် ညည်းညူသံများ ပေါင်းသွားကာ
မြို့အတွင်းမှ အခြေအနေသည် ငရဲမှ
မြင်ကွင်းတစ်ခုနှင့် တူနေခဲ့သည်။

ရန်သူများ၏ ပစ်ခတ်မှု ရပ်တန့်သွားသော
အချိန်တွင် စင်မြင့် ခြောက်ခုတို့သည် လုံးဝ
ပျက်စီးသွား၍ မြို့ရိုးကလည်း
ကျိုးပေါက်သွားလေတော့သည်။

+

မြို့စား၏ လူများသည် အစမူလတွင်
သံဆူးကြိုးများကို အောက်ချ၍ ရောမ
ကျောက်တုံးတံခါးကို ပိတ်ကာ ခံစစ်လိုင်းကို
ပြင်ဆင်ရန် စီစဉ်ထားသည်။ သို့သော်လည်း
ရန်သူများ၏ ကြောက်မက်ဖွယ်ရာ
ပစ်ခတ်နိုင်စွမ်းကို မြင်တွေ့ခဲ့အပြီးတွင် ဆက်လက်
ခုခံတိုက်ခိုက်ရန် မဖြစ်နိုင်တော့ပေ။

မီးတောက်များသည် ဆီများ ဖိတ်ကျသွားသည့်
အနောက်သို့ လိုက်၍ လောင်ကျွမ်းခဲ့ကြပြီး
မီးတူးနေသော အလောင်းများက မြို့ရိုးအနှံ့
ပြန့်ကျဲနေတော့သည်။ အကယ်၍
တစ်စုံတစ်ယောက်က မီးတောက်များ၊
ပေါက်ကွဲမှုများ အကြားတွင် ကံကောင်း၍
ရှင်သန်နိုင်ခဲ့လျှင်ပင် သူတို့၏ သတ္တိများက လုံးဝ

+

ကင်းမဲ့သွားကြပြီ ဖြစ်သည်။ အရေးပေါ်
စုစည်းထားသော အရပ်သားများ အနေနှင့်မူ
ပြောဖွယ်ရာ မရှိတော့ပြီ။

ထွက်ပြေးနိုင်စွမ်း ရှိသေးသော သူများသည်
ကြောက်ဒူးတုန်နေသော သူများ သို့မဟုတ်
အကြီးအကျယ် ဒဏ်ရာ ရထားသော သူများကို
ချန်ထားရစ်၍ အမြီးကုတ်ကာ ပြေးကုန်ကြပြီ
ဖြစ်သည်။

ဝယ်လ်ဆန်သည် ရှုံးနိမ့်နိုင်ခြေကို ကြိုတင်
ခန့်မှန်းထားခဲ့သော်လည်း ဤမျှအထိ လျင်မြန်စွာ
ရုပ်ပျက်ဆင်းပျက် ရှုံးနိမ့်ခဲ့လိမ့်မည်ဟု လုံးဝ
ထင်မထားခဲ့ပေ။

+

သူတို့သည် ရန်သူများကို ထိပင် မထိနိုင်သေးခင် သူတို့၏ ခံစစ်လိုင်းက ပြိုလဲသွားခဲ့လေပြီ။ ရိုလန်က ပြီးခဲ့သော နှစ်နှစ်အတွင်းတွင် ဘာများ လုပ်နေခဲ့သနည်းဟု သူက တွေးတောနေမိသည်။

"သခင်... ကျွန်တော်တို့ ပြန်လည် တိုက်ခိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး"

"အရှုံးပေးလိုက်တာပဲ ကောင်းပါလိမ့်မယ်"

"အမှန်ပါပဲ... သခင်... အရှုံးပေးလိုက်တာဟာ ကျွန်တော်တို့က ထာဝရ အညှံ့ခံတယ်လို့ မဆိုလိုနေပါဘူး... ကျွန်တော်တို့ အသက်ရှင်

+

ကျန်နေသေးတာနဲ့ အခွင့်အရေးတွေက အမြဲတမ်း ရှိနိုင်သေးပါတယ်"

"သူပြောတာ မှန်တယ်… သူတို့က အရှေ့ပိုင်း ဒေသမှာ ဆက်နေခဲ့မယ် ဆိုရင် ကျွန်တော်တို့က အချိန်ယူပြီးမှ အင်အားတွေကို ပြန်လည် တည်ဆောက်နိုင်တယ်"

"ဘုရင် တင်မိုသီက ဒီမှာ ရှိခဲ့မယ် ဆိုရင်တောင် သခင့်ကို အပြစ်တင်မှာ မဟုတ်ပါဘူး… သခင်က အတတ်နိုင်ဆုံး ကြိုးစားခဲ့ပြီးပြီပဲ… ရန်သူက စွမ်းအား အရမ်းကို ကြီးလွန်းနေတာကို"

+

ဝယ်လ်ဆန်သည် ခေတ္တမျှ ငြိမ်သက်သွားပြီးမှ ဂယ်လီနာအား လှည့်ကြည့်လိုက်သည်။

ထိုအမျိုးသမီး၏ မျက်နှာတွင် အနက်ရောင် အကြောင်းနှစ်ကြောင်း စွန်းထင်းနေပြီး နောက်ပြန်ဆုတ်ခဲ့သည့် အချိန်တွင် ဝယ်လ်ဆန် အပေါ်သို့ ပြုတ်ကျလာသော မီးလောင်နေသည့် ထုတ်တန်းတစ်ခုကို ကာကွယ်ပေးခဲ့သဖြင့် ဆံပင်တစ်ခြမ်းက မီးလောင်သွားခဲ့သည်။

သို့တိုင်အောင် သူမ၏ မျက်လုံးများသည် စိတ်ပျက်အားလျော့မှုများ ကသိကအောက် ဖြစ်နေမှုများ လုံးဝ မရှိနေပဲ အရင်က အတိုင်း တောက်ပနေခဲ့သေးသည်။ "အရှင်ရဲ့

+

အမိန့်အတိုင်းပါ… သခင်" သူမက
ပြောလိုက်လေသည်။

မြို့စားက အသက်ပြင်းပြင်း တစ်ချက် ရှူ၍
ပြောလိုက်သည်။ "မင်းတို့ အားလုံး
အညွှံခံလိုက်ကြပါ"

"သခင်ကရော…"

"ငါက နောက်ဆုံးမှာ လက်နက်ချ အညွှံခံဖို့
ဒီနှစ်နှစ်လုံး ပြင်ဆင်နေခဲ့တာ မဟုတ်ဘူး"
ဝယ်လ်ဆန်က ဖြည်းဖြည်းချင်း ပြောလိုက်သည်။

+

"ငါက ရိုလန်ကို သူ့ရဲ့ စွမ်းအားကြီးမားတဲ့ စစ်တပ်ဟာ အရာအားလုံးကို အောင်နိုင်စွမ်း မရှိပဲ ဘုရင် တင်မိုသီရဲ့ ကံကြွေးချ သခင်တွေဟာ အာဏာရှင် လက်အောက်မှာ ဒူးထောက်မယ့် သူရဲဘော ကြောင်တဲ့သူတွေ မဟုတ်ဘူးလို့ သက်သေပြရလိမ့်မယ်… ဂယ်လီနာ… ငါ့ရဲ့ နိုက်သူရဲကောင်းတွေ ဘယ်မှာလဲ"

"သူတို့က ဒုတိယ ခြုံခိုတိုက်ခိုက်မယ့် နေရာမှာ အသင့်စောင့်နေကြပါတယ်" နိုက်သူရဲကောင်း ခေါင်းဆောင်က ပြတ်သားစွာ ပြောလိုက်သည်။

"ခြုံခို တိုက်ခိုက်ဖို့ မလိုတော့ဘူး… သူတို့အားလုံးကို မြို့တံခါးထံ ဆင့်ခေါ်လိုက်ပါ" ဝယ်လ်ဆန်က

+

အမိန့်ပေးလိုက်သည်။ "ဗစ်ကောင့် အရီဘာခ်... အရင်က ပြင်ဆင်ထားတဲ့ ထောင်ချောက်တွေ အားလုံးကို ဖျက်ဆီးလိုက်ပါ"

"ဖျက်ဆီးရမယ်... ဟုတ်လား... ဘာဖြစ်လို့လဲ" မှူးမတ်များက အံ့အားတကြီးဖြင့် မေးလေသည်။

"ရိုးရှင်းတဲ့ ဒီလှည့်ကွက်တွေက ရန်သူကို တားဆီးဖို့ ကူညီနိုင်မှာ မဟုတ်တဲ့ အတွက် ငါတို့က မျှမျှတတ မျက်နှာချင်းဆိုင်ပဲ ရင်ဆိုင်ရလိမ့်မယ်... အခြေအနေတွေက ဒီအထိ ရောက်လာပြီ ဆိုတော့ တစ်စုံတစ်ယောက်က နောက်ဆက်တွဲ အကျိုးဆက်တွေကို ရင်ဆိုင်မှ ရမယ်" မြို့စားသည် သူ၏ နောက်ဆုံးအချိန်၌ ဤမျှအထိ

+

တည်ငြိမ်နေလိမ့်မည်ဟု သူ့ကိုယ်သူ
မမျှော်လင့်ထားခဲ့ပေ။

သို့သော်လည်း သူပြုလုပ်တော့မည် အရာသည်
သမိုင်း မှတ်တမ်းများ အတွင်းတွင်
မှတ်တမ်းဝင်သွားလိမ့်မည် ဖြစ်သည်။ သူသည်
အရှင်မင်းမြတ်အား ဂုဏ်ယူစွာဖြင့်
ရင်ဆိုင်နိုင်ပေလိမ့်မည်။

.........

နာရီဝက် ကြာပြီးသော အခါ ရိုလန်၏ စစ်တပ်သည်
နောက်ဆုံးတွင် မြို့တံခါး ပြင်ပ၌ ပေါ်လာခဲ့သည်။
ပထမ ဦးစွာ ဝင်ပေါက်အား ပိတ်ဆို့နေသော

+

အကျိုးအပဲ့များကို ဖယ်ရှားပြီး မြို့တံခါး တစ်ဘက်တစ်ချက်အား ထိန်းချုပ်ရန် အဖွဲ့ငယ် တစ်ဖွဲ့ အရင် ဝင်လာပြီးမှ အဓိက တပ်ဖွဲ့က ရဲတိုက်ထံသို့ ချီတက်လာလေသည်။

သူတို့က မြို့အတွင်းသို့ ဝင်ရောက်လာသည်နှင့် လမ်းမရှည်၏ အလယ်တွင် အရံအတားများ ချထားလိုက်သည်။ အချိန်ခဏလေး အတွင်းတွင် သူတို့သည် လုပ်ငန်းများ ပြီးဆုံးသွားကြပြီး ထူးခြားသော သေနတ်နှစ်လက်ကို ခံတပ်၏ အရှေ့တွင် နေရာ ချထားခဲ့ကြသည်။

ဝယ်လ်ဆန်သည် ရန်သူများက ဘာလုပ်နေသည်ကို အမှုထားနေခြင်း မရှိတော့ပေ။ သူသည်

+

မြင်းဇက်ကြိုးကို အသာ ခါယမ်းလိုက်ပြီး
လမ်းထောင့်မှ နိုက်သူရဲကောင်းများကို
လမ်းတစ်လျှောက် တစ်တန်းတည်း ဖြစ်အောင်
တန်းစီစေခဲ့သည်။

နိုက်သူရဲကောင်း ခုနစ်ယောက်နှင့် နိုက်သူရဲကောင်း
အလုပ်သင် ဆယ့်ငါးယောက်။ သူတို့သည် သူ၏
နောက်ဆုံး တန်ပြန် တိုက်ခိုက်ခြင်း ဖြစ်ပေသည်။

ဤနောက်ဆုံးအချိန်၌ သူ၏ဘေးတွင်
ရင်ဘောင်တန်းကာ ရပ်နေရဲသေးသော
သူရဲကောင်းများသည် ဝယ်လ်ဆန်အား
မှူးမတ်စနစ်သည် မရှိမဖြစ် လိုအပ်နေသေးသော

+

အထက်တန်းကျသည့် စနစ်တစ်ခု ဖြစ်မှန်းကို ပို၍ လက်ခံစေခဲ့သည်။

သစ္စာတရား၊ ဂုဏ်သိက္ခာနှင့် တာဝန်တို့၏ အဓိပ္ပာယ်ကို နားလည်ကြသော မှူးမတ်များကသာ ဤကဲ့သို့သော အခြေအနေမျိုး အောက်တွင် ရန်သူထံသို့ ချီတက်တိုက်ခိုက်ရန် သတ္တိ ရှိကြပေလိမ့်မည်။

ကျူးကျော် ဝင်ရောက်လာသူများက ပို၍ပို၍ များပြားလာပြီ လမ်းပေါ်တွင် ပြင်ဆင်နေကြသည်ကို ကြည့်နေရင်း သူသည် သူ၏ သံဦးထုပ်မှ မျက်နှာဖုံးကို ဆွဲချကာ လှံတံကို

+

မြှောက်လိုက်ပြီးမှ အသက် အရှည်ကြီး တစ်ချက် မှုတ်ထုတ်လိုက်သည်။

"ငါတို့က ဒီကနေ့မှာ ရှုံးနိမ့်သွားခဲ့ပေမဲ့ သမိုင်းက ငါတို့ကို အမှတ်ရနေမှာပါ... ငါတို့ရဲ့ နာမည်ဟာ သီချင်းတွေ အတွင်းမှာ ရေးစပ်သီကုံးပြီး သီဆိုခြင်း ခံခဲ့ရလိမ့်မယ်... မင်းတို့ရဲ့ သတ္တိတွေကို စုစည်းထားပြီး သန်မာစွာ ရပ်တည်နေကာ နောက်ဆုံး ထွက်သက်အထိ တိုက်ခိုက်ကြပါ... ဘာဂါအိမ်တော်ရဲ့ နိုက်သူရဲကောင်းတွေ... ငါ့အနောက်က လိုက်ခဲ့ကြ"

"အောင်ပွဲထံသို့"

+

ဝယ်လ်ဆန်သည် ဇက်ကြိုးကို ဆွဲကာ နောက်ဆုံး ချီတက် တိုက်ခိုက်မှု အနေဖြင့် သူ၏ လူများကို ဦးဆောင်ကာ လမ်းမရှည် တစ်လျှောက် သူ၏ စစ်မြင်းကို ဒုန်းစိုင်း စီးနင်းလာခဲ့သည်။

သူတို့အနားမှ မီးခိုးငွေ့ တိမ်တိုက်များနှင့် မီးခိုး မီးတောက်များသည် စစ်မြေပြင်၏ မြင်ကွင်းကို ပြီးပြည့်စုံစွာ သရုပ်ဖော်ထားကြကာ အလွန်ပင် တောက်ပ ကြည်လင်နေခဲ့သဖြင့် မြို့စားသည် သူနောက်ဆုံး အနားယူရန် ဤနေရာထက် ပို၍ကောင်းသော နေရာတစ်ခု မရှိနိုင်တော့ဟု ထင်နေမိသည်။

+

မကြာမီပင် သူသည် ရန်သူအနားသို့ လမ်းတစ်ဝက်
ရောက်လာခဲ့ကာ အမြင့်ဆုံး အရှိန်နှုန်းသို့
ရောက်လာခဲ့သော်လည်း သူ့အနောက်မှ
ဗုံတီးသံများကဲ့သို့ မြင်းခွာသံများကို
မျှော်လင့်ထားသကဲ့သို့ မကြားခဲ့ရပေ။

ဝယ်လ်ဆန်က အံ့သြ တုန်လှုပ်သွား၍ အနောက်သို့
လှည့်ကြည့်လိုက်ရာ သူ့အနောက်တွင် အနီးကပ်
စီးနင်း လိုက်ပါလာသော ဂယ်လီနာမှ လွဲ၍
ကျန်သော လူနှစ်ဆယ်ကျော်တို့မှာ ပျောက်ချင်းမလှ
ပျောက်သွားသည်ကို တွေ့လိုက်ရလေသည်။

ဤလမ်းသည် လမ်းပိတ်မဟုတ်ပဲ လမ်းသွယ်
လမ်းမြှောင် များစွာတို့ဖြင့် ဆက်စပ်ထားခြင်း

+

ဖြစ်သဖြင့် ထိုအချိန်၌ ဘာဖြစ်ခဲ့သည်ကို ဝယ်လ်ဆန်က သဘောပေါက်သွားခဲ့သည်။

ဘာဖြစ်ခဲ့သည်ကို သူ့အနောက်မှ ကြောက်ရွံ့ခြင်းကင်းမဲ့စွာ ချီတက် စီးနင်းလာသော နိုက်သူရဲကောင်းအား မေးလိုနေခဲ့သော်လည်း သူ၏ မျက်လုံးများသည် အဓိပ္ပာယ်နှင့် ခံစားချက်များဖြင့် ပြည့်နေသော ဂယ်လီနာ၏ မျက်လုံးများနှင့် အကြည့်ချင်း ဆုံသွားခဲ့သော အခါ ယခုအချိန်၌ အခြား မည်သည့်အရာများက သူ့အတွက် အရေးမပါတော့မှန်းကို သဘောပေါက်သွားခဲ့သည်။

ဤကဲ့သို့သော အဆုံးသတ်ခြင်းက သူ့အတွက် သိပ်မဆိုးလှသည်နှင့် တူနေသည်။

+

"အနည်းဆုံးတော့ ငါ့အနားမှာ မင်းရှိနေသေးတာပဲ"

ဝယ်လ်ဆန်က ရယ်လိုက်၍ သူ၏လှံတံအား
အနီးဆုံးသော ရန်သူစစ်သားထံသို့
ချိန်ရွယ်လိုက်သည်။

မကြာမီပင် ကျည်ဆန်မိုးများက သူ့အပေါ်သို့
တရစပ် ရွာသွန်းလာလေတော့သည်။

## စာစဉ် ၅၉ : အပိုင်း ၃

## အပိုင်း ၈၇၃ : မှုးမတ်များနှင့် အကျဉ်းသားများ

+

သံပုဆိမ်ဒ်သည် တစ်ချိန်က ဂုဏ်ကြီးမြင့်သည့် ဗလင်စီယာ မြို့တော်အတွင်းသို့ ဝင်လာခဲ့သော အခါ လက်နက်အသစ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြီးအကျယ် ပျက်စီးမှုများကို တွေ့ခဲ့ရပြီးနောက် အတော်လေး အံ့အားသင့်သွားခဲ့သော်လည်း သူ၏ စိတ်ခံစားချက်များကို မျက်နှာပေါ်တွင် မပေါ်စေခဲ့ပေ။

သူသည် စိန်ပြောင်းနှင့် လေ့ကျင့်ခန်းများစွာ ပြုလုပ်ခဲ့ဖူးသော်လည်း တကယ့်တိုက်ပွဲတွင် သူ၏ အကျိုးသက်ရောက်မှုများကို မြင်ခဲ့ရခြင်းသည် လုံးဝကို ကွဲပြား ခြားနားနေသော အတွေ့အကြုံ တစ်ခု ဖြစ်ပေသည်။

+

လူငါးယောက် အုပ်စုဖြင့် အလွယ်တကူ
သယ်ဆောင်နိုင်သော ဤလက်နက် ကိရိယာအား
အကြိမ် အနည်းငယ် ပစ်ခတ်လိုက်ရုံဖြင့် ဤမျှအထိ
ဖွတ်ဖွတ်ညက်ညက်ကြေအောင်
ဖျက်ဆီးနိုင်ခဲ့သည်ကို ယုံကြည်ရန် ခက်ခဲလှသည်။

စိန်ပြောင်း၏ ပစ်ခတ်မှုနှုန်းသည် ယခင်မှ
မြေပြင်ပစ် အမြောက်များထက် များစွာပို၍
မြန်ဆန်ပြီး သူတို့ ဒါဇင်ပေါင်း များစွာတို့အား
တစ်ပြိုင်နက်တည်း ပစ်ခတ်လိုက်သော အခါ
ကြီးမားလှသည့် ပျက်စီးမှုများအား
ဖြစ်ပေါ်စေသည်ကို သူက သိနေခဲ့သည်။

+

သို့သော်လည်း တကယ့် လက်တွေ့မြင်ကွင်းအား မြင်ခဲ့ရသော အခါ သူသည် ဤလက်နက် အသစ်အား လျှော့တွက်မိသေးခဲ့သည်ကို သဘောပေါက်သွားခဲ့သည်။

စိန်ပြောင်း တစ်ခေါက်ပစ်ခြင်းသည် လောင်းဆောင်းအမြောက် တစ်ချက်ပစ်ခြင်းနှင့် ပစ်ခတ်မှု စွမ်းအား မယှဉ်နိုင်သော်လည်း သူသည် ထိန်းချုပ်ရန် မခက်ခဲပဲ သယ်ဆောင်ရ လွယ်ကူ၍ စုန်းမများ၏ အကူအညီ မပါပဲ သယ်ယူ ပို့ဆောင်နိုင်စွမ်း ရှိသည်။

ထို့အပြင် သူ၏ ပစ်ခတ်သည့် လမ်းကြောင်းအရ နံရံများ အနောက်တွင် ပုန်းကွယ်နေသည့်

+

ရန်သူများကိုလည်း တိုက်ခိုက်နိုင်စွမ်း ရှိနေသည်။ ခဲယမ်းမီးကျောက်များသာ လုံလောက်စွာ ရှိခဲ့လျှင် ဤလက်နက်သည် ရန်သူများအား အကြီးအကျယ် ထိခိုက်အောင် တရစပ် ထိုးနှက်နိုင်သဖြင့် စည်းကမ်း ကျနသေဝပ်သော ပထမ စစ်တပ်ကပင် အကယ်၍ သူတို့က အတိုက်ခိုက်ခံရသည့်ဘက်တွင် ဖြစ်နေပါက ခံနိုင်ရည် ရှိနိုင်မည် မဟုတ်ချေ။

"ဒီလိုမျိုး အခြေအနေအောက်မှာ ထွက်ပြေးတာက ပုံမှန်ပါပဲ... ဒီလို လက်နက်မိုးတွေက သူတို့အပေါ်ကို ရွာသွန်းလာတဲ့ အချိန်မှာ ဘယ်သူက ကြောက်ဒူးမတုန်ပဲ နေနိုင်မှာလဲ"

+

ပစ်ခတ်ရသည်မှာ ရှုပ်ထွေးသည့်ပုံ ပေါက်နေသော
မြေပြင်ပစ် အမြောက်များ အားလုံးကို မီးဖိုဒေသ
အတွင်းသို့ ပစ်ထည့်လိုက်သော အချိန်တွင်
အရှင်မင်းမြတ် ရိုလန် ပြသခဲ့သော ယုံကြည်မှုအား
သံပုဆိန်က နောက်ဆုံးတွင်
သဘောပေါက်သွားခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် ရန်သူများ အတွင်းသို့
အမြောက်ဆန် အလုံးများ ပစ်ထည့်နိုင်သော
ဤလက်နက်များသည် စိန်ပြောင်းနှင့် စာလျှင်
ဘာမှ အသုံးမကျသကဲ့သို့ ဖြစ်နေခဲ့သည်။

+

နောက်ဆုံးတွင် မီးခိုးရောင် ရဲတိုက် တစ်ခုလုံး၌ ဤကဲ့သို့သော လက်နက်မျိုးအား တတ်နိုင်သည်မှာ ဘုရင်ရိုလန် တစ်ယောက်သာ ရှိပေလိမ့်မည်။

အမြောက်ဆန် တစ်ခုစီသည် ရွှေပြား သုံးလေးပြားခန့် ကုန်ကျသည်ဟု အဆိုရှိသဖြင့် အစောပိုင်းမှ ပထမ စစ်တပ် တာရစပ် ပစ်ခတ်ခဲ့မှုသည် ရွှေပြား များစွာတို့အား လွှင့်ပစ်ခဲ့သည်နှင့် တူနေပေသည်။ ထို့အပြင် လောင်းဆောင်းအမြောက်များ အသုံးပြုသည့် ယမ်းမှုန့် အမြောက်ဆန်က များစွာပို၍ ဈေးကြီးလှသည်။

+

သူတို့က မိစ္ဆာများနှင့် ရင်ဆိုင်ရမည့် အချိန်တွင် ဆောင်းမဲ့မြို့တော်၏ ဘဏ္ဍာတိုက် အတွင်းမှ ရွှေပြားများသည် နတ်ဘုရားဆန္ဒ စစ်ပွဲ ပြီးဆုံးသည် အထိ ပထမ စစ်တပ်အား ထောက်ပံ့ရန် လုံလောက်နိုင်မည်လော။

ကံကောင်းစွာနှင့် သူသည် ဤပြဿနာ အတွက် စိတ်ပူရန် မလိုအပ်နေခဲ့ပေ။

ဖြေရှင်းရန် ခက်ခဲသည့် ဤပုစ္ဆာအား ကိုင်တွယ်ရန်မှာ ဘားရော့၏ တာဝန်ဖြစ်သည်။ ပထမ စစ်တပ်၏ တာဝန် ဝတ္တရားကမူ အရှင်မင်းမြတ် အတွက် နိုင်ပွဲများကို ရယူပေးရန်သာ ဖြစ်လေသည်။

+

သံပုဆိန်နှင့် သူ၏ လူများသည်
ယမ်းမီးခိုးငွေ့များနှင့် ပြည့်နေသော လမ်းမရှည်
တစ်လျှောက် ဖြတ်သန်းလာခဲ့ရာ မကြာမီပင်
မြို့ရင်ပြင် အလယ်သို့ ရောက်လာခဲ့သည်။
ထိုနေရာတွင် ပထမ စစ်တပ်သည်
လက်နက်ချခဲ့သော မှူးမတ်များ အားလုံးကို
ဝန်းရံထားခဲ့သည်။

သံပုဆိန်၏ မျက်လုံးများသည် လုံးဝကို
စုတ်ပြတ်သတ်နေသည့်ပုံ ပေါက်နေသော
သံ့ပန်းများ အပေါ်သို့ ကျရောက်သွားသည်။ သူက
ဘာမှ မပြောနိုင်ခင်မှာပင် မှူးမတ်တစ်ယောက်က
ထရပ်၍ ပြောလိုက်သည်။ "ကျုပ်က

+

လှေပင်လယ်အော်ရဲ့ သခင်ဖြစ်သူ အားလ်ကာစင် ဖြစ်ပါတယ်… ဘုရင်ရိုလန်က ဘယ်မှာလဲ ဆိုတာကို သိခွင့်ရနိုင်မလား"

ဗလင်စီယာသည် ရေများဖြင့် ပတ်လည်ဝိုင်းနေသော ကုန်းမြေတစ်ခု အပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်၍ မှူးမတ်များစွာတို့သည် သူတို့၏ နယ်မြေများကို ပင်လယ်အော်နှင့် ကမ်းခြေများ အဖြစ် အမည်ပေးထားကြသည်။

လှေပင်လယ်အော်သည် ဗလင်စီယာနှင့် ပင်လယ်လေပြင်း ဒေသတို့ အကြားမှ ကျယ်ပြန့်သော ကုန်းမြေတစ်ခု ဖြစ်ကြောင်းကို

+

သံပုဆိန်က ရေးရေးလေး အမှတ်ရနေသည်။ ဤကဲ့သို့သော ဒေသတစ်ခုအား ပိုင်ဆိုင်သော သခင်သည် သူ့လက်အောက်ငယ်သားများ အားကျလေးစားရသည့် အထက်တန်း ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေသင့်ပေသည်။

သို့သော်လည်း ယခုအချိန်၌ ဤသူကောင်းမျိုး၏ ခေါင်းမော့ ရင်ကော့၍ သတ္တိရှိချင် ဟန်ဆောင်နေသည့် အမူအရာသည် သံပုဆိန်၏ အရှေ့တွင် ရယ်ရွှင်ဖွယ် ကောင်းနေခဲ့သည်။
"အရှင်မင်းမြတ်က အရှေ့ပိုင်း ဒေသက ကိစ္စတွေကို ကိုင်တွယ်ဖို့ အမတန်မှ မအားမလပ် ဖြစ်နေလို့ ဒီနေရာကို ကျုပ်နဲ့ အာဏာကုန် လွှဲအပ်ထားခဲ့တယ်" သံပုဆိန်က ပြန်ဖြေလိုက်သည်။

+

"ခင်ဗျားလား" အားလ်ကာစင်က မျက်မှောင်ကြုတ်သွားသည်။

"သူက နောက်နေတာလား... သူက မီးခိုးရောင်ရဲတိုက်က လူတစ်ယောက် မဟုတ်တာ သိသာနေတာပဲ"

"ရိုလန် ဝင်ဘယ်ဒန်က သဲနိုင်ငံက လူတစ်ယောက်ကို သူ့စစ်တပ်ကို ကွပ်ကဲစေခဲ့တာလား"

"ဒီလောက်အထိ ကြီးမားတဲ့ စစ်တပ်ကို သူက ကိုယ်တိုင်ကိုယ်ကျ ဦးမဆောင်လာဘူးလား...

+

သူ့လူတွေက ပြန့်ကျဲ ထွက်ပြေးသွားမှာကို သူက
စိတ်မပူနေဘူးလား"

သံသယ ဝင်နေသူများမှာ လှေပင်လယ်အော် သခင်
တစ်ယောက်သာ မဟုတ်ချေ။ အခြား
မှူးမတ်များကလည်း ဘုရင်အသစ်၏
ဆုံးဖြတ်ချက်အား မေးခွန်းထုတ်နေကြလေသည်။

"အရှင် သံပုဆိန်ဟာ အရှေ့ပိုင်း စစ်မျက်နှာရဲ့
ဦးစီးချုပ် ဖြစ်တယ် ဆိုတာက သံသယဖြစ်ဖွယ်
မရှိပါဘူး... ကျုပ်တို့အားလုံးက
သက်သေခံနိုင်ပါတယ်" ဒုဗိုလ် ဝက်ဝံလက်သည်းက
မအောင့်နိုင်ပဲ အော်ဟစ် ပြောဆိုလိုက်သည်။

+

"အရှေ့ပိုင်း စစ်မျက်နှာပြင်… ဟုတ်လား… ဒါကဘာလဲ" ကာစင်က မေးလိုက်သည်။

"ဒါက အရှေ့ပိုင်း ဒေသကို သိမ်းပိုက်ဖို့ စေလွှတ်လိုက်တဲ့ စစ်တပ်ပဲပေါ့ကွ…"

"ဝက်ဝံလက်သည်း" သံပုဆိန်က စူးရှစွာ ဖြတ်ပြောလိုက်သည်။ ဒုဗိုလ်ကလည်း သူ့အမှားကို ရုတ်ခြည်း သတိပြုမိသွားဟန်ဖြင့် လက်တစ်ဖက်ဖြင့် သူ၏ပါးစပ်အား အလောတကြီး အုပ်လိုက်လေသည်။

လေဒီအက်ဒစ် ပြောသည်မှာ မှန်ပေသည်။ အရှင်မင်းမြတ်သည် သူကောင်းမျိုးများအား

+

သူတို့၏ ကံကြွေးချ စွမ်းအားကို စွန့်လွှတ်စေပြီး
မှူးမတ်စနစ်ကို အပြီးအပိုင်
ဖျက်သိမ်းလိုနေသော်လည်း မှူးမတ်များသည်
လူများအပေါ်၌ လွှမ်းမိုးမှု ရှိနေသေးသည်။

မုဆိုးတစ်ယောက် ဖြစ်ခဲ့ဖူးသော
ဝက်ဝံလက်သည်းသည် ဤမှူးမတ်အုပ်စု
အရှေ့တွင် ကျေးကျွန်ပုံစံ ပေါက်မနေခဲ့သော်လည်း
သူတို့ ဘွဲ့ထူးဂုဏ်ထူးများ၏ လွှမ်းမိုးမှုကို
ခံခဲ့ရသေးသည်မှာ သိသာနေသည်။ မဟုတ်လျှင်
သူသည် ဤကဲ့သို့သော အခြေခံ အမှားအယွင်း
တစ်ခုကို ဘယ်တော့မှ ပြုလုပ်လိမ့်မည် မဟုတ်ချေ။

+

ကြည့်ရသည်မှာ ဤသူကောင်းမျိုးများ အရှေ့တွင် သံပုဆိန် တစ်ယောက်ကသာ ထူးမခြားနား ပုံစံဖြင့် ရှိနေခြင်း ဖြစ်သည်။

သံပုဆိန်က အသံတိုးတိုးဖြင့် ဆက်ပြောလိုက်သည်။ "ခင်ဗျားတို့ ယုံယုံ မယုံယုံ... အမှန်တရားကတော့ ပြောင်းလဲမှာ မဟုတ်ဘူး... မေးခွန်းတွေကို မေးတဲ့သူက ဘာဖြစ်လို့ ခင်ဗျား ဖြစ်နေရတာလဲ... ဗလင်စီယာ မြို့စားက ဘယ်မှာလဲ... သူက အရှေ့ပိုင်း ဒေသကို တာဝန်ယူရတဲ့သူ မဟုတ်ဘူးလား"

"မြို့စားက တိုက်ပွဲအတွင်းမှာ အသက်စွန့်သွားခဲ့ပြီ" ကာစင်က ဝမ်းနည်းနေသည့်ပုံဖြင့် သူ၏ခေါင်းကို

+

ခါလိုက်သည်။ "သူက နိုက်သူရဲကောင်းတွေကို ဦးဆောင်ပြီး ချီတက် တိုက်ခိုက်လိုနေခဲ့တယ်... ကျုပ်တို့က သူ့ကို မဟန့်တားနိုင်ခဲ့ဘူး"

"လက်စသတ်တော့ ကျည်ဆန်ပေါက်တွေနဲ့ ပြည့်နေတဲ့ မြင်းစီးသူက မြို့စားပဲပေါ့" သံပုဆိန်က သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။ "သူက သူရဲကောင်း တစ်ယောက်လို့ ခေါ်ဆိုဖို့ အရည်အချင်း ပြည့်မီပါတယ်" သူက ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားဆဲရှိသေးသော မှူးမတ်များအား ကြည့်ကာ မေးလိုက်သည်။

+

"ဒါပေမဲ့ ငါ့လူတွေက ခုခံခဲ့သူ နှစ်ယောက်သာ ရှိခဲ့တယ်လို့ ပြောခဲ့တယ်... ဒီလိုဆိုတော့ သူတို့ကိုယ် သူတို့ နိုက်သူရဲကောင်းတွေလို့ ပြောခဲ့တဲ့သူတွေက ဘယ်ရောက်သွားကြလဲ... အရှေ့ပိုင်း ဒေသရဲ့ ထိန်းသိမ်း စောင့်ရှောက်သူကို အလုပ်အကျွေးပြုတဲ့ နိုက်သူရဲကောင်းက တစ်ယောက်ပဲ ရှိနေတာလား"

"အင်း... ဒါက... "ကာစင်က ခေတ္တမျှ ဘာပြောရမှန်း မသိ ဖြစ်သွားသည်။

"မင်းကိုယ်မင်း ဒီလိုမျိုး မဆိုင်တာတွေကို လိုက်ပူမနေပါနဲ့... မင်းက စစ်တပ်ရဲ့ အကြီးအကဲ ဆိုတာကို အခု ငါတို့သိပြီမို့ ငါတို့ရဲ့

+

တောင်းဆိုချက်တွေကို မင်းကိုပဲ ပြောတော့မယ်"
နောက်ထပ် သူကောင်းမျိုး တစ်ယောက်က
ရှေ့ထွက်လာ၍ ပြောလိုက်သည်။

"ရိုလန် ဝင်ဘယ်ဒန်က ငါတို့ကို ကိုယ်တိုင်ကိုယ်ကျ
လက်ခံတွေ့ဆုံမှသာ ငါတို့က သူ့ထံမှာ အညံ့ခံပြီးမှ
အလုပ်အကျွေးပြုနိုင်မယ်... ဒါမှမဟုတ် တကယ်လို့
အရှင်မင်းမြတ်က ဒီကို မလာနိုင်လောက်အောင်
အလုပ်များနေရင်လည်း ငါတို့က သူ့ထံကို
ဆက်သားတွေ စေလွှတ်လို့လည်း ရတယ်"

"ခင်ဗျားက..."

+

"ကျုပ်က ဗစ်ကောင့် အရိဘာခ် ဖြစ်တယ်" သူက စိတ်မရှည်စွာဖြင့် ပြောလိုက်သည်။ "အဲ့ဒီ အချိန်အထိ တိုင်အောင် ကျုပ်တို့က ကောင်းမွန်စွာ အဆက်ဆံခံရဖို့ မျှော်လင့်နေပါတယ်... တကယ်လို့ ခင်ဗျားက ပြန်ပေးငွေကို လိုချင်နေတယ် ဆိုရင်တော့ ပမာဏကိုသာ ပြောလိုက်ပါ"

"ဒါပေမဲ့ ခင်ဗျားတို့ ပြုလုပ်ခဲ့တာက နိုင်ငံတော်ကို ပုန်ကန်မှု ဖြစ်တယ်" သံပုဆိန်က ခံစားချက် ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။ "ခင်ဗျားတို့ရဲ့ ဘွဲ့ထူးတွေနဲ့တောင် တရားစီရင်မှုကို ရှောင်လွှဲလို့ရမှာ မဟုတ်ဘူး"

+

"ပထမ… မြို့စား ဝယ်လ်ဆန် ဘာဂါကာသာ ပုန်ကန်မှုကို ကျူးလွန်တဲ့သူ ဖြစ်ပြီး သူက ဒီအတွက် ပေးဆပ်သွားခဲ့ပြီးပြီ… ကျုပ်တို့က ဒီလိုမျိုး ပြုလုပ်ဖို့ တောင်းဆိုခဲ့ကြတာ မဟုတ်တဲ့အတွက် ဥပဒေအရ ကျုပ်တို့ရဲ့ ပြစ်မှုတွေက ဒီလောက်အထိ မကြီးမားဘူး"

"မှန်တယ်… ကျုပ်တို့က သူ့ရဲ့ ကံကြွေးချ အစေအပါးတွေ မဟုတ်ပဲ သူ့ရဲ့ စီရင်ပိုင်ခွင့် နယ်မြေ အတွင်းက လူတွေသာ ဖြစ်ကြတယ်" ကာစင်က သတိပြန်ဝင်လာဟန်ဖြင့် သံယောင်လိုက်လိုက်သည်။

+

"ဒုတိယ… အရှင်မင်းမြတ်ကသာ ကျုပ်တို့ကို
နောက်ဆုံး စီရင်ချက် ချရမယ့်သူ ဖြစ်သင့်တယ်…
ခင်ဗျားက ကျုပ်တို့ကို ခင်ဗျားဘာသာ
ပြစ်ဒဏ်ပေးဖို့ စီစဉ်နေတယ်လို့တော့ မပြောနဲ့နော်"

ရှုံးနိမ့်သွားသော မှူးမတ်များသည် ယခုအချိန်အထိ
လေမလျှော့သေးမှန်းကို မကြာမီပင် သံပုဆိန်က
သဘောပေါက်သွားသည်။ ရိုလန် ဝင်ဘယ်ဒန်က
ဤနေရာသို့ ကိုယ်တိုင်ကိုယ်ကျ မလာခဲ့မှန်းကို
သိသွားခဲ့အပြီးတွင် သူတို့က စေ့စပ်ညှိနှိုင်းရန်
စိတ်သိပ်မပါတော့ချေ။

ရှုံးနိမ့်သွားသောသူများကို အများအားဖြင့်
ဘုရင်ကသာ ပြစ်ဒဏ် ချမှတ်လေ့ ရှိသည်။ သူတို့၏

+

အမြင် အတွင်း၌ ထိုပြစ်ဒဏ်သည် ကြီးကြီးမားမား မဟုတ်ပဲ စီးပွားရေး လုပ်သည်နှင့်သာ တူနေပေသည်။ ယေဘုယျအားဖြင့် လျှော်ကြေး မပေးနိုင်သူသည် အနှိမ်နင်းခံရလေ့ရှိပြီး လျှော်ကြေး ပေးနိုင်သူများက ဒဏ်ငွေဖြင့်သာ လွတ်မြောက်သွားလေ့ရှိကြသည်။

ဤအကြိမ်သည် သူတို့အနေဖြင့် ပထမဆုံး အကြိမ် ရှုံးနိမ့်ခဲ့ခြင်း မဟုတ်နိုင်ပဲ ဘုရင်အား မြိုးမြိုးမြက်မြက် ပြန်ပေးငွေ ပေးလိုက်လျှင် အဆင်ပြေသွားလိမ့်မည်ဟု ထင်နေဟန်တူသည်။

ကံမကောင်းစွာဖြင့် သံပုဆိန် အလုပ်အကျွေး ပြုနေသော ဘုရင်သည် သာမန်လူမျိုး မဟုတ်ခဲ့ပေ။

+

သံပုဆိန်က ပခုံးတွန့်ကာ ပြောလိုက်သည်။ "မင်းပြောတာ မှန်တယ်… ငါ့မှာ အခွင့်အာဏာ မရှိနေဘူး… ဒါပေမဲ့ ဘာပဲပြောပြော မင်းတို့က ပုန်ကန်မှုကို ကျူးလွန်ခဲ့တဲ့ သစ္စာဖောက်တွေ ဖြစ်နေသေးတယ်… ဒီလိုဆိုတော့ အရှင်မင်းမြတ်က ဆုံးဖြတ်ချက် မချခင် ငါက မင်းတို့ကို ထိန်းသိမ်းထားရလိမ့်မယ်"

"ဘယ်လောက်အထိ ကြာမှာလဲ" လေ့ပင်လယ်အော် အားလ်က မရွှင်ပြစွာ ပြောလိုက်သည်။ "ကျုပ်တို့ အရင်က ပြောခဲ့တဲ့ အတိုင်း ခင်ဗျားက ခိုင်လုံတဲ့ သက်သေတစ်ခု မပြနိုင်သရွေ့ ကျုပ်တို့က

+

ဥပဒေအောက်မှာ သစ္စာဖောက်တဲ့ အရာတစ်ခုကိုမှ မကျူးလွန်ခဲ့ဘူး"

"စာပို့ခိုရဲ့ အမြန်နှုန်းအရ အလွန်ဆုံး တစ်လသာ ကြာပါလိမ့်မယ်" သံပုဆိန်က အားလ်၏ ဒုတိယ စာကြောင်းကို တမင်သက်သက် လျစ်လျူရှုထားရင်း ရှားရှားပါးပါး ရယ်မောလိုက်သည်။ "စိတ်ချပါ… ခင်ဗျားတို့ရဲ့ အစားအစာနဲ့ အဝတ်အထည်တို့ကို ခင်ဗျားတို့ ထိုက်တန်တဲ့ စံနှုန်းအတိုင်း ရပါစေမယ်"

………

+

နှစ်ရက်ကြာပြီးနောက် ညဥ့်နက်သန်းခေါင်အချိန်တွင် ဝက်ဝံလက်သည်းက အမောတကောဖြင့် သံပုဆိန်၏ တဲအတွင်းသို့ ပြေးဝင်လာလေသည်။

"တစ်ခုခု ဖြစ်ခဲ့တယ်... သခင်... ရဲတိုက်အကျဥ်းထောင်က မီးလောင်နေပါတယ်"

## စာစဥ် ၅၉ : အပိုင်း ၄

## အပိုင်း ၈၇၄ : အပြစ်ရှိသောသူများ

ရဲတိုက်အနားတွင် သုံး၍ရသော ရေတွင်းများစွာ ရှိနေခဲ့သော်လည်း အစေခံများသည်

+

မီးတောက်များကို ထိန်းချုပ်နိုင်စွမ်း မရှိခဲ့သေးပေ။ မီးသည် ဘာသတိပေးချက်မှ မရပဲ စတင် လောင်ကျွမ်းခဲ့ပြီး အပြင်မှ လူများက တစ်စုံတစ်ခု မှားယွင်းနေသည်ကို သဘောပေါက်သော အခါ ထူထဲသော မီးခိုးလုံးများက အကျဉ်းခန်း အတွင်း တစ်ခုလုံး ပြည့်နေပြီ ဖြစ်ပြီး အတွင်းသို့ ဝင်ကယ်၍ မရနိုင်တော့ချေ။

ပထမ စစ်တပ်သည် ချက်ချင်းပင် ရဲတိုက် အပြင်သို့ ထွက်ပြီးမှ နေရာ တစ်ခုလုံးကို ပိတ်ဆို့ထားလိုက်သည်။ မီးသည် နာရီနှင့် ချီ၍ လောင်ကျွမ်းခဲ့ပြီး မီးခိုးလုံးများ လွင့်ပြယ်သွားသော အချိန်တွင် ယခင်က အတွင်းတွင် ချုပ်နှောင်ထားသော အကျဉ်းသားများက အလောင်းများပင် မကျန်တော့ပေ။

+

ပထမ စစ်တပ်သည် နှောင့်နှေးခြင်း မရှိပဲ အခင်း ဖြစ်ပွားရာ နေရာကို ရှင်းလင်း၍ စုံစမ်း စစ်ဆေးမှုများကို ပြုလုပ်ခဲ့သည်။ စစ်တပ်နှင့် အတူ လိုက်ပါလာသော အရာရှိများသည် ယာယီ မြို့တော်ခန်းမ တစ်ခုကို တည်ဆောက်ခဲ့ကာ ဗလင်စီယာ၏ စီမံခန့်ခွဲမှု ကိစ္စများကို လွှဲပြောင်း ရယူလိုက်လေသည်။

မကြာမီပင် သူတို့သည် မီးလောင်ရခြင်း၏ အကြောင်းရင်းကို စုံစမ်း တွေ့ရှိခဲ့သည်။ ကြွက်တစ်အုပ်စုသည် လျှို့ဝှက်လမ်းကြောင်း တစ်ခုမှ တဆင့် အကျဥ်းထောင် အသွင်းသို့

+

ဝင်ရောက်ကာ ကောက်ရိုးမြက်များကို မီးရှို့ခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် ယခင်က တိုးတက် စည်ပင်ခဲ့သော မြို့တော်အား မြို့ပျက်တစ်ခု ဖြစ်သွားအောင် ပြုလုပ်ခဲ့သည့် မြို့စား ဘာဂါအား မကျေမနပ် ဖြစ်နေကြသည့် အတွက် လက်စား ပြန်ချေခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ဤအရာသည် အရှေ့ပိုင်း ဒေသ၏ အာဏာကို အကြီးအကျယ် ခြိမ်းခြောက်ခဲ့ပြီး ဆောင်းမဲ့မြို့တော်၏ ပထမ စစ်တပ်ကို ပြောင်ကျကျ စိန်ခေါ်ခဲ့သည့် အလွန်အမင်း ဆိုးရွားလှသည့် မီးရှို့မှု တစ်ခုပင် ဖြစ်ပေသည်။

+

စုံစမ်း စစ်ဆေးမှု ရလဒ်များကို ကြေညာခဲ့ခြင်း အပြင် ပထမ စစ်တပ်နှင့် မြို့တော်ခန်းမတို့သည် ကြွက်များကို ရှင်းလင်းရန် မြို့တော် တစ်ခုလုံး အနှံ့ စီမံချက်ချကာ ဆောင်ရွက်ခဲ့သည်။ ဝန်ခံသူများကို သက်ညှာပေးခြင်း၊ ခုခံသူများကို အပြစ်ပေးခြင်း၊ တင်ပြသူများကို ငွေပြားများ ချီးမြှင့်ခြင်း၊ သတင်း ပေးသူများကို ဂုဏ်များ ပေးအပ်ခြင်း အစရှိသဖြင့် ဖြစ်သည်။

ထို့အပြင် မှူးမတ် စံအိမ်များမှ သိမ်းပိုက်ခဲ့သော အစာများကို ဈေးကွက်အတွင်းသို့ ပြန်လည် ထည့်သွင်းခဲ့၍ ဆာလောင် မွတ်သိတ်နေသူများကို ကျွေးမွေးခဲ့ရာ ယခင်က ခြောက်ကပ်နေသော

+

မြို့တော်သည် ယခုအချိန်၌ ပြန်လည် စည်ပင်စပြုလာလေသည်။

ကြွက်များကို နှိမ်နင်းရန် အမိန့်ချမှတ်သည့် ညတွင် ဝက်ဝံလက်သည်းသည် သံပုဆိန်၏ တဲအတွင်းသို့ ထပ်ဖန်တစ်ခါ ဝင်လာခဲ့ပြန်သည်။

"ခေါင်းဆောင်… ကျွန်တော်တို့က
မိသားစုကြီးတွေရဲ့ ရွှေ့ပြောင်းမှု
အရိပ်အယောင်တွေကို မြင်တွေ့ခဲ့ရပါတယ်…
အနောက်ပိုင်း မြို့တံခါးကနေ မြင်းရထား
တစ်ဒါဇင်ကျော်တို့ ထွက်သွားခဲ့ပြီး
ပင်လယ်လေပြင်း ဒေသကို
ဦးတည်သွားခဲ့ပါတယ်… ဒီမြင်းရထားတွေ

+

ချန်ထားခဲ့တဲ့ ဘီးရာတွေက အတောင်လေးကို နက်ရှိုင်းလှတဲ့ အတွက် သူတို့အတွင်းမှာ..."

"ရွှေတွေ... ကျောက်မျက် ရတနာတွေ ပါလိမ့်မယ်" သံပုဆိန်က သူ၏ လက်အတွင်းမှ မင်တံကို ချ၍ ပြောလိုက်သည်။ "ငါက သူတို့ရဲ့ စားနပ်ရိက္ခာတွေကိုသာ ယူမှာဖြစ်ပြီး ကျန်တဲ့ အရာတွေကို သူတို့ စိတ်ကြိုက် ယူသွားနိုင်တယ်လို့ အစကတည်းက ပြောခဲ့ပြီးသားပဲ"

မှူးမတ်များ၏ အလောတကြီး ထွက်ခွာသွားမှုကို ကြားရသော အခါ စစ်ဦးစီးချုပ်က လုံးဝ အံ့အားသင့်သွားသည့်ပုံ မပေါက်ခဲ့ပေ။

+

အကျဉ်းထောင်က မီးလောင်သွားသည့် အချိန်ကတည်းက ပထမ စစ်တပ်နှင့် မှူးမတ်တို့ အကြားမှ ယုံကြည်မှုက ကျိုးပဲ့ ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ သူတို့ အမြင်၌ ဤနေရာမှ ယခုချက်ချင်း ထွက်ပြေးသွားခြင်းသည် အသက်ရှင်နိုင်ရန် တစ်ခုတည်းသော နည်းလမ်း ဖြစ်နေတော့သည်။

မှူးမတ် မိသားစု တစ်ခုသည် သူ၏ သခင်နှင့် နိုက်သူရဲကောင်း အချို့အား ဆုံးရှုံးမှုအား ခံနိုင်ရည် ရှိနေသည်။ အဘယ်ကြောင့် ဆိုသော် ဘွဲ့ထူးကို အမွေဆက်ခံခွင့် ရှိပြီး နိုက်သူရဲကောင်းများကို ပြန်လည် စုဆောင်းနိုင်သေးသောကြောင့် ဖြစ်သည်။ သို့သော်လည်း သူတို့တွင် ပထမ စစ်တပ်ကို တိုက်ရိုက် ထိပ်တိုက်ရင်ဆိုင်ရန် သတ္တိက ပျောက်ဆုံးသွားခဲ့လေပြီ။

+

မှူးမတ် မိသားစုများသည် ဤနေရာတွင်သာ ဖက်တွယ်နေ၍ သူတို့၏ ပျက်စီး ဆုံးရှုံးမှုကို စောင့်နေမည့်အစား လက်ကျန် မိသားစုဝင်များ၊ အစေခံများနှင့် ပစ္စည်း ဥစ္စာတို့အား စုစည်းကာ အခွင့်အရေး အသစ်များကို ရှာဖွေရန် တစ်နေရာသို့သာ သွားနေလိုတော့သည်။ နယ်မြေများက အမတန်မှ အရေးကြီးသော်လည်း အသက်များကို ပို၍ တန်ဖိုးထားရပေလိမ့်မည်။

ထို့အပြင် စစ်ပွဲအတွက် ပြင်ဆင်ရန် ဝယ်လ်ဆန်ဘာဂါသည် အနီးအနားမှ အရင်းအမြစ် များကို ဗလင်စီယာသို့ စုစည်းခဲ့သည့် ဘေးပတ်ပတ်လည်မှ နယ်မြေများသည် မူလအတိုင်း ပြန်လည်

+

ကောင်းမွန်လာရန် အနည်းဆုံး နှစ်နှစ် သုံးနှစ်ခန့် ပင်ပင်ပန်းပန်း ပြန်လည် ပြုပြင်ရမည် ဖြစ်လေသည်။

မဟုတ်လျှင်လည်း ဤမှုုးမတ်များသည် အမြီးကုတ်၍ စောစောစီးစီး ထွက်ပြေးရန် ဆုံးဖြတ်ကြလိမ့်မည် မဟုတ်ချေ။

"ခေါင်းဆောင်... ကျွန်တော့်မှာ မေးခွန်းတစ်ခု ရှိသေးတယ်" ဝက်ဝံလက်သည်းသည် ခေတ္တမျှ ရပ်လိုက်ပြီး စကားမပြောနိုင် ဖြစ်နေခဲ့သည်။ တိုက်ရိုက်တဲ့တိုး ပြောတတ်သည့် ဒုဗိုလ်အတွက် ဤအဖြစ်သည် မြင်ရခဲလှပေသည်။

+

"မေးပါ" သံပုဆိန်က လေးနက်စွာဖြင့်
ပြောလိုက်သည်။

"အကျဉ်းထောင်ကို မီးရှို့ခဲ့တာ
ခေါင်းဆောင်လက်ချက် မဟုတ်လား"
ဝက်ဝံလက်သည်းသည် အချိန် အတန်ကြာ
ချီတုံချတုံ ဖြစ်နေပြီးမှ အသံတိုးတိုးဖြင့်
မေးလိုက်လေသည်။

"မင်းက ဘာကြောင့်ဒီလို ထင်ခဲ့ရတာလဲ"

"လျှို့ဝှက် လှိုဏ်ခေါင်းဟာ သံတံခါးနဲ့
ပိတ်ဆို့ထားတာ ဖြစ်ပြီး ကြွက်တွေရဲ့
အစွမ်းသက်သက်နဲ့ ဖွင့်နိုင်ဖို့ မလွယ်ဘူး... ဒါ့အပြင်

+

ကင်းစောင့်တာဝန် ကျနေတဲ့ ငါတို့ရဲ့ ညီအစ်ကိုတွေက မီးလာရှို့တဲ့သူတွေကို လုံးဝ သတိမမူမိအောင် ပေါ့လျော့နေကြမှာ မဟုတ်ဘူး"

"ငါက အကျဉ်းထောင်ကို စစ်ဆေးကြည့်တော့ လောင်ကျွမ်းထားတဲ့ အရာတွေ အရ မီးဟာ အကျဉ်းခန်း အတွင်းထက် စာရင် စက္ကြဲန်လမ်းမှာ စလောင်ခဲ့တာနဲ့ တူနေတယ်… နောက်ဆုံးမှာ လောင်ကျွမ်း ပျက်စီးခဲ့တဲ့ အရာတွေကို အကဲခတ်ရရင် မီးတောက်တွေက ဆီတွေနဲ့ လောင်စာပေးထားတာနဲ့ တူနေခဲ့တယ်"

"မင်းပြောတာ မှန်တယ်… မီးကို ငါ့အမိန့်နဲ့ ရှို့ခဲ့တာပဲ" သံပုဆိန်က ခေါင်းညိတ်လိုက်သည်။

+

သူ့ခေါင်းဆောင်၏ ပွင့်ပွင့်လင်းလင်း
ဝန်ခံလိုက်မှုကြောင့် အံ့သြ တုန်လှုပ်သွားခဲ့သည့်
ဝက်ဝံလက်သည်းသည် ခေတ္တ
မှင်သက်သွားပြီးမှသာ အသံထွက်နိုင်ခဲ့တော့သည်။
"ဘာဖြစ်လို့လဲ"

"ဒီလိုမျိုး ကိစ္စတွေကို ငါကပဲ ကိုင်တွယ်လိုက်ရင်
ပိုကောင်းမယ်လို့ ထင်နေလို့ ဖြစ်တယ်…
လူများများ ပိုသိလေလေ အကြံအစည်က
မှားယွင်းသွားဖို့ အခွင့်အရေး ပိုများလေလေပဲ"

+

"ငါက ဒါကို ဆိုလိုနေတာ မဟုတ်ဘူး" ဒုဗိုလ်က သူ၏ခေါင်းကို ခါလိုက်သည်။ "ငါဆိုလိုနေတာက... သူတို့ဟာ အညှံ့ခံခဲ့ပြီးသား မဟုတ်လား"

"ငါသိပြီ" သံပုဆိန်က ခေတ္တမျှ စဥ်းစားခဲ့ပြီးမှ ပြောလိုက်သည်။ "ပွင့်ပွင့်လင်းလင်း ပြောရရင် သူတို့က လိုလိုလားလား အညှံ့ခံခဲ့သလား ဆိုတာကို စစ်ဆေးဖို့ ငါ့မှာ အချိန်မရှိသလို အရှင်မင်းမြတ်ကလည်း တစ်ယောက်ချင်း ဆုံးဖြတ်နေဖို့ အချိန်မရှိဘူး... ဒါကြောင့်မို့ အရှင်မင်းမြတ်က ငါ့ကို ဆောင်းမဲ့မြို့တော်က မထွက်ခင် အရှေ့ပိုင်း စစ်မျက်နှာကို အာဏာကုန် လွှဲပေးခဲ့တာပဲ"

+

"ဒါပေမဲ့..."

"တရားစစ်ဆေးခြင်း မရှိပဲ စီရင်ချက်ချခဲ့ခြင်းဟာ အပြစ်ကင်းမဲ့သူတွေကိုပါ သေစေနိုင်ခဲ့တယ်လို့ မင်းက ပြောချင်နေတာမလား" သံပုဆိန်က သူ၏ ဒုဗိုလ်အား စားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ကမ်းပေးပြီးမှ ပြောလိုက်သည်။ "ဒါကို ကြည့်စမ်းပါဦး"

"ဒါက... လူဦးရေ စစ်တမ်းတစ်ခု မဟုတ်လား"

"ဟုတ်တယ်... ငါတို့က ဒါကို စာကြည့်တိုက် အတွင်းမှာ တွေ့ခဲ့တာပဲ" ခေါင်းဆောင်က ခေါင်းညိတ်လိုက်သည်။ "လွန်ခဲ့တဲ့ ငါးနှစ်က

+

ဗလင်စီယာနဲ့ အနီးအနား ဒေသတွေမှာ လူဦးရေ နှစ်သိန်းနှစ်သောင်း နေခဲ့ကြပြီး အရှေ့ပိုင်း ဒေသရဲ့ အစည်ကားဆုံး နေရာတစ်ခု ဖြစ်တယ်"

"ဒါပေမဲ့ ဒီတစ်နှစ်မှာ လူဦးရေက ခြောက်သောင်းလောက်ပဲ ကျန်တော့တယ်… ငါတို့ အရှေ့ပိုင်း ဒေသက လက်ခံခဲ့တဲ့ ဒုက္ခသည်တွေက သုံးလေးသောင်းလောက်သာ ရှိနေတယ်… တကယ်လို့ လေးသောင်းဆိုပြီး သတ်မှတ်ခဲ့ရင် လူဦးရေ တိုးတက်လာတာကို ထည့်မတွက်ခဲ့ရင်တောင် ကွာဟမှုက တစ်သိန်းနှစ်သောင်းလောက် ရှိနေတယ်… ဒါရဲ့ အကြောင်းရင်းကို မင်းကလည်း သိနေမယ်လို့ ငါက ယုံကြည်နေတယ်"

+

ဝက်ဝံလက်သည်းက ပင့်သက်ရှိုက်လိုက်သည်။
"ရေကြီးမှုကြောင့် ပျက်စီးသွားတဲ့
လယ်မြေတွေက..."

"ပြီးတော့ သူတို့ဟာ ဗလင်စီယာကို
မမှတ်မိနိုင်လောက်အောင် ဖျက်ဆီးခဲ့တယ်"
သံပုဆိန်က ထရပ်လိုက်ကာ သူ၏ လက်များကို
ကျောနောက်တွင် ပစ်ထားရင်း ဖယောင်းတိုင်ထံသို့
လျှောက်သွားလိုက်သည်။

"ဝယ်လ်ဆန်က အနီးအနားက လူတွေအားလုံးကို
သူ့အတွက် အလုပ်လုပ်ပေးဖို့ ခေါ်ခဲ့တယ်...
သူတို့က လမ်းတွေ ပိတ်ဆို့ဖို့နဲ့ မြို့ရိုးကို

+

အားဖြည့်တည်ဆောက်ဖို့ အခိုင်းစေခံခဲ့ရတာပဲ…
သူတစ်ယောက်တည်းက ဒီလောက်အထိ
အာဏာရှိမှာ မဟုတ်ပဲ တခြား မျိုးမတ်တွေရဲ့
ထောက်ခံမှုခံရမှာသာ ဖြစ်နိုင်လိမ့်မယ်"

"ပြီးတာနဲ့ လူဦးရေက ကြီးမားစွာ
လျော့နည်းသွားပြီး ကုန်သွယ်မှုကလည်း
ထိုးကျသွားကာ သီးနှံတွေကိုလည်း စိုက်ပျိုးနိုင်ခြင်း
မရှိတော့ဘူး… အခြား စကားလုံးနဲ့ ပြောရရင်
ဒီမျိုးမတ်တွေက မြို့စားရဲ့ ကြံရာပါတွေပဲ…
အရှင်မင်းမြတ်က သူတို့ရဲ့ ပူးပေါင်း ဆောင်ရွက်မှုကို
လက်ခံမယ်လို့ မင်းက ထင်နေသေးသလား"

+

ဝက်ဝံလက်သည်းသည် ဤအချိန်၌ အံ့သြ
နှုတ်ဆိတ်သွားခဲ့လေသည်။

"ဒါပေမဲ့ သူတို့က အပြစ်ကင်းစင်တယ်လို့
ဆိုခဲ့ကြတာက လိမ်ညာနေတာတော့ မဟုတ်ဘူး"
သံပုဆိန်က ဆက်ပြောလိုက်သည်။ "ဘာဖြစ်လို့လဲ
ဆိုတော့ သူတို့ရဲ့ အမြင်အရ သူတို့ လုပ်ခဲ့တာက
ဘာကိစ္စမှ မရှိနေဘူး"

"လယ်မြေတွေ တစ်ဝက်လောက်
ပျက်စီးသွားရင်တောင် သူတို့ရဲ့ စံအိမ်တွေမှာ
စားနပ်ရိက္ခာတွေ အပြည့် ရှိနေသေးတယ်...
ဘာပဲပြောပြော အသေအချာ သိမ်းဆည်းထားရင်
အသားတွေဟာ ဂျုံထက် ပိုကြာကြာခံနိုင်တယ်"

+

ဝက်ဝံလက်သည်း၏ မျက်လုံး သူငယ်အိမ်များက ရုတ်တရက် ကျဉ်းမြောင်းသွားခဲ့သည်။

"အတိုချုံးပြီးမှ ပြောရရင် သူတို့ လုပ်ခဲ့တာဟာ အရှင်မင်းမြတ်ရဲ့ အစီအစဉ်ကို ကြီးမားစွာ အနှောင့်အယှက် ဖြစ်စေခဲ့တယ်... ငါတို့ရဲ့ ဘုရင်ဟာ လူဦးရေကို အခြား အရင်းအမြစ်တွေထက် အများကြီး ပိုပြီးမှ တန်ဖိုးထားပြီး သူတို့ဟာ လူသား အရင်းအမြစ်တွေကို အလဟဿ ဖြုန်းတီးပစ်ခဲ့တယ်"

+

"တကယ်လို့ ငါတို့မှာ စိန်ပြောင်းတွေ ပါမလာခဲ့ရင် တိုက်ပွဲက ဘယ်လို ဖြစ်သွားမလဲ ဆိုတာကို မင်းမှန်းဆလို့ရမလား... မြေပြင်ပစ် အမြောက်တွေကို ရွှံ့ထဲမှာ သယ်ယူရတာ ဘယ်လောက်ခက်သလဲ ဆိုတာကို ခန့်မှန်းကြည့်ပါ... ဒီလိုဆိုတော့ ငါတို့က မြို့အတွင်းကို တရကြမ်း ဝင်တိုက်ရင်တိုက် မတိုက်ရင် ရေရှည် အချိန်ဆွဲပြီးမှ တိုက်ရတော့မယ်"

"တကယ်လို့ ငါတို့က ကြိုတင်ပြင်ဆင်လာခြင်း မရှိခဲ့ရင် ဒီမှူးမတ်တွေက သူတို့မှာ ရှိတဲ့လူ မကုန်မချင်း အရှုံးပေးကြမှာ မဟုတ်ဘူး"
သံပုဆိန်က နောက်ပြန်လှည့်လိုက်သည်။
"နောက်ထပ် မေးခွန်း ရှိသေးသလား"

+

ဝက်ဝံလက်သည်းက အချိန် အတန်ကြာသည် အထိ ခေါင်းငုံ့နေခဲ့ပြီးမှ ပြန်မော့လာခဲ့သည်။
"မင်းပြောတာ မှန်တယ်... သူတို့ကို ဒီအတိုင်း မီးရှို့သတ်ခဲ့တာက သိပ်ညှာတာရာ ကျလွန်းနေပြီ... ဒါပေမဲ့ အရှင်မင်းမြတ်က ဒီလိုမျိုး အမိန့် အတိအကျ ပေးခဲ့တာ မဟုတ်ပဲ တကယ်လို့ သူက ဒီအကြောင်းကို ကြားခဲ့ပြီးရင်..."

"တကယ်လို့ ဆိုတာက ဘာကို ဆိုလိုနေတာလဲ"
သံပုဆိန်က သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။
"ငါက ဒီသတင်းကို ဘုရင်ထံ တင်ပြရာမှာ ထိန်ချန်ထားမယ်လို့ မင်းက ထင်နေတာလား... ငါက ဗလင်စီယာမှာ ဖြစ်ပျက်ခဲ့သမျှ

+

အရာအားလုံးကို တင်ပြချက် အတွင်းမှာ ထည့်သွင်း ရေးသားခဲ့ပြီးပြီ... ရလဒ်က ဘာပဲဖြစ်ဖြစ် ငါက တာဝန်အပြည့်ယူမှာ ဖြစ်တယ်"

## စာစဥ် ၅၉ : အပိုင်း ၅

## အပိုင်း ၈၇၅ : ဘက်မလိုက်သော သမိုင်း

ဗလင်စီယာတွင် ဘေးလ်မျှော်လင့်ထားသော ရှန်းရှင်းဆန်ခတ်မှုများ ဖြစ်ပေါ်မလာခဲ့ပဲ အခြေအနေသည် သူမှန်းဆထားသည်နှင့် များစွာ ကွာခြားနေခဲ့သည်။

+

သခင်များစွာတို့အတွက် စာရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် မြို့ရိုး ကျိုးပေါက်သွားခြင်းက ဘာကို ဆိုလိုနေမှန်းကို သူက သိနေပေသည်။ ကျူးကျော် ဝင်ရောက်လာသူများက နိုက်သူရဲကောင်းများ ဖြစ်စေ၊ လူရမ်းကားများ ဖြစ်စေ၊ ပင်လယ်ဓားပြများ ဖြစ်စေ လုယက်တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ကစဉ့်ကလျား ဖြစ်ခြင်းများကိုသာ မြင်နိုင်ခဲ့သည်။ အရှင်မင်းမြတ် တင်မိုသီ လာခဲ့စဉ်နှင့် မြို့စားအသစ် တက်လာခဲ့စဉ်ကလည်း အလားတူပင် ဖြစ်သည်။

ကျူးကျော် ဝင်ရောက်လာသူများ အတွက် မြို့တော်၏ စားနပ်ရိက္ခာနှင့် စည်းစိမ်ဥစ္စာတို့သည် အကောင်းဆုံး ဆုလာဘ်များ ဖြစ်ကြသည်။ မှူးမတ်များက သာမန်လူများထက် အထက်တန်း

+

ကျစွာ မွေးဖွားလာသကဲ့သို့ပင် ဤအရာက ထုံးတမ်းစဥ်လာ အတိုင်း ဖြစ်နေခဲ့သည်။

ဤအရာကို သမိုင်း စာအုပ်များ အတွင်းတွင် အကြိမ်ပေါင်းများစွာ ရေးမှတ်ထားကာ မပြောင်းလဲခဲ့ပေ။

သို့သော်လည်း ဤအချိန်၌ အခြေအနေက လုံးဝကို ကွဲပြားခြားနားနေခဲ့သည်။ ရိုလန်၏ စစ်တပ်သည် မြို့တွင်းမှ လူများ၏ အသက်ကို ချမ်းသာပေးခဲ့ရုံသာ မက သူတို့အား စိတ်သက်သာရာ ရစေရန် နှစ်သိမ့်ပေးခဲ့သေးသည်။ မြို့စား၏ ရဲတိုက်အတွင်းတွင် တွေ့ခဲ့ရသော ဂျုံများကို

+

အုတ်ဂူမျှား အဖြစ် ချက်ပြုတ်ကာ
ဆာလောင်နေသော သူမျှားကို ဝေငှပေးခဲ့သည်။

မြို့ရင်ပြင်၌လည်း အလုပ်ခေါ်စာ မျှားစွာတို့ကို
ချိတ်ဆွဲထားကာ လုပ်ကိုင်လိုသူမျှားသည်
အစာသာမက လစာကိုပါ ရနိုင်မည် ဖြစ်လေသည်။
ရိုလန်၏ စစ်သားမျှားသည် သူတို့ပိုင်ဆိုင်သည့်
အရာမျှားကို သူတို့ သိပင်မသိသည့် လူမျှားအား
ဝေငှပေးရခြင်းကို ဘာမှ
သဘောမထားလေသလော။ မင်းသားရိုလန်သည်
သူ၏ ဘဏ္ဍာတိုက်ကို လက်ဖွာဖွာဖြင့် ဖြုန်းတီးရန်
အတွက်သာ ဗလင်စီယာ အထိ
ချီတက်တိုက်ခိုက်ခဲ့လေသလော။

+

ဘေးလ်သည် မည်သည့် သမိုင်းမှတ်တမ်း အတွင်းမှ ဤကဲ့သို့သော အပြုအမူမျိုးကို မဖတ်ခဲ့ဖူးပေ။

သို့သော်လည်း ဤအရာများသည် စာရေးအား အံ့အားသင့်စေရုံသာ ရှိသေးပြီး သူ့ကို အမှန်တကယ် ကြောက်ရွံ့စေသည့် အရာတစ်ခုက အမှန်ပင် ရှိနေသေးသည်။

ထိုအရာသည် လွန်ခဲ့သော ရက်အနည်းငယ်က လောင်ကျွမ်းခဲ့သော ရဲတိုက်အတွင်းမှ မီးပင်ဖြစ်သည်။

ထိုမီးကို ကြွက်များက ရှို့ခဲ့ခြင်း ဖြစ်သည်ဆိုသော ကောလာဟလတွင် ဟာကွက်များစွာ ရှိနေသည်။

+

ဘေးလ်သည် မြို့စားသုံးဆက်တိုင်တိုင် အလုပ်လုပ်ခဲ့ပြီး ရဲတိုက်အတွင်းတွင် နှစ်ပေါင်းနှစ်ဆယ်ကျော် နေခဲ့ဖူးသော်လည်း လျှို့ဝှက်လမ်းကြောင်း ဝင်ပေါက်ဆိုသည်ကို တစ်ခါမှ မတွေ့ဖူးပေ။

သေရေးရှင်ရေးနှင့် ပတ်သတ်သော ကိစ္စတစ်ခု ဖြစ်သဖြင့် ဤလမ်းကြောင်းကို လျှို့ဝှက်လုံခြုံစွာ ထားခဲ့ပြီး အပြင်လူများ မပြောနှင့် အတွင်းလူများကပင် အလွယ်တကူ ရှာဖွေနိုင်မည် မဟုတ်ချေ။ အကယ်၍ ကြွက်များတွင် ဤကဲ့သို့သော အရာကို ထုတ်ဖော်နိုင်သည့် စွမ်းရည် ရှိနေပါက အစကတည်းက နိမ့်ကျသော မြေအောက်ကြွက် ဖြစ်နေလိမ့်မည် မဟုတ်ချေ။

+

ဤမီးသည် ရိုလန်၏ လူများ ရှို့ခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။

ထိုအရာကို သဘောပေါက်သွားသော အခါ ဘေးလ်၏ ရင်အတွင်းတွင် ဆုပ်ညှစ်ခြင်း ခံထားရသကဲ့သို့ ခံစားနေရသည်။

ပထမဆုံး အကြိမ်အဖြစ် မှူးမတ်များသည် သာမန်လူများထက် ပို၍ အရေးမပါတော့ပဲ သူတို့၏ အသက်များသည် မြို့ရိုး အတွင်းမှ လူများ၏ အသက်များနှင့် တန်ဖိုး တူညီသွားကာ ဘာအာမခံချက်မှ မရှိတော့ပေ။

+

ထို့အပြင် ပို၍ပင် အန္တရာယ် ရှိနေသေးသည်။

ဤအချက်ကို ရိပ်စားမိသော
မိသားစုကြီးများကလည်း ရိုလန်၏ ဖမ်းဆီးခြင်းကို
မခံရခင်တွင် လျှင်မြန်စွာ တုံ့ပြန်ခဲ့ကြကာ
ဗလင်စီယာမှ ထွက်ပြေးသွားခဲ့ကြသည်။ သူတို့သည်
မီးခိုးရောင် ရဲတိုက် နိုင်ငံ၏ ပြင်ပသို့ပင်
ထွက်သွားကြမည်နှင့် တူသည်။

သို့ဖြစ်၍ နောက်တစ်ဆင့် ဘာဖြစ်လာနိုင်သနည်း။

သူ့အပေါ်၌လည်း ဤကဲ့သို့ တစ်စုံတစ်ခု
ဖြစ်ပျက်လာနိုင်သလော။

+

ပြီးခဲ့သော ရက်အနည်းငယ် အတွင်းတွင် စာရေးသည့် ဆံပင်များ ပိုကျွတ်လာပြီး သူ၏ထိပ်က ပိုပြောင်လာလေသည်။

လွန်ခဲ့သော ဆယ်နှစ်အတွင်းတွင် သူသည် ဘွဲ့ထူးမရှိသော မှူးမတ်တစ်ယောက် သို့မဟုတ် ပို၍ တိကျစွာ ပြောရလျှင် မှူးမတ်တစ်ယောက်နှင့် အနီးကပ်ဆုံး အရပ်သားဟု ခေါ်ဆိုခြင်း ခံခဲ့ရသဖြင့် သူ၏ ထိတ်လန့်မှုများမှာ အကြောင်းရင်း မရှိပဲ ဖြစ်ခဲ့သည် မဟုတ်ပေ။

သူသည် သခင်များစွာတို့အား အလုပ်အကျွေး ပြုခဲ့ဖူးပြီး ဗဟုသုတနှင့် အတွေ့အကြုံများစွာ ကြွယ်ဝကာ သာမန်လူများထက် စာအုပ်များစွာ

+

ဖတ်ခဲ့ဖူးသည်။ ထို့ကြောင့်ပင် ဂါစီယာ၏ လုယက်ဖျက်ဆီးခြင်းနှင့် အရှေ့ပိုင်း ဒေသ၏ စွမ်းအား အပြောင်းအလဲတို့တွင် သူက လုံခြုံစွာ အသက်ရှင်ကျန်နိုင်ခဲ့ခြင်း ဖြစ်သည်။

မြို့တွင်းမှ လူအများသည် လယ်ကွင်းမှ ကောက်ရိုးများ အဖြတ်တောက်ခံခဲ့ရသကဲ့သို့ သတ်ဖြတ်ခြင်း ခံခဲ့ရသည့် အချိန်၌ပင် သူသည် ဤအဖြစ်များကို လေ့လာနေရင်း အသေအချာ မှတ်တမ်းတင်နိုင်ခဲ့သည်။

သို့သော်လည်း ယခုအချိန်၌ သူသည် အိပ်ရမည်ကိုပင် ကြောက်ရွံ့နေခဲ့ပေပြီ။

+

အစွမ်းထက်သော စစ်တပ်သည် ယခုအချိန်၌ မှူးမတ် မဟုတ်သော သူများနှင့် မိသားစုကြီးများ အပေါ်တွင် မလှုပ်ရှားခဲ့သေးသော်လည်း အနာဂတ်တွင် ဘာမှမလုပ်ဟု မည်သူမှ အာမမခံနိုင်ပေ။

သူသည် ဘာပဲပြောပြော သာမန်လူ တစ်ယောက်သာ ဖြစ်နေသေး၍ ထိုမိသားစုများအား သူ့ကို တပါတည်း ခေါ်သွားပေးရန် မတောင်းဆိုနိုင်ပေ။ သို့သော်လည်း သူသည် ဒီအတိုင်းလည်း ထိုင်မစောင့်နေနိုင်ပဲ တစ်စုံတစ်ခု ပြုလုပ်ရန် လိုနေမှန်း ခံစားနေရသည်။

+

ယိမ်းယိုင် လှုပ်ရှားနေသော
ဖယောင်းတိုင်အောက်တွင် စာရေး၏ အကြည့်သည်
ဗလင်စီယာ၏ မပြီးပြတ်သေးသော သမိုင်းစာအုပ်
အပေါ်သို့ ကျရောက်သွားလေသည်။

သူရေးသားခဲ့သော အရာများ အကြောင်းကို
စဥ်းစားမိသော အခါ ဘေးလ်သည် မအောင့်နိုင်ပဲ
ကျောရိုးအတွင်းမှ စိမ့်ကနဲ ခံစားမိခဲ့သည်။

မှန်သည်၊ သူက မေ့လုနီးပါး ဖြစ်သွားခဲ့သည်။

သူသည် နောက်ဆုံး စာမျက်နှာအား လျင်မြန်စွာ
ဖွင့်၍ အစိတ်စိတ် အမွှာမွှာ ဖြစ်အောင်

+

ဆွဲဖြဲလိုက်ပြီး တစ်စချင်းစီက ပြာများအဖြစ်
ပြောင်းသွားသည် အထိ မီးရှို့ပစ်ခဲ့လေသည်။

မဟုတ်သေး၊ ဤမျှနှင့်ပင် မလုံလောက်နိုင်သေးချေ။

ဘေးလ်သည် အချိန် အနည်းငယ်မျှ
စဥ်းစားခဲ့ပြီးနောက် ငှက်တောင်တစ်ခုအား
ယူလိုက်ကာ စတင် ရေးသားရန်
ပြင်ဆင်လိုက်သည်။

"နောက်ဆက်တွဲ အကျိုးဆက်က ဘာတွေပဲ
ဖြစ်ခဲ့ပါစေ မင်းက အမှန်တရားကို
မှတ်တမ်းတင်ရမယ်... နားလည်သလား" မြို့စား

+

ဝယ်လ်ဆန်၏ စကားများသည် သူ၏ စိတ်အတွင်း၌ ပဲ့တင်ရိုက်နေဆဲ ရှိသေးသည်။

မှန်သည်၊ သူက ယခုအချိန်၌ပင် အမှန်တရားကို မှတ်တမ်းတင်ရမည် ဖြစ်သည်။

ဤအရာက စာရေးတစ်ယောက်၏ တာဝန်ပင် ဖြစ်လေသည်။

သို့သော်လည်း ဤကမ္ဘာ အတွင်းတွင် အကြွင်းမဲ့ ဘက်မလိုက်သော အရာဟူ၍ မရှိချေ။ ယခုအချိန်၌ သူသည် ရိုလန် အုပ်ချုပ်နေသော မြို့တော်အတွင်းတွင် နေထိုင်နေခြင်း ဖြစ်သဖြင့် အနည်းငယ် ဘက်လိုက် ရေးသားခဲ့လျှင်လည်း

+

ဘာမှ မထူးဆန်းပေ။ အမှန်အတိုင်း ပြောရလျှင် ဤအရာသည် ဘက်မလိုက်ခြင်း၏ အစိတ်အပိုင်း တစ်ခုသာ ဖြစ်ပေသည်။

ဘေးလ်သည် အသက်ပြင်းပြင်း တစ်ချက်ရှူ၍ စတင် ရေးသားလိုက်လေသည်။

"ကြီးမြတ်သော ဘုရင် ရိုလန် ဝင်ဘယ်ဒန် စေလွှတ်ခဲ့တဲ့ သံအမတ်ဟာ ဗလင်စီယာ ရွှေမြို့တော်ကို ဒီကနေ့မှာ ရောက်ရှိလာခဲ့ပါတယ်"

*********

+

မြစ်နီမြို့ပြင်ရှိ ပထမ စစ်တပ်၏ စခန်းအတွင်း၌။

"အရှင်မင်းမြတ်... အရှေ့ပိုင်း ဒေသက လျှို့ဝှက်စာ တစ်စောင် ရောက်လာပါတယ်"

နိုက်တင်ဂေးသည် မီးခိုးရောင် သိမ်းငှက်ငယ် တစ်ကောင်ကို ကိုင်ထားရင်း မြူခိုးငွေ့ အတွင်းမှ ခုန်ထွက်လာခဲ့သည်။ သိမ်းငှက်ငယ်သည် ရိုလန်ထံသို့ ခြေသည်းများကို ထိုးပေးနေရင်း စာက အလွန် လေးလံသည်ဟု မကျေမနပ် ညည်းတွား ပြောဆိုနေသည့် အလား အသံပြုနေလေသည်။

သူ၏ ခြေသည်းများတွင် စာခြောက်စောင် ချည်နှောင်ထားပြီး ခြေထောက် တစ်ခုလုံးကိုပင်

+

ဖုံးလွှမ်းလုနီးပါး ဖြစ်နေခဲ့သည်။ နိုက်တင်ဂေးက သူ့အား ငါးခြောက်တစ်ပိုင်း ပစ်ပေးလိုက်မှသာ စာပို့ခိုက နောက်ဆုံးတွင် ငြိမ်သက်သွားခဲ့သည်။

အင်း၊ ဤအရာကို လျှို့ဝှက်စာ တစ်စောင်ဟု ပြော၍ မရနိုင်တော့ချေ။

ရိုလန်သည် သိပ်သည်းစွာ ရေးသားထားသော မှတ်စု စာရွက်များကို တစ်ရွက်ပြီး တစ်ရွက် လျင်မြန်စွာ ဖွင့်ကြည့်လိုက်သည်။ သူတို့အား သံပုဆိန်က ပို့လိုက်ခြင်း ဖြစ်ပြီး စစ်ပွဲနောက်ပိုင်း အခြေအနေများကို အကျဉ်းချုပ်၍ အဓိက တင်ပြထားခြင်း ဖြစ်သည်။

+

ပထမ အပိုင်းသည် သူမျှော်လင့်ထားသည့် အတိုင်း ဖြစ်သည်။ အရှေ့ပိုင်း စစ်မျက်နှာမှ စစ်တပ်သည် ဗလင်စီယာအား အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သည်။ တိုက်ပွဲအတွင်းတွင် စိန်ပြောင်း၏ အကျိုးသက်ရောက်မှုသည် အလွန် သိသာ ထင်ရှားလှသည်။ အဝေးပစ် အမြောက်၏ ပစ်ခတ်နိုင်စွမ်းနှင့် ရင်ဆိုင်ခဲ့ရသော အခါ ရန်သူများ အနေဖြင့် ပြန်လည် တိုက်ခိုက်နိုင်စွမ်း မရှိခဲ့ပေ။

သို့သော်လည်း ဒုတိယ အပိုင်းကို ဖတ်ခဲ့ရသည့် အခါ ရိုလန်က အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

"ဘာဖြစ်တာလဲ... တစ်ခုခု မှားနေလို့လား" နိုက်တင်ဂေးက မေးလိုက်သည်။

+

"အင်း… ပြဿနာတော့ မဟုတ်ပါဘူး… နည်းနည်းလေး ထူးဆန်းနေလို့ပါ" သူက နံပါတ်ငါး စာရွက်ကို သူမအား လှမ်းပေးလိုက်သည်။ "ဒီနေရာကို ကြည့်လိုက်"

"မှုံးမတ်တွေ ချုပ်နှောင်ထားတဲ့ အကျဉ်းထောင်ကို မီးရှို့လိုက်တယ်" နိုက်တင်ဂေးက တစ်ချက် ကြည့်လိုက်ရုံဖြင့် အဓိက အချက်ကို တွေ့ရှိသွားသည်။ "ဒါက အရှင့်ရဲ့ အမိန့် မဟုတ်ဘူးမလား"

+

ရိုလန်က သူ၏ခေါင်းကို ခါလိုက်သည်။
"မဟုတ်ဘူး... ငါကသူ့ကို အရှေ့ပိုင်း စစ်မျက်နှာ
တိုက်ပွဲမှာ အာဏာကုန် လွှဲအပ်ထားခဲ့တယ်"

"ဒီလိုဆိုတော့... ဘာများ ထူးဆန်းနေလို့လဲ"
သူမက စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။ "သူက
အာဏာကုန် လွှဲအပ်ထားခြင်း ခံခဲ့ရတော့
သူလုပ်ခဲ့တဲ့ လုပ်ရပ်တိုင်းက လက်ခံနိုင်ဖွယ်
ရှိနေတယ် မဟုတ်လား"

"ဒီလူတွေက မကောင်းတဲ့ ရည်ရွယ်ချက်တွေ
ရှိနေခဲ့တဲ့ အပြင် ဒီလောက် ကြာသွားတာတောင်
အရှင့်ကို အညံ့မခံကြသေးဘူး... ဒီလိုဆိုတော့
အခုအချိန်မှာ သူတို့ကို ရှင်းလင်းနိုင်ခဲ့တဲ့ အပြင်

+

ကြွက်တွေကိုလည်း အပြတ်ရှင်းဖို့ အခွင့်အရေး ရသွားပြီ… ကြည့်ရတာ တစ်ချက်ခုတ် နှစ်ချက်ပြတ်သွားတာနဲ့ တူနေတယ်"

"မင်းပြောတာ မှန်တယ်…" ရိုလန်က သူ၏မေးကို ပွတ်သပ်နေရင်း ပြောလိုက်သည်။ သူ၏ ရင်အတွင်း၌မူ ဉာဏ်နည်းလမ်းက နူးညံ့နေသည်ဟု ခံစားနေရသေးသည်။ အရှေ့ပိုင်း ဒေသသည် ဒုတိယ မင်းသား၏ အိမ်ကွင်း ဖြစ်နေခဲ့သည်မှာ အချိန်အကြာကြီး ရှိပြီ ဖြစ်သည်။

မြို့အား သိမ်းပိုက်နိုင်ခြင်းသည် ပထမ အဆင့်သာ ရှိသေးပြီး အညံ့ခံခဲ့သော မှူးမတ်များနှင့် ဆက်လက် ဆင်နွှဲရမည့် နိုင်ငံရေး စစ်ပွဲသည် မြို့အား

+

အပြည့်အဝ ထိန်းချုပ်နိုင်ရန် အဓိက သော့ချက် ဖြစ်နေသည်။

ထို့ကြောင့်ပင် သူသည် မြို့တော်ခန်းမမှ လေ့ကျင့်ထားသော အရာရှိ လက်သစ် တစ်ဝက်ကျော်တို့အား အရှေ့ပိုင်းသို့ စေလွှတ်ခဲ့ကာ မှူးမတ်များနှင့် ရှုပ်ထွေးသော ဆက်ဆံရေးအား ကိုင်တွယ်နိုင်ရန် အတွက် သဲနိုင်ငံသား ဖြစ်သော သံပုဆိန်အား အရှေ့ပိုင်း စစ်မျက်နှာပြင်၏ ဦးစီးချုပ် အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်လေသည်။

ဗလင်စီယာအား သိမ်းပိုက်ခဲ့အပြီးတွင် ရန်သူများအား နှိမ်နင်းနိုင်ရန် သံပုဆိန်သည် သူ၏ စစ်ကြော မေးမြန်းသည့် နည်းစနစ်များကို

+

အပြည့်အဝ အသုံးချလိမ့်မည်ဟု သူက ယုံကြည်ထားခဲ့သည်။ မိုဂျင်းများ၏ နှိပ်စက် ညှဉ်းပန်းသည့် စနစ်အား အားနည်းသည့် မှူးမတ်များ မပြောနှင့် ဘုရားကျောင်းမှ အဆင့်မြင့် ဘုန်းတော်ကြီးများကပင် ခံနိုင်စွမ်း မရှိခဲ့ပေ။

သွေးလွှမ်းသော စစ်ဆေးမှုနှင့် တရားစီရင်မှု အပြီးတွင် သူသည် အာဏာသစ် တစ်ရပ်ကို တည်ဆောက်ရန် သူတို့၏ စွမ်းအားများကို တစ်ဆင့်ပြီး တစ်ဆင့် ချိုးဖျက်ရပေလိမ့်မည်။

သို့သော်လည်း မီးဖြင့် တိုက်ရိုက် ရှို့ခဲ့ခြင်းမှာ သံပုဆိန်၏ ပုံစံ လုံးဝ မဟုတ်နေပေ။

+

ရိုလန်သည် ခေတ္တမျှ တွေးခဲ့အပြီးတွင် ဤကိစ္စအား ယခုအချိန်တွင် ခဏ ဘေးဖယ်ထားရန် ဆုံးဖြတ်လိုက်သည်။ စစ်တပ်နှစ်ခု တွေ့ဆုံခဲ့အပြီးတွင် သူသည် ထိုအကြောင်းကို ပိုမို စုံစမ်းနိုင်ပေလိမ့်မည်။

ထို့အပြင် နိုက်တင်ဂေး ပြောခဲ့သည့် အတိုင်း မီးရှို့ခြင်း၏ ရလဒ်က အမတန်မှ ကောင်းမွန်နေခဲ့သည်။ ကျန်သော မှူးမတ်များ အနေဖြင့် အသက် ဆုံးရှုံးရမည်ကို ကြောက်ရွံ့ထိတ်လန့်ကာ သူတို့၏ နယ်မြေများကို အမှုထားနိုင်ခြင်း မရှိပဲ အုပ်စုလိုက် ထွက်ပြေးသွားခဲ့ကြသည်။

+

ဤအမြန်နှုန်း အတိုင်းဆိုလျှင် ပင်လယ်လေပြင်း
ဒေသနှင့် ကျန်သော နယ်မြေများသည် တစ်လ
အတွင်း၌ မြို့တော်ခန်းမ၏ ထိန်းချုပ်မှု အောက်သို့
ကျရောက်သွားပေတော့မည်။

အစ ပထမတွင် သူသည် အရှေ့ပိုင်း
စစ်မျက်နှာပြင်၏ အခြေအနေသည် အချိန်
အတန်ကြာအောင် ထိန်းချုပ်ရမည်ဟု
ထင်ထားခဲ့သော်လည်း မမျှော်လင့်ထားပဲ
ယခုအချိန်၌ သူသည် အနောက်ပိုင်း ဒေသ၏
တိုးတက်မှုထက်ပင် ပို၍ သာလွန်သွားခဲ့လေသည်။

## စာစဥ် ၅၉ : အပိုင်း ၆

+

# အပိုင်း ၈၇၆ : ငွေမြို့တော်

ရိုလန်က ပခုံးတွန့်လိုက်သည်။ ကြည့်ရသည်မှာ သူက ပို၍ အလုပ်ကြိုးစားရမည်နှင့် တူနေသည်။ သူ့လက်အောက်ငယ်သား၏ ကျော်တက်ခြင်းကို ခံရသည်မှာ ဂုဏ်ယူစရာ အဖြစ်တစ်ခု မဟုတ်ချေ။

ကံကောင်းစွာနှင့် မြစ်နီမြို့သည် ယခုအချိန်၌ ပုံမှန်အတိုင်း ပြန်ဖြစ်သွား၍ စစ်ထုတ်ခြင်းမှ ကျန်ရှိသော မှူးမတ်များ အနက် ခုနစ်ဆယ် ရာခိုင်နှုန်းသော သူများသည် သူတို့၏ ယခင် အလုပ်များကို ဆက်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။

+

ကျန်သောသူများ အနေဖြင့် စီမံခန့်ခွဲမှု စာမေးပွဲတွင် ဖြေဆိုရန် အခြေခံ ဝင်ခွင့် မေးခွန်းများသည် သူတို့အတွက် လွယ်ကူနေသောလည်း မြို့တော်ခန်းမတွင် ကံစမ်းရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း နောက်ဆုံး စာမေးပွဲ ဖြေဆိုအပြီးတွင် သူတို့အနေဖြင့် အရာရှိများ ဖြစ်လာနိုင်ရန် အခွင့်အရေး သိပ်မရှိနေဟု ရိုလန်က ထင်နေခဲ့သေးသည်။

ဘာပဲပြောပြော မှူးမတ်များ အနေဖြင့် သူတို့၏ အကျင့်များကို ပြောင်းလဲရန် ခက်ခဲလှပေသည်။

+

သို့သော်လည်း သာမန်စာရေး တစ်ယောက်
ဖြစ်လာရခြင်းသည် ခေါင်းအဖြတ်ခံရခြင်းထက်
များစွာ ပိုကောင်းသေးသည်။

ပထမ စစ်တပ်သို့ ဝင်လိုသော မှူးမတ်
သုံးယောက်ပင် ရှိခဲ့သေးသည်။ သူတို့သည် မူလက
နိုက်သူရဲကောင်းများ ဖြစ်ခဲ့ကြပြီး နိုက်တင်ဂေး၏
စစ်ဆေးမှု အရ သူတို့တွင် မကောင်းသော
ရည်ရွယ်ချက်များကို ဖုံးကွယ်ထားခြင်း မရှိပေ။
သို့သော်လည်း သူသည် မူလ ဆုံးဖြတ်ချက်
အတိုင်းသာ ရပ်တည်ခဲ့ပြီး သူတို့၏
လျှောက်လွှာများကို ပယ်ချခဲ့သည်။

+

ကံကြွေးချ စွမ်းအား ပြဿနာကို ဖြေရှင်းခဲ့အပြီးတွင် မြစ်နီမြို့နှင့် ပတ်ဝန်းကျင် ဒေသများမှ အလုပ် လုပ်နိုင်စွမ်းက အကြီးအကျယ် တိုးတက်လာခဲ့သည်။ တစ်ပတ်ကျော် အတွင်း၌ပင် လူနှစ်သောင်းခန့်သည် ဆောင်းမဲ့မြို့တော်သို့ ထွက်ခွာမည့် သင်္ဘောများ ပေါ်သို့ တက်သွားကြကာ ပို၍ပို၍ များသော သူများက မြစ်နီမြို့သို့ ဆက်လက် ရောက်ရှိလာကြသည်။

တစ်ချက် ကြည့်လိုက်လျှင် မြို့ရွာငယ်များကို စွန့်ခွာခဲ့ခြင်းသည် သူတို့ ထိန်းချုပ်နိုင်သော နယ်မြေ ပမာဏ သေးငယ်သွားသည်ဟု ထင်နေရသော်လည်း အမှန်တွင်မူ ထိုအရာသည် သူ၏ မြို့တော်ခန်းမအား ထိန်းချုပ်နိုင်စွမ်းကို အကြီးအကျယ် တိုးတက်စေခဲ့ခြင်း ဖြစ်သည်။

+

လမ်းပန်း ဆက်သွယ်ရေး မကောင်းသည့်ခေတ်တွင် အစိုးရ အမိန့်များကို တောရွာများ အထိ ဖော်ဆောင်ရခြင်းသည် သူအိမ်မကက်သာ မက်နိုင်သည့် တစ်စုံတစ်ရာ ဖြစ်နေသေးသည်။ တစ်နှစ်အတွင်းတွင် ခေါင်းဆောင်အချို့အား မွေးထုတ်ခြင်းက ဖြစ်နိုင်သော်လည်း သူတို့အား အမိန့်များကို လှည့်လည်၍ အကောင်အထည် ဖော်စေရန်က မလွယ်ကူပေ။

တိုင်းပြည်ကို တညီတညွတ်တည်း ဖြစ်အောင် ပြုလုပ်ပြီး အရာအားလုံးကို ယခင်အတိုင်း မထားနေပဲ အဘယ်ကြောင့် ဆောင်းမဲ့မြို့တော်သို့ လူများစွာ ပို့ဆောင်ခဲ့ခြင်းကို ဘားရော့က သူ့အား

+

တစ်ခေါက်မက မေးခွန်းထုတ်ခဲ့ဖူးပြီး သူကလည်း တစ်ခါမှ အပြည့်အဝ ပြန်မဖြေကြားခဲ့ဖူးပေ။

အဘယ်ကြောင့်ဆိုသော် မြို့တော်ခန်းမ ဝန်ကြီးချုပ်သည် ကျောက်မီးသွေးနှင့် သံများဖြင့် တည်ဆောက်ထားသည့် စုပေါင်း စက်ရုံများက လူမည်မျှအထိ လိုအပ်နိုင်သည်ကို မှန်းဆနိုင်စွမ်း မရှိသလို ဤကဲ့သို့သော စက်မှုလုပ်ငန်း တစ်ခုအား တည်ဆောက်ရန် စွမ်းအားနှင့် အချိန် မည်မျှအထိ လိုအပ်နေသည်ကို သဘောပေါက်နိုင်စွမ်း မရှိသောကြောင့် ဖြစ်သည်။

အရေးအကြီးဆုံး အပိုင်းမှာ ဝေးလံခေါင်သီသော ထိုဒေသများအား ထိရောက်စွာ ထိန်းချုပ်နိုင်စွမ်း

+

မရှိနိုင်ပဲ အရင်းအမြစ် အသုံးချခြင်း အမြင်မှ ကြည့်လျှင် သူတို့အား ထိန်းသိမ်းထားခြင်းသည် ဖြုန်းတီးရာ ကျနေခြင်း ဖြစ်သည်။

ထို့ကြောင့် မီးခိုးရောင် ရဲတိုက်၏ လက်ရှိ အခြေအနေ အရ လူဦးရေ အများစုအား သယ်ယူပို့ဆောင်ရေး အဆင်ပြေသည့် အဓိက မြို့ကြီးများတွင် စုစည်းထားရန် အသင့်တော်ဆုံး ဖြစ်နေပေသည်။

နယ်မြေ ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်နိုင်သည့် ထိုအချိန်မှ စ၍ ရိုလန်သည် နောက်ဆုံးတွင် မြစ်နီမြို့ ဒေသအား ထိန်းချုပ်နိုင်စွမ်း ရှိခဲ့သည်။

+

သူ၏ နောက်ထပ်ပစ်မှတ်မှာ ငွေမြို့တော်ပင် ဖြစ်ပေသည်။

အတော်လေး ကြီးမားသော မြစ်နီမြို့နှင့် စာလျှင် ဘုရင့်မြို့တော်ဟောင်း၏ ခရိုင်ဒေသက များစွာပို၍ ကိုင်တွယ်ရ လွယ်ကူသည်။ ငွေမြို့တော်သည် ယခင်က ဘုရင့်မြို့တော် ပတ်ပတ်လည်မှ အခြားမြို့များနှင့် ဘာမှ သိပ်မကွာခြားသည့် သာမန် မြို့တစ်မြို့သာ ဖြစ်ခဲ့သည်။

သို့သော်လည်း ပထမဆုံး ငွေတွင်းကို ရှာဖွေ တွေ့ရှိခဲ့ချိန်မှ စ၍ သူ၏ တည်ရှိနေမှုက ပို၍ပို၍ အရေးပါလာခဲ့သည်။ အဖိုးတန် သတ္တုကြောများကို ပို၍ပို၍ တူးဖော် ရရှိခဲ့ချိန်မှ စ၍ မြို့သည် ပို၍ပို၍

+

စည်ကားလာပြီး လက်ရှိ အရွယ်အစားသို့
ရောက်လာခြင်း ဖြစ်သည်။

ငွေမြို့တော်၏ ထုတ်လုပ်နိုင်မှုသည် မီးခိုးရောင်
ရဲတိုက်၏ စီးပွားရေး အပေါ်တွင် မည်မျှ အရေးပါပုံ
အပေါ်တွင် မူတည်၍ နောက်ဆုံးသခင်များကို
ဝင်ဘယ်ဒန်များထံ သစ္စာရှိသည့် လူကောင်း
အဘိုးအို အားလ်ဝီလီယမ်၏ မိသားစုများကိုသာ
ခန့်အပ်ထားခဲ့သည်။ ထို့အပြင် သူတို့၏
စွမ်းအားများကိုလည်း ကန့်သတ်ထား၍ ပြီးခဲ့သော
နှစ်အနည်းငယ် အတွင်းတွင် မြို့တော်အား အခြား
မှူးမတ်များထံသို့ လွှဲပြောင်းပေးခြင်း မရှိခဲ့ပေ။

+

အခြား စကားလုံးများဖြင့် ပြောရလျှင် မြို့တော်သခင်က ကြေညာသည့် အတိုင်း ငွေမြို့တော်က အမြဲတစေ လိုက်လုပ်လိမ့်မည် ဖြစ်သည်။

သူသည် ဘုရင် ဝင်ဘယ်ဒန် အမှတ်သုံး၏ မျိုးဆက်တစ်ယောက် ဖြစ်ပြီး ထီးနန်း ဆက်ခံရန် အသင့်တော်ဆုံး မျိုးဆက် ဖြစ်နေသဖြင့် တစ်ဘက်သားအား သွေးဆောင်ရန်မှာ ခက်ခဲသော အလုပ်တစ်ခု ဖြစ်လိမ့်မည် မဟုတ်ဟု ရိုလန်က ယုံကြည်ထားခဲ့သည်။

သို့သော်လည်း သတ္တုကြောများ အပေါ်တွင် တည်ဆောက်ထားသော ဤမြို့သည်

+

နိုက်တင်ဂေး၏ ဇာတိမြို့ ဖြစ်နေသည့် အတွက် သူက အနည်းငယ် စိုးရိမ် ပူပန်နေမိသည်။

သူက သူမအား ဤအကြောင်းနှင့် ပတ်သတ်၍ မေးမြန်းခဲ့သည့် အချိန်တိုင်းတွင် "ကျွန်မက ဂီလန် မိသားစုနဲ့ သံယောဇဉ် ဖြတ်တောက်ထားပါပြီ… ဒါကြောင့်မို့ အရင်က ကျွန်မရဲ့ ခံစားချက်တွေကို ထည့်တွက်နေစရာ မလိုတော့ပါဘူး" ဟူ၍ တူညီသော အဖြေတစ်ခုကိုသာ ရနိုင်ခဲ့သည်။

နိုက်တင်ဂေးသည် တစ်စုံတစ်ခုအား ဖုံးကွယ်ထားသည်ဟု သူက ခံစားနေရသေးသော်လည်း အစိုးရ အလုပ်ကိစ္စများဖြင့် အလုပ်ရှုပ်နေသဖြင့်

+

ဤအကြောင်းကို စဉ်းစားရန် အချိန်မရှိပဲ ယခု အချိန်အထိတိုင် ဒီအတိုင်း ထားခဲ့ရသည်။

သံပုဆိန်၏ လျှို့ဝှက်စာကို ရရှိပြီး
လေးရက်အကြာတွင် အနောက်ပိုင်း
စစ်မျက်နှာပြင်၏ စစ်တပ်သည် တူးမြောင်းအတိုင်း
ငွေမြို့တော်၏ နယ်မြေအတွင်းသို့
ဝင်ရောက်လာခဲ့သည်။

.........

ဤခရီးသည် မြစ်နီမြို့ ခရီးနှင့် အလားတူနီးပါးပင် ဖြစ်နေသည်။ အားလ်ဝီလီယမ်သည် သူ၏ တပ်စုကို ဦးဆောင်ကာ မြို့ပြင်သို့ ထွက်၍ သူ့အား နှုတ်ဆက်

+

ကြိုဆိုခဲ့၍ နွေးထွေးစွာ ခရီးဦးကြိုပြုခဲ့အပြီးတွင် ညစာ စားပွဲတစ်ခုကို ဖိတ်ကြားခဲ့သည်။

မြို့တော်ရှိ မှူးမတ်များ လာရောက်ကြိုဆိုခဲ့သည့် မြစ်နီမြို့နှင့် ခြားနားချက် တစ်ခုမှာ ဤအဘိုးအို၏ တပ်စုအတွင်းတွင် သူ၏ မိတ်ဆွေဟောင်း ဟော့ဂ်အပါအဝင် ကုန်သည်များစွာ ပါဝင်နေခြင်း ဖြစ်သည်။

ထိုနေ့ညတွင် အားလ်၏ ဖွင့်ပွဲစကားသည် စားသောက်ပွဲအား မြူးကြွစေခဲ့သည်။ သူသည် သူ၏ ကံကြွေးချ စွမ်းအားကို လိုလိုလားလား စွန့်လွှတ်ရန် ဆန္ဒရှိနေပြီး အရှင်မင်းမြတ် ရိုလန်၏ အစိုးရ အသစ်အား အပြည့်အဝ ထောက်ခံလိုနေသည်။

+

ပြီးတာနှင့် လက်ခုပ်သံများ ဖြောင်းဖြောင်းဖြဖြ ထွက်လာခဲ့ပြီး ရိုလန်သည် သူပြောဆိုရန် ပြင်ဆင်ခဲ့သော စကားလုံးများကို ပြန်လည် မျိုချလိုက်ရသည်။

နောက်ပိုင်းတွင် ဟော့ဂ်၏ အားထုတ်မှုများမှ တဆင့် စားသောက်ပွဲသည် စီးပွားရေး ဆွေးနွေးပွဲ တစ်ခု ဖြစ်သွားခဲ့သည်။

"ကျုပ်ရဲ့ သတ္တုတွင်း အတွင်းက စက်တွေက ဘယ်လို လည်ပတ်နေသလဲ ဆိုတာကို ခင်ဗျားတို့က အမြဲတမ်း မေးခဲ့ကြတယ် မဟုတ်လား" သူက

+

ကုန်သည် တစ်အုပ်စု အရှေ့တွင် ဂုဏ်ယူစွာနှင့် ပြောကြားလိုက်သည်။

"သူ့ရဲ့ အစစ်အမှန် တီထွင်သူဟာ ခင်ဗျားတို့ အရှေ့မှာ ရပ်နေတဲ့ အရှင်မင်းမြတ် ရိုလန် ကိုယ်တိုင်ပဲ ဖြစ်ပြီး ဒါက တစ်သက်မှာ တစ်ခါသာ ရနိုင်တဲ့ အခွင့်အရေး တစ်ခု ဖြစ်ပါတယ်… ခင်ဗျားတို့က အနောက်ပိုင်း ဒေသကို သွားဖို့ မလိုတော့ပဲ ဒီက ငွေမြို့တော်မှာပဲ အဖြေကို တိုက်ရိုက် ရနိုင်တော့မယ်"

ကုန်သည်များက ချက်ချင်း စုဝေး ရောက်ရှိလာကြလေသည်။

+

"အရှင်မင်းမြတ်... သူ့ရဲ့ စွမ်းအားတွေက ဘာဖြစ်လို့ ဒီလောက်အထိ အားကောင်းရသလဲ ဆိုတာကို ပြောပြလို့ ရမလား"

"တကယ်လို့ အရှင်က ရထားသံလမ်း စနစ်ကို ထပ်ပြီးမှ ရောင်းချလိုနေရင် ဒေးမွန် ကုန်သည် အဖွဲ့အစည်းက ဆောင်းမဲ့မြို့တော်နဲ့ အလုပ်လုပ်ဖို့ ဆန္ဒ ရှိနေပါတယ်"

"အရှင်မင်းမြတ်... ရွက်မြန် အဖွဲ့အစည်းကို မှတ်မိသေးပါသလား... လွန်ခဲ့တဲ့ နှစ်နှစ်က ကျွန်တော်တို့ဟာ အရှေ့ပိုင်း ဒေသက ဒုက္ခသည်တွေကို သယ်ယူပို့ဆောင်ဖို့ ရွက်လှေများစွာတို့ကို အရှင့်ကို

+

ငွားရမ်းပေးခဲ့ဖူးတယ်… ကုန်သွယ်မှု စွမ်းအားအရ ကျွန်တော်တို့ဟာ အလယ်ပိုင်း ဒေသရဲ့ အကောင်းဆုံး ကုန်သည် အဖွဲ့အစည်းတွေ အတွင်းမှာ တစ်ဖွဲ့ သေချာပေါက် အပါအဝင် ဖြစ်ပါတယ်"

"တကယ်လို့ ဖြစ်နိုင်မယ် ဆိုရင် ရွက်မြန် အဖွဲ့အစည်းဟာ ရေနွေးငွေ့ အင်ဂျင်ကို ထုတ်လုပ်တဲ့ ကိရိယာ တစ်စုံလုံးကို ဝယ်လိုနေပါတယ်… ဈေးနှုန်းကလည်း လုံးဝ မနည်းစေရပါဘူး"

အမျိုးသမီး ကုန်သည် မားဂရက် သူ့အား ပြောပြထားခဲ့သော "ဟော့ဂ်က ကုန်သည်

+

တစ်အုပ်စုကို အနောက်ပိုင်း ဒေသကို ခေါ်ဆောင်လာလိမ့်မယ်" ဟူသော သတင်းကောင်းကို အမှတ်ရသွားသဖြင့် ရိုလန်က ရယ်ရမလား ငိုရမလား မသိ ဖြစ်သွားခဲ့သည်။ မမျှော်လင့်ထားပဲ သူက သူတို့နှင့် စောစောစီးစီး ကြိုတင် တွေ့ခဲ့ရသည်။

အကယ်၍ မီးခိုးရောင် ရဲတိုက်မှ နေရာတိုင်းက ငွေမြို့တော်ကဲ့သို့ ဖြစ်နေလျှင် ကမ္ဘာကြီးက နေထိုင်၍ ကောင်းမွန်သော နေရာတစ်ခု ဖြစ်နေခဲ့ပေလိမ့်မည်။

ကုန်သည်များ၏ မေးခွန်းများကို ဖြေဆိုခဲ့အပြီးတွင် သူသည် နောက်ဆုံးတွင် သခင်အိုနှင့်

+

နှစ်ယောက်တည်း စကားပြောခွင့် တစ်ခုကို ရရှိခဲ့လေသည်။

သူတို့သည် ခန်းမအတိုင်း လျှောက်လာခဲ့ပြီး လေကောင်းစွာရသော လသာဆောင် တစ်ခုသို့ ရောက်လာခဲ့ရာ ပါတီပွဲမှ ဆူညံသံများနှင့် ကင်းဝေးသွားခဲ့သည်။

ရိုလန်သည် သူ၏ ဝိုင်ခွက်အား ကိုင်ထားရင်း မြို့တော်အား အချိန် အတန်ကြာ စိုက်ကြည့်နေပြီးမှ နောက်ဆုံးတွင် ပြောလိုက်သည်။ "ခင်ဗျားရဲ့ မြို့တော်ကို ဒီအတိုင်းပဲ လက်လွှတ်လိုက်ရတာ နည်းနည်းလေးမှ နောင်တရသလို မခံစားရဘူးလား"

+

"ဒါဟာ အစကတည်းက ကျွန်တော်မျိုး ပိုင်ဆိုင်တဲ့ အရာမှ မဟုတ်တာ… ဘာနောင်တရစရာများ ရှိမှာလဲ…" အားလ်ဝီလီယမ်က ပြုံးလိုက်သည်။ "အရှင့်ရဲ့ ဖခင်… ပြီးတော့ သူ့အရှေ့က သူ့ဖခင်… သူတို့က တစ်ခါမှ ရှင်းလင်းစွာ မပြောခဲ့ဖူးပေမဲ့ ငွေမြို့တော်ကို ကိုယ်ပိုင် အသင်းအဖွဲ့ တည်ဆောက်ဖို့ ဘယ်တော့မှ ခွင့်မပြုခဲ့ဘူး"

"ပြီးတော့ ဝီလီယမ် မိသားစု အတွက်လည်း ကိုယ်ပိုင်မြို့ ဘယ်တော့မှ မရှိရဘူး ဆိုတာက စည်းမျဉ်း တစ်ခုသဖွယ် ဖြစ်နေခဲ့တယ်… ကျွန်တော့် အတွက်ကတော့ ဒီစွမ်းအားက ဒီလောက်အထိ အရေးမကြီးပါဘူး"

+

သူက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။
"အမှန်အတိုင်း ပြောရရင် ကျွန်တော်က
ဒီစွမ်းအားကို လိုလည်း မလိုအပ်နေပါဘူး"

"ခင်ဗျားက မလိုအပ်ဘူးလား" ရိုလန်က
မအောင့်နိုင်ပဲ သိလိုစိတ် ပြင်းပြစွာဖြင့်
မေးလိုက်သည်။

"မြို့တစ်မြို့ တိုးတက်အောင် ချဲ့ထွင်ရတဲ့ အဓိက
အကြောင်းရင်းဟာ တခြားသူတွေရဲ့ အထင်သေး
အနိုင်ကျင့်ခြင်း မခံရအောင် ဖြစ်တယ်... ဒါပေမဲ့
ငွေမြို့တော်မှာ ဒီအန္တရာယ် မရှိပါဘူး... ဒီမြို့ကို
တိုက်ခိုက်ရဲတဲ့ ဘယ်သူမဆို ဝင်ဘယ်ဒန် တော်ဝင်

+

မိသားစုရဲ့ အာဃာကို ရဲတင်းစွာ စိန်ခေါ်လိုက်တာနဲ့ တူနေတယ်… ဒီလိုဆိုတော့ ကျွန်တော့် မိသားစုဟာ သစ္စာ စောင့်သိနေသ၍ အတိုက်ခိုက်ခံရမှာကို စိုးရိမ်နေစရာ မလိုဘူး"

အားလ်က ဝိုင်တစ်ငုံသောက်၍ ဆက်ပြောလိုက်သည်။ "ပြီးတော့ ကံကြွေးချ စွမ်းအားဟာ တစ်နည်းအားဖြင့် ကိုယ့်ရဲ့ ကိုယ်ပိုင်စွမ်းအားကို အားနည်းအောင် ပြုလုပ်နေတဲ့ သဘောရှိတယ်… ဒီကနေ တစ်ဆင့် တစ်ယောက်ဟာ တခြားသူတွေကို သိမ်းသွင်း ဆွဲဆောင်ဖို့ အတွက် ကိုယ့်ရဲ့ ကိုယ်ပိုင် အရင်းအမြစ် တစ်စိတ်တစ်ပိုင်းကို ခွဲဝေ ပေးအပ်ခဲ့ရတယ်"

+

"ဒီအရင်းအမြစ်တွေကို တခြားသူတွေထံ ခွဲဝေ
ပေးအပ်ရမယ့် အစား ကျွန်တော်က
ကိုယ်ကိုယ်တိုင်ပဲ စီမံခန့်ခွဲလိုနေတယ်… ပြီးခဲ့တဲ့
နှစ်နှစ်ဆယ် အတွင်းမှာ ငွေမြို့တော်ရဲ့
ထုတ်လုပ်နိုင်မှုဟာ ဘယ်လောက်အထိ
တိုးတက်လာခဲ့သလဲ ဆိုတာကို အရှင်က
သိပါသလား"

ရိုလန်က သူ၏ခေါင်းကို ခါလိုက်သည်။

"၁၆ဆ အထိ တိုးတက်လာပါတယ်…
ဘာပဲပြောပြော ကျွန်တော်က ကျွန်တော့်ရဲ့
စွမ်းအား အားလုံးကို ဒီအတွင်းမှာ ရင်းနှီး
မြှုပ်နှံထားခဲ့တာကိုး…" သခင်အိုက စိတ်ခတ်

+

တက်ကြွစွာဖြင့် ပြောလိုက်သည်။ "အစ ပထမမှာ ဒါက သာမန် ငွေတွင်းတစ်ခုသာ ဖြစ်ခဲ့ပေမဲ့ အခုအချိန်မှာ သတ္တု အမျိုးအစား ဆယ်မျိုးကျော်တို့ကို တူးဖော်နိုင်နေပြီ"

"ဒါ့အပြင် အစ ပထမမှာ တော်ဝင် မိသားစုက စေလွှတ်လိုက်တဲ့ တူးဖော်မှု အသင်းတစ်ခုသာ ရှိခဲ့ပေမဲ့ အခုအချိန်မှာ သတ္တုနဲ့ ကျောက်မျက် ကုန်သည်တွေ မျိုးစုံ ရှိနေခဲ့ပါပြီ… ဒါ့အပြင် သတ္တုတွင်းနဲ့ ဆက်စပ်တဲ့ မီးအိမ်၊ ပေါက်တူး၊ ဂေါ်ပြား အစရှိတဲ့ ပစ္စည်း ထုတ်လုပ်တဲ့ စက်ရုံတွေကိုလည်း ဆောက်လုပ်နိုင်ခဲ့ပါတယ်… အရှင့်ရဲ့ ရေနွေးငွေ့ အင်ဂျင်ကလည်း အဲ့ဒီထဲက တစ်ခုအဖြစ် သတ်မှတ်လို့ ရနိုင်ပါတယ်… ကျွန်တော်မျိုး ပြောတာ မှန်ပါသလား"

+

"အမှန်ပဲ" ရိုလန်က အပြုံးတစ်ခုဖြင့်
ပြန်ပြောလိုက်သည်။

"ဒီခံစားချက်က ကလေးတစ်ယောက်ကို မွေးမြူပြီး
သူဖြည်းဖြည်းချင်း ကြီးပြင်းလာတာကို
စောင့်ကြည့်နေရသလိုပါပဲ… ကျွန်တော်က
ဘာဖြစ်လို့ သူ့ကို ခွဲခြမ်းပြီး တခြားသူတွေနဲ့
ဝေမျှရမှာလဲ… ဒါကြောင့်မို့ ကျွန်တော်က
ဒီလိုစွမ်းအား တစ်ခုကို မလိုနေတာပါ"

ဤအထိ ပြောပြီးသွားသော အခါ အားလ်က
သက်ပြင်းချလိုက်သည်။ "အရှင်မင်းမြတ်…
ငွေရောင် တောက်ပ လင်းလက်နေတဲ့ ဒီမြို့တော်ကို

+

ကျွန်တော့်ကိုပဲ ဆက်လက် စီမံ အုပ်ချုပ်စေဖို့ အရှင်က ဆန္ဒရှိပါသလား"

"မင်းဆန္ဒရှိမယ် ဆိုရင် ရတာပေါ့" ရိုလန်က သူ၏ ဝိုင်ခွက်အား သူ့ထံသို့ မြှောက်လိုက်၍ အချင်းချင်း ပြုံးပြခဲ့အပြီးတွင် သူတို့၏ ဖန်ခွက်များကို ညင်သာစွာ ထိလိုက်ကြလေသည်။

"သြော်... ဟုတ်သားပဲ" ရိုလန်က ဝိုင်သောက်ပြီးသွားသော အခါ စကားလမ်းကြောင်းကို ရုတ်တရက် ပြောလိုက်သည်။ "ခင်ဗျားက ဂီလန် မိသားစု အကြောင်းကို ကြားဖူးသလား"

+

"ဂီလန်… ဟုတ်လား" အားလ်ဝီလီယမ်သည် ခေတ္တမျှ စဉ်းစားခဲ့အပြီးတွင် သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။ "ကျွန်တော်က သူတို့ကို မှတ်မိသလို ရှိပေမဲ့ သိပ်တော့ မသေချာနေဘူး… ဘာပဲပြောပြော ငွေမြို့တော်မှာ မျိုးမတ် မိသားစု အသစ်တစ်ခု ပေါ်မလာတာ အချိန်အတော်ကြာသွားပြီ ဖြစ်ပြီး ဒီက မိသားစုတွေ အားလုံးဟာ ငွေတွင်း မတွေ့ခင်ကတည်းက ရှိနေကြတဲ့ သူတွေသာ ဖြစ်တယ်"

"တကယ်လို့ ကျွန်တော် မှတ်ထားတာ မမှားရင် နောက်ဆုံး ဂီလန်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်က မိသားစု နာမည်ကို ပြောင်းလဲခဲ့ပြီး သူ့ရဲ့နယ်မြေဟာ အခုအချိန်မှာ ဆိုမီ မိသားစု အပိုင် ဖြစ်သွားခဲ့ပြီ"

+

ဤစကားများကို ကြားခဲ့ရအပြီးတွင် သူ့လက်မောင်း
အပေါ်တွင် နိုက်တင်ဂေး၏ ဆုပ်ကိုင်ခဲ့မှုကို
ရှိလန်က ချက်ချင်း ခံစားလိုက်ရလေသည်။

## စာစဥ် ၅၉ : အပိုင်း ၇

## အပိုင်း ၈၇၇ : မေ့နေသည်မှာ ကြာပြီဖြစ်သော ဇာတိမြို့

"သူက သူ့ရဲ့ မိသားစု နာမည်ကို
ပြောင်းလိုက်တာလား... ဘာများ ဖြစ်ခဲ့တာလဲ"
ရှိလန်က မျက်မှောင်ကြုတ်လိုက်သည်။

+

"ဘာဖြစ်လို့လဲ ဆိုတော့ သူ့နယ်မြေကို သူကိုယ်တိုင် စီမံ ခန့်ခွဲတာထက် အခြား မိသားစုနဲ့ ပေါင်းစည်းလိုက်တာက ပိုလွယ်ကူမယ်လို့ ထင်နေလို့ ဖြစ်တယ်" ရိုလန်က သေးနုပ်သော မှူးမတ်တစ်ယောက်အား အထူး စိတ်ဝင်စားနေမှု အတွက် ဝီလီယမ်က အံ့အားသင့်သွားခဲ့သည်။

"ကောင်းမွန်တဲ့ ဘဝ တစ်ခုကို နေနိုင်ဖို့ ငွေကြေး အမြောက်အမြားကို လိုအပ်နေတယ်… တကယ်လို့ တစ်ယောက်က အိမ်မှု ကိစ္စတွေကို ကောင်းမွန်စွာ စီမံ ခန့်ခွဲနိုင်စွမ်း မရှိရင် သူ့နယ်မြေက ပိုင်ဆိုင်မှု တစ်ခုထက် စာရင် ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်လာလိမ့်မယ်"

+

"သူက အတင်းအကျပ် ဖိအားပေးခြင်း ခံရတာမျိုးရော ဖြစ်နိုင်သလား... ဥပမာအားဖြင့် တစ်စုံတစ်ယောက်က သူ့နယ်မြေကို အားသုံးပြီး ရယူခဲ့တာမျိုးပေါ့"

အားလ်က အနည်းငယ် စဉ်းစားပြီးမှ ပြန်ဖြေလိုက်သည်။ "အဲ့ဒီပုံတော့ မပေါက်နေဘူး... ကျွန်တော်က သူတို့နဲ့ စကား မပြောခဲ့ပေမဲ့ သူတို့ကို ညှော့ခံပွဲ အချို့မှာ တွေ့ခဲ့ဖူးပါတယ်... မိသားစု နာမည် ပြောင်းလိုက်တဲ့ ဟိုဂီလန်က ဆိုမီတွေနဲ့ အတော်လေး ပျော်နေတဲ့ပုံ ပေါက်နေတာပဲ... သူက ဖိအားပေးခြင်း ခံရတယ်လို့တော့ ကျွန်တော်က မထင်ပါဘူး... တကယ်လို့ အရှင်က ဒီအကြောင်း

+

သိချင်နေရင် ကျွန်တော်က ဗစ်ကောင် ဒေါ့ဆိုမီကို ခေါ်ခိုင်းလို့..."

"ကိစ္စ မရှိဘူး" နိုက်တင်ဂေး၏ တိုးတိုး ပြောဆိုသံအား ကြားခဲ့ရအပြီးတွင် ရိုလန်က သူ့အား ဖြတ်ပြောလိုက်သည်။ "ငါက သိချင်နေရုံသက်သက်ပဲ... ဘာမှ ကိစ္စမရှိပါဘူး... ဒါပေမဲ့ အခုအချိန်မှာ ဂီလန်က ပေါ်မလာခဲ့ဘူးနဲ့ တူတယ်" အကယ်၍ သူမ၏ မောင်လေး ဟိုက်ဒီက ဧည့်ခံပွဲသို့ တက်ခဲ့ပါက နိုက်တင်ဂေးသည် သူ့အား မှတ်မိလိမ့်မည်ဟု ရိုလန်က တွေးမိသည်။

သခင်အိုက သူ၏ရင်ဘတ်ကို လက်ဖြင့်ပုတ်၍ တောင်းပန်သည့် လေသံဖြင့် ပြောလိုက်သည်။

+

"ဒါက ကျွန်တော့်အမှားပါ… ကျွန်တော်က ဖိတ်စာတွေကို ဖိတ်ကြားတဲ့ အချိန်မှာ ရိုးရာဓလေ့ အတိုင်းပဲ ဖိတ်ကြားခဲ့ပါတယ်"

ရိုလန်က သူဆိုလိုနေသည်ကို ချက်ချင်း သဘောပေါက်သွားသည်။ ဂီလန်သည် သူ၏ နာမည်ကို ပြောင်းလိုက်ကာ ဆိုမီတစ်ယောက် ဖြစ်သွားသော်လည်း ဖိတ်စာ စာရင်းအတွင်းတွင် နေရာတစ်ခု မရနိုင်သေးပေ။

ငွေမြို့တော်မှ ဖွံ့ဖြိုးလာသော သတ္တုလုပ်ငန်းကြောင့် စီးပွားရေး တိုးတက်လာပြီး စည်ကားမှုနှင့် ပုံစံတို့တွင် တောက်ပမြို့တော်နှင့် ဆင်တူလာခဲ့သော်လည်း ဤနေရာမှ လူများသည်

+

ဘွဲ့ထူးနှင့် ဂုဏ်သိက္ခာတို့ထက် စည်းစိမ်ဥစ္စာနှင့် စွမ်းအားတို့ကို ပို၍ အရေးထားနေသေးသည်။

ဝီလီယမ်၏ အဖြေသည် တစ်နည်းတစ်ဖုံ အားဖြင့် ဂီလန် မိသားစု၏ ဂုဏ်သိက္ခာသည် မေ့မှိန် ပျောက်ကွယ်သွားကာ လူအများ၏ မှတ်ဉာဏ်အတွင်းမှ ပျောက်ကွယ်လုနီးပါး ဖြစ်နေပြီကို ရောင်ပြန်ဟပ်နေပေသည်။

နိုက်တင်ဂေး ထွက်ခွာသွားခဲ့ အပြီးတွင် ဟိုက်ဒီသည် သူ့ဖခင်၏ ဗစ်ကောင့် ဘွဲ့ထူးအား ဆက်ခံခဲ့သည်ကို ရိုလန်က သိထားခဲ့သည်။

+

သူ့အနေဖြင့် ဤကဲ့သို့သော အဆင့်အတန်း အထိ နိမ့်ကျသွားခဲ့သည်ကို မြင်ရသည်မှာ အမှန်ပင် သနားဖွယ် ကောင်းလှသည်။

ရိုလန်သည် စခန်းချရ နေရာသို့ ပြန်လာခဲ့ပြီး တဲကန့်လန့်ကာအား ပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် နိုက်တင်ဂေးသည် သူမကိုယ် သူမ ဖော်ပြခဲ့ကာ သူမက စ၍ ရှင်းပြလိုက်သည်။

"အရှင်မင်းမြတ်… ကျွန်မက ဟိုက်ဒီရဲ့ ကိစ္စတွေမှာ ဝင်ပါဖို့ စိတ်ဝင်စားခြင်း မရှိတာကို အရှင်က သိဖို့ လိုပါတယ်… ကျွန်မက ငွေမြို့တော်ကနေ ထွက်ခွာလာခဲ့တဲ့ အချိန်က စပြီး ဂီလန်တွေနဲ့ ဆက်သွယ်မှုအားလုံး ဖြတ်တောက်ခဲ့ပါပြီ…

+

ကျွန်မက အဲ့ဒီအချိန်မှာ အနည်းငယ်သာ အံ့သြသွားခဲ့တယ် ဆိုတာကို... ကျေးဇူးပြုပြီးမှ ယုံကြည်ပေးပါ"

နိုက်တင်ဂေးသည် အလွန်အမင်း ရိုးသားနေသည့် မျက်နှာပေးဖြင့် သူ့အား လက်ခံလာအောင် ပြောဆိုနေသည်ကို မြင်ခဲ့ရသော အခါ သူမအား စနောက်ချင်သည့် စိတ်ကို မနည်း အောင့်အည်းထားရလေသည်။

ဘာပဲပြောပြော နိုက်တင်ဂေး၏ မယုံနိုင်အောင် တစ်ယူသန်မှုကို စဥ်းစားခဲ့အပြီးတွင် ပြဿနာ ရှာမနေလိုသောကြောင့် သူ၏စိတ်ကို မကြာခင် ပြောင်းခဲ့လိုက်ပြီး ချောင်းတစ်ချက်ဆိုး၍

+

ခပ်ပေါ့ပေါ့ပင် ခေါင်းညိတ်ပြလိုက်သည်။
"ငါသိတယ်... မင်းက ဒီကိစ္စနဲ့ ပတ်သတ်ပြီး ငါ့ကို
တစ်ခါမှ မလိမ်ညာခဲ့ဘူး"

"အရှင်က ကျွန်မကို မယုံကြည်နေဘူး...
ဟုတ်တယ်... အရှင်က ကျွန်မကို လုံးဝ
မယုံကြည်ခဲ့ဘူး" နိုက်တင်ဂေးက ချက်ချင်းပင်
ခွန်းတုံ့ပြန်လိုက်သည်။

နိုက်တင်ဂေးသည် သူမ၏ စွမ်းရည်ဖြင့် သူ့မှတ်ချက်
အတွင်းမှ သရော်သည့် လေသံကို ခွဲခြားနိုင်စွမ်း
ရှိနေသဖြင့် သူ့အဖြေက လက်ခံနိုင်ဖွယ်ရာ
မရှိသည်မှာ သေချာနေခဲ့သည်။ ထို့ကြောင့် သူသည်
အသက်ပြင်းပြင်း တစ်ချက်ရှူ၍ သူ၏စိတ်ကို

+

ရှင်းအောင် ထားပြီးမှ သူမ၏ မျက်လုံးများ
အတွင်းသို့ ကြည့်ကာ ပို၍ လေးနက်စွာဖြင့်
ပြောလိုက်သည်။ "ငါကမင်းကို ယုံပါတယ်"

ဤအကြိမ်တွင်မူ နိုက်တင်ဂေး
ရက်သွေးဖြာသွားရသည့် အလှည့်ပင်
ဖြစ်တော့သည်။ သူမ၏ ပါးပြင်နှစ်ဖက်တွင်
နှင်းဆီရောင် သန်းသွားခဲ့ပြီး ချက်ချင်းပင် အဝေးသို့
လှမ်းကြည့်လိုက်သည်။ "ကျွန်မက နည်းနည်းလေး
အံ့အားသင့်သွားရုံပါ... ကျွန်မကို
သစ္စာဖောက်ခဲ့တဲ့သူနဲ့ ဘာမှ ပတ်သတ်စရာ
အကြောင်း မရှိနေဘူး"

+

သူမ၏ မောင်လေးအား အနည်းငယ် ဂရုစိုက်မှုများ ပြခဲ့ခြင်းသည် သာမန်သာ ဖြစ်သည်ဟု သူမအား ပြောလိုနေသော်လည်း ဤအခြေအနေတွင် မီးစင်မှ ကြည့်ကလျှင် ပိုကောင်းမည်ဟု ခံစားနေရသဖြင့် သူက မေးလိုက်သည်။ "မင်းက ဘာဖြစ်လို့ အံ့အားသင့်သွားခဲ့တာလဲ"

"ဆိုမီတွေဟာ တစ်ချိန်က ကျွန်မဖခင်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတွေ ရှိခဲ့တယ်... "နိုက်တင်ဂေးက အသံတိုးတိုးဖြင့် ပြန်ဖြေလိုက်သည်။ "ကျွန်မဖခင် ကွယ်လွန်သွားခဲ့အပြီးမှာ သူတို့ဟာ ဂီလန် စံအိမ်ဟောင်းမှာ ကျွန်မကို မကြာခဏ လာကြည့်ခဲ့ကြတယ်... ဒါပေမဲ့ ကျွန်မက စုန်းမတစ်ယောက် ဖြစ်လာတာကို ကျွန်မ မိသားစု

+

သိသွားခဲ့အပြီးမှာ ဂီလန်အိုက ကျွန်မကို သူတို့နဲ့ ပေးမတွေ့တော့ဘူး... ဗစ်ကောင့်ဆိုမီဟာ ဟိုက်ဒီကို မွေးစားခဲ့လိမ့်မယ်လို့ ကျွန်မက မမျှော်လင့်ထားခဲ့ဘူး"

ဤကမ္ဘာတွင် နှစ်ပေါင်းအတန်ကြာ နေပြီးဖြစ်သော ရိုလန်က သူမ၏ ဆိုလိုရင်းကို ချက်ချင်း သဘောပေါက်သွားခဲ့သည်။ အကယ်၍ မိသားစု နှစ်ခုက ဆက်ဆံရေးကောင်းများ ရှိနေခဲ့လျှင် ဆိုမီတို့သည် နိုက်တင်ဂေး၏ မောင်လေးအား ဂီလန်အို သေသွားခဲ့ အပြီးတွင် အိမ်ကို ပြန်လည် တည်ဆောက်နိုင်ရန် အကူအညီ ပေးသင့်သည်။

+

အမှန်အတိုင်း ပြောရလျှင်
မှုုးမတ်တစ်ယောက်သည် ယုတ်လျော့လာသော
မိသားစု တစ်ခုကို စွမ်းအား ပြန်လည် ခိုင်မာလာရန်
ကူညီပေးခြင်းသည် လုပ်နေကျ ကိစ္စတစ်ခုပင်
ဖြစ်ပေသည်။ အကူညီခံရသူသည် သူ၏
ကျေးဇူးရှင်အား စည်းစိမ် ဥစ္စာ များစွာတို့ဖြင့်
ပြန်လည် ကျေးဇူးဆပ်ကာ သူတို့ ကလေးများအား
လက်ထပ်ပေးခြင်းဖြင့် မဟာမိတ် ဖွဲ့နိုင်သေးသည်။
ထိုအရာသည် လူအများ ပြောရန် နှစ်သက်သော
အရာတစ်ခု ဖြစ်နေပေသည်။

သို့သော်လည်း တစ်ဦးတည်း ကျန်ရစ်သော အမွေ
ဆက်ခံသူအား မိသားစု နာမည်
ပြောင်းစေခဲ့ခြင်းသည် လုံးဝကို ကွဲပြား

+

ခြားနားနေသော ဇာတ်လမ်းတစ်ပုဒ်
ဖြစ်သွားခဲ့သည်။

ထိုအရာက ဂီလန်တို့၏ ဗစ်ကောင့် ဘွဲ့ထူး
အပါအဝင် သွေးမျိုးဆက်၏ အဆုံးသတ်ဟု
ဆိုလိုနေခြင်းပင် ဖြစ်ပေသည်။

ဂိုလန်သည် ကံကြွေးချ အခွင့်အရေးများကို
အဆုံးသတ်ရန် ဆုံးဖြတ်ချက် ချထားပြီး ဖြစ်သဖြင့်
မှူးမတ် အဆင့်အတန်းက ဘာမှ
အရေးမကြီးတော့ချေ။ သို့သော်လည်း မိရိုးဖလာ
မှူးမတ်တစ်ယောက်၏ အမြင်၌ အမွေဆက်ခံသူ
တစ်ယောက်အား မိသားစု နာမည်
ပြောင်းစေခြင်းသည် သူ၏ ပိုင်ဆိုင်မှုများအား

+

ခိုးယူခြင်းထက်ပင် ပို၍ ဆိုးဝါးသည့် ကိစ္စတစ်ခု ဖြစ်နေသည်။

ဤအရာသည် ဂီလန်တို့နှင့် ကောင်းမွန်သော ဆက်သွယ်ရေး ရှိနေသည့် မိသားစု တစ်ခုက ဆောင်ရွက်မည့် အရာတစ်ခုနှင့် မတူနေချေ။

"တကယ်လို့ တစ်စုံတစ်ခုက မှုမမှန်နေဘူးလို့ မင်းက ယူဆနေရင် စုံစမ်း စစ်ဆေးကြည့်ပါ" ရိုလန်သည် ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်ကာ စာချုပ်လိပ် တစ်ထပ်ကို ဖြေပြီး သူမြို့သစ် တစ်မြို့သို့ ရောက်တိုင်း ကြည့်နေကျဖြစ်သည့် ဒေသခံ လူဦးရေ စာရင်းနှင့် ဒေသခံ အစိုးရ၏

+

ဘဏ္ဍာရေး အခြေအနေတို့အား လေ့လာ
သုံးသပ်လိုက်သည်။

"ရှယ်ဗီနဲ့ နတ်ဘုရား စီရင်ခြင်း စုန်းမတွေက
ဒီနေရာမှာ ငါ့ကို ကာကွယ် စောင့်ရှောက်နေကြမှာ
ဖြစ်လို့ စခန်းချတဲ့ နေရာမှာ ငါက လုံးဝ
လုံခြုံနေတယ်... ငါ့အနားမှာ တစ်ချိန်လုံး ကပ်နေဖို့
မလိုပါဘူး"

နိုက်တင်ဂေးသည် ခေတ္တမျှ ချီတုံချတုံ ဖြစ်သွားပြီးမှ
ပြောလိုက်သည်။ "ဒါပေမဲ့ ဒါက ဂီလန် မိသားစုရဲ့
ကိစ္စပဲ... ကျွန်မနဲ့ ဘာမှမဆိုင်..."

+

"ဒါက မင်းဖခင်ရဲ့ နယ်မြေဖြစ်နေတော့ မင်းနဲ့ အနည်းနဲ့ အများ သက်ဆိုင်နေတယ်... ဒါ့အပြင် မင်းကြီးပြင်းလာတဲ့ စံအိမ်က အဲ့ဒီနယ်မြေ အတွင်းမှာ ရှိနေတယ် မဟုတ်လား... ငါတို့က ဒီနေရာကို ရောက်လာပြီး ဘုရားကျောင်းကလည်း မင်းအနောက်ကို အမဲလိုက်နေခြင်း မရှိခဲ့တော့ ဒီအခွင့်အရေးကို အသုံးချပြီး မင်းရဲ့ နေရာဟောင်းကို ပြန်သွားကြည့်လိုက်ပါလား"

"ဒီနေရာက နယ်မြေတွေ အားလုံးက အခုအချိန်မှာ တိုင်းပြည် ပိုင်ဆိုင်မှု ဖြစ်သွားခဲ့ပေမဲ့ပေါ့" ဤစကားကိုမူ ရိုလန်က တမင်သက်သက် မပြောပဲ ချန်ထားခဲ့သည်။

+

နိုက်တင်ဂေးသည် "သူမ ကြီးပြင်းလာခဲ့သော နေရာပဟောင်း" ဟူသော စကား၏ သွေးဆောင်မှုကို ခံခဲ့ရဟန် တူသည်၊ အချိန်အတန်ကြာ ငြိမ်သက်သွားပြီးနောက် ဆုံးဖြတ်ချက် ချခဲ့လိုက်သည်။ "ကောင်းပြီလေ... ဒါပေမဲ့ အရှင်က စခန်းချတဲ့ နေရာက ထွက်ခွာလိုတဲ့ အချိန်မှာတော့ ကျွန်မကို ဆင့်ခေါ်လိုက်မယ်လို့ ကတိပေးရမယ်... ဒါက ခရီးတို တစ်ခုသာ ဖြစ်ပြီး ကျွန်မက ဘာမှလုပ်မှာ မဟုတ်ပါဘူး"

"ကောင်းပြီလေ" ရိုလန်က ရယ်ချင်လှစွာဖြင့် သူ၏ခေါင်းကို ခါလိုက်သည်။ နိုက်တင်ဂေးအား သူမ၏ ဇာတိမြေသို့ ပြန်သွားရန် တိုက်တွန်းနေရခြင်းသည် ထူးဆန်းသည်ဟု ခံစားနေရသော်လည်း သူမ မိသားစု၏

+

အတိတ်ဇာတ်လမ်းကို သူမက သတ္တိရှိစွာဖြင့် ထိပ်တိုက် ရင်ဆိုင်မှသာ ပြေလည်သွားနိုင်မည်ဟု သူက ယုံကြည်နေခဲ့သည်။ ရှောင်တိမ်းနေရုံဖြင့် ပြဿနာများက ပြေလည်သွားလိမ့်မည် မဟုတ်ချေ။

အမှန်အတိုင်း ပြောရလျှင် နိုက်တင်ဂေးသည် ဘဝ၏ ဒဿနများကို နားလည်ရန်… အတန်ငယ် ငယ်ရွယ်နေသေးပေသည်။

*********

နိုက်တင်ဂေးသည် စခန်းချရာ နေရာမှ အရုဏ်ဦး အချိန်တွင် ထွက်လာခဲ့ကာ မင်းလမ်းမ အတိုင်း ငွေမြို့တော်၏ အရှေ့ဘက်သို့ ဦးတည်ခဲ့လေသည်။

+

သူမသည် ခမ်းနားသော စံအိမ်တစ်ခုအား မှတ်မိနေသေးသည်။ နှစ်ထပ် အဆောက်အအုံ၏ အနီးတွင် ခြေရာများ အားလုံးကို ဖုံးကွယ်ရန် လုံလောက်စွာ ကျယ်ဝန်းနေသည့် လယ်မြေတစ်ကွက် ရှိနေသည်။ တောအုပ်၏ နက်ရှိုင်းသော နေရာမှ အစပြုလာသော စမ်းချောင်းငယ်လေး တစ်စင်းသည် လယ်မြေကို ကွေ့ပတ်ကာ စီးဆင်းနေပြီး သူမက နွေရာသီတွင် ထိုနေရာ၌ ဂဏန်းဖမ်းလေ့ ရှိခဲ့သည်။

အရှေ့ဘက်သို့ ဆက်သွားခဲ့လျှင် သူမတို့ မိသားစုက အတွင်းတွင် ကွယ်ဝှက်ထားသော ကျောက်မျက်တွင်း တစ်ခု ရှိနေသည်ဟု

+

ယုံကြည်နေသည့် နက်ရှိုင်းသော ချောက်တစ်ခု ရှိနေခဲ့သည်။ သူမ လက်ထပ်သည့် အခါ ခန်းဝင်ပစ္စည်း အဖြစ် အသုံးပြုရန် ထိုနေရာမှ အကြီးမားဆုံး ကျောက်မျက် တစ်တုံးကို တူးပေးမည်ဟု သူမ၏ မိသားစုသည် တစ်ချိန်က သူမအား ကတိပေးခဲ့ဖူးသည်။

သူမသည် စုန်းမ မဟာမိတ် အဖွဲ့အစည်း အနောက်သို့ လိုက်၍ ငွေမြို့တော်မှ ထွက်ခွာသွားသော အချိန်မှသာ သူမ မိသားစု၏ နယ်မြေသည် မှုးမတ်များ အကြားတွင် အသေးငယ်ဆုံး ဖြစ်နေမှန်းကို သိခဲ့ရသည်။

+

သူတို့၏ နယ်မြေသည် အခြား မြို့များမှ
မှူးမတ်များနှင့် ယှဉ်လိုက်လျှင် သာမန်
နိုက်သူရဲကောင်း တစ်ယောက်၏ နယ်မြေ
အရွယ်အစားသာ ရှိနေခဲ့သည်။ သူတို့၏
ရေအရင်းအမြစ်သည် စမ်းချောင်းငယ်လေး
တစ်ခုသာ ရှိသဖြင့် လယ်မြေချဲ့ထွင်မှုက
အကြီးအကျယ် အကန့်အသတ် ရှိနေပေသည်။

ချောက်အတွင်းတွင် တည်ရှိနေသည်ဟု သူမတို့
ယုံကြည်နေသော ကျောက်မျက်တွင်းကလည်း
သူမတို့၏ အိမ်မက်သက်သက်နှင့်သာ တူနေသည်။
အကယ်၍ ထိုကျောက်မျက်တွင်းက တကယ်တမ်း
တည်ရှိနေလျှင်ပင် သူတို့သည် ဆက်လက် တူးဖော်
လုပ်ကိုင်ရန် လုံလောက်သော ရွှေပြားများ
မရှိနေပေ။

+

သူမ ရှည်ကြာစွာ ထွက်ခွာခဲ့သည့် အချိန်၌ ဤနေရာသည် များစွာ ပြောင်းလဲခဲ့ခြင်း မရှိခဲ့ပေ။ ပြီးခဲ့သော နှစ်များစွာ အတွင်းတွင် ခြုံထူနေသော လယ်မြေများသည် အနည်းငယ် သေးငယ်သွားသည်ဟု ထင်နေရသော်လည်း သူမ ငယ်ဘဝ မြင်ကွင်းများသည် ယခုအချိန် အထိ ကြည်လင် ပြတ်သားနေဆဲ ရှိနေသေးသည်။

နိုက်တင်ဂေးသည် ယခုအချိန်၌ "နေ့ဟောင်းတွေက အိမ်မက်ဆိုးကို ဖျောက်ဖျက်ခဲ့ခြင်းဟာ အတိတ်ကို စွန့်လွှတ်လိုက်ပြီလို့ ဆိုလိုနေတာ မဟုတ်ဘူး" ဆိုသည့် ဝင်ဒီ ပြောခဲ့သည့် စကားများ၏

+

အခိပ္ပာယ်ကို စတင်၍ နားလည်သကဲ့သို့
ဖြစ်လာခဲ့သည်။

သို့သော်လည်း နိုက်တင်ဂေးသည် စံအိမ်အနီးသို့
ချဉ်းကပ်လာခဲ့သော အခါ အံ့သြ
မှင်သက်သွားခဲ့ရသည်။

လူသူ ကင်းမဲ့နေသော အိမ်သည် ဟောင်းနွမ်း
စုတ်ပြတ်နေမည်ဟု သူမက ထင်ထားခဲ့သော်လည်း
စံအိမ်အား ပြန်လည် မွမ်းမံထားရုံသာ မကပဲ မူလ
အဆောက်အအုံအား များစွာ ပြန်လည်၍
ချဲ့ထွင်ထားသည်ကို တွေ့လိုက်ရသည်။

+

သူမသည် ခြံစည်းရိုးကို ဖြတ်၍ လျှောက်သွားသော
အခါ နွမ်းပါးစွာ ဝတ်ဆင်ထားသော လူအများကို
တွေ့လိုက်ရပြီး အချို့မှာ သူတောင်းစားများနှင့်ပင်
တူနေခဲ့သည်။ အစေခံ များစွာတို့သည်
လူအုပ်ကြီးအား ယာဂုများ ဝေမျှနေကြပြီး
လူအုပ်ကြီးကလည်း အချိန်နှင့် အမျှ သူတို့၏
ကျေးဇူးရှင်အား မေတ္တာပို့သနေကြလေသည်။

ခြံဝင်း အဆုံးရှိ လူအုပ်အလွန်မှ စံအိမ်ဝင်ပေါက်
အရှေ့တွင် လူတစ်ယောက် ရပ်နေ၍ ကျေးဇူး
တင်နေကြသော လယ်သမားများကို
ပြုံးပြနေသည်ကို သူမက သတိပြုမိသည်။ သူ၏
ဝတ်စား ဆင်ယင်ပုံနှင့် ပြုမူ လှုပ်ရှားပုံတို့က
သူသည် ကောင်းစွာ မွေးမြူခြင်း ခံထားရသော

+

သူကောင်းမျိုး လူကြီးလူကောင်း တစ်ယောက် ဖြစ်နေကြောင်းကို ဖော်ပြနေခဲ့သည်။

နိုက်တင်ဂေး မျှော်မှန်းထားသည့် အတိုင်း ထိုသူသည် သူမ မေ့ထားသည်မှာ ကြာပြီဖြစ်သည့် သူမ၏ မောင်ငယ် ဟိုက်ဒီဂီလန်ပင် ဖြစ်ပေတော့သည်။

## စာစဥ် ၅၉ : အပိုင်း ၈

## အပိုင်း ၈၇၈ : နိုက်တင်ဂေး၏ စုံစမ်း စစ်ဆေးမှု

+

ငွေမြို့တော် သခင်၏ ဖော်ပြချက် အရ နိမ့်ပါးသွားပြီ ဖြစ်သော ဂီလန်စံအိမ် အနေဖြင့် ဆင်းရဲသားများအား ထောက်ပံ့ပေးရန် ဘဏ္ဍာရေး အခြေအနေ မရှိနိုင်တော့ပေ။ အခြား စကားလုံးဖြင့် ပြောရလျှင် ဗစ်ကောင့် ဆိုမီသည် အိမ်တော်ကို ဆက်လက် ချဲ့ထွင်နိုင်အောင် ကူညီ ထောက်ပံ့သည့် အပြင် ဆင်းရဲသားများကိုလည်း နွေးထွေးသော ယာဂုများကို ဝေငှပေးသည့် ပရဟိတ သမားပင် ဖြစ်ပေသည်။

သူတို့သည် မှုုးမတ်များ လုပ်နေကျ အတိုင်း ဂီလန် အိမ်တော်ကို ပြန်လည် ရှင်သန်ရန် ထောက်ပံ့ ကူညီမည့် အစား အဘယ်ကြောင့် ဟိုက်ဒီအား မွေးစားခဲ့သည်ကို သူမက နားမလည်နိုင်ခဲ့ပေ။ သို့သော်လည်း ဘာပဲပြောပြော ဗစ်ကောင့်

+

ဆိုမိသည် လူဆိုးတစ်ယောက်နှင့် မတူနေဟု သူမက တွေးမိသည်။

လူအများ ဒုက္ခရောက်နေသည့် အချိန်တွင် အစားရေစာများ ဝေငှပေးလိုသည့် လူတစ်ယောက်သည် သဘာဝအားဖြင့် ကြင်နာ ရက်ရောသည့် လူတစ်ယောက် ဖြစ်ပေလိမ့်မည်။ ထို့အပြင် ဟိုက်ဒီသည် ဤကဲ့သို့သော ကုသိုလ်ကောင်းမှု ပြုလုပ်ရသည့် အတွက် ကောင်းကျိုးများ ရနိုင်မည် ဖြစ်သည်။

ဟိုက်ဒီသည် ယခုအချိန်၌ အကျဉ်းအကျပ် အခြေအနေသို့ ရောက်နေခဲ့လျှင်ပင် သူမက ဝင်ရောက် စွက်ဖက်လိမ့်မည် မဟုတ်ချေ။

+

သူမသည် နေရာဟောင်းသို့ ပြန်လည် လာရောက်၍ အတိတ်ကို ပြန်လည်၍ လွမ်းဆွတ်တသလိုခြင်းသာ ဖြစ်ပေတော့သည်။

နိုက်တင်ဂေးသည် အခြား နေရာများသို့ သွားရောက် ကြည့်ရှုရန် ဟန်ပြင်လိုက်ချိန်တွင် ရုတ်ခြည်းပင် ထူးဆန်းသော ခံစားချက် တစ်ခု၏ ရိုက်ခတ်ခြင်းကို ခံလိုက်ရသည်။

သူမက ခေတ္တ ရပ်တန့်ပြီးမှ တွေးလိုက်သည်။ နေပါဦး၊ ဒီနေရာမှာ ဘာများ မှားနေတာလဲ။

+

သူမသည် ခြံဝင်းအား အကဲခတ်နေရင်း စုတ်ပြတ်နေသော ဆင်းရဲသားများ၊ အစီအစဉ်ကျအောင် ထိန်းသိမ်းနေသော အစေခံများ၊ စံအိမ် အစောင့်များနှင့် ကြီးကြပ် ကွပ်ကဲနေသော မှူးမတ်တို့အား ကြည့်လိုက်ရင်း မျက်မှောင်ကြုတ်လိုက်သည်။

ဟိုက်ဒီသည် နတ်ဘုရား တံ့ပြန်မှု ကျောက်တုံး တစ်ခုကိုမှ ဝတ်ဆင်ထားခြင်း မရှိပဲ အရည်အသွေး အညံ့ဆုံး ကျောက်တုံး တစ်တုံးကိုပင် မဝတ်ထားချေ။

မြူခိုးငွေ့များမှ တဆင့် သူမသည် ဟိုက်ဒီ၏ ရုပ်ရည်သွင်ပြင်နှင့် အဝတ်အစားတို့ကို ကောင်းစွာ

+

မြင်နိုင်ခဲ့သည်။ သို့သော်လည်း သူမသည် ဝင်ပေါက်မှ အစောင့်အား ကြည့်မိလိုက်သော အခါ သူ့ရင်ဘတ်မှ အနက်ရောင် တွင်းနက်တစ်ခုက သူမ၏ မြင်ကွင်းအား ပိတ်ဆို့ထားသဖြင့် ဖနောင့် အနားမှ ဓားအိမ်ကိုသာ တွေ့နိုင်ခဲ့သည်။

ယခုအချိန်တွင် နိုက်တင်ဂေးက တစ်ခုခု မှုမမှန်နေသည်ကို တွေ့ရှိခဲ့သည်။ ဗစ်ကောင့် တစ်ယောက်၏ ဆက်ခံသူသည် နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး တစ်ခုကိုမှ ဝတ်ဆင်ထားခြင်း မရှိသည်မှာ လုံးဝကို သဘာဝမကျနေပေ။

အစောင့်များကပင် ကျောက်တုံးများကို ဝတ်ဆင်ထားနိုင်ကြသည်။

+

ဟိုက်ဒီသည် ယခုအချိန်တွင် စုန်းမများ အပေါ်၌ အထင်လွဲမှားသော စိတ်များ မရှိတော့၍လားဟု သူမက စဉ်းစားခဲ့သေးသော်လည်း မကြာမီပင် ထိုဖြစ်နိုင်ချေအား ပယ်ချလိုက်သည်။ သူမ မောင်လေး လွှန်ခဲ့သော ဆယ်စုနှစ် တစ်ခုက ပြောခဲ့သော စက်ဆုပ် ရွံရှာသည့် စကားကို ယခုတိုင်အောင် မှတ်မိနေသေးသည်။

"ငါက နင့်လို အစ်မမျိုး တစ်ယောက် မရှိရင် ကောင်းတယ်... စုန်းမတွေ အားလုံးဟာ မိစ္ဆာတွေနဲ့ အတူ ငရဲကိုပဲ သွားသင့်တယ်" ထိုအချိန်က သူမသည် လိမ်ညာမှုများကို ဖော်ထုတ်နိုင်သည့် စွမ်းရည် မရှိခဲ့သေးသော်လည်း ဟိုက်ဒီက

+

ဤအတိုင်း ဆိုလိုနေသည်ကို သူမက သိနေခဲ့သည်။ သူ၏ မျက်လုံးများသည် အရာအားလုံးကို ဖော်ပြနေခဲ့သည်။

ဟိုက်ဒီက နတ်ဘုရား တံ့ပြန်မှု ကျောက်တုံး တစ်တုံးအား မတတ်နိုင်၍လော ဟူ၍ သူမက တွေးခဲ့သည်။ နိမ့်ပါးသွားသော မှူးမတ်တစ်ယောက် အတွက် ဤကဲ့သို့ ဖြစ်နိုင်သော်လည်း ယခုအချိန်တွင် ဟိုက်ဒီက ဆိုမီ မိသားစု အတွင်းသို့ ဝင်ရောက်ပြီး ဖြစ်နေခဲ့သဖြင့် ကျောက်တုံး တစ်တုံးကိုမှု ဝယ်နိုင်လောက်သည်။

+

အချိန် အနည်းငယ်မျှ တွေဝေနေခဲ့အပြီးတွင် နိုက်တင်ဂေးသည် ပြန်လှည့်လာကာ ခြံဝင်းထံသို့ လျှောက်သွားခဲ့သည်။

သူမက စံအိမ် တံခါးအား ဖွင့်တက်ကျော်နေသည့် အချိန်၌ အစောင့် နှစ်ယောက်တို့ စကားပြောနေသည်ကို ကြားလိုက်ရသည်။ သူတို့ နှစ်ယောက်စလုံးက အသံ တိုးတိုးဖြင့်သာ အချင်းချင်း ပြောနေကြခြင်း ဖြစ်သည်။

"မှူးမတ်တွေက ကြောက်စရာ သတ္တဝါတွေပဲ… သူက ငါတို့နဲ့ ဘာမှ မကွာခြားပဲ သခင်ကို ကျေနပ်အောင် ပြုလုပ်နေရတဲ့ လက်အောက်ငယ်သား တစ်ယောက်ပါပဲ… ခမ်းနား

+

ထည်ဝါစွာ ဝတ်စားခဲ့တာနဲ့ လုံးဝကို ကွဲပြား ခြားနားတဲ့ သူတစ်ယောက် ဖြစ်သွားမယ်လို့ ဘယ်သူက ထင်ထားမှာလဲ… ဒါက သခင် ပြောလေ့ရှိတဲ့ သူကောင်းမျိုးတွေရဲ့ အရှိန်အဝါပဲလား"

"လျှောက်ပြောမနေနဲ့" အခြား အစောင့်က ခပ်တိုးတိုး အော်လိုက်သည်။ "သခင်က အခု အိမ်ထဲမှာ ရှိနေတယ်… တကယ်လို့ ငါတို့ပြောနေတာကို တစ်ယောက်ယောက် ကြားသွားပြီး သခင်ကို သွားပြောလိုက်ရင် မင်းက ဒီလ လစာ အဖြတ်ခံရလိမ့်မယ်"

+

အရင်လူက ပခုံးတွန့်လိုက်သည်။ "ဘာမှ စိတ်ပူစရာ မလိုပါဘူး… ငါက နားပါးပါတယ်… တစ်စုံတစ်ယောက် အနားရောက်လာရင် ငါက သိနေမှာပဲ… ဒါ့အပြင် ငါက လိမ်ပြောနေတာမှ မဟုတ်တာ… သူက တကယ့်ကို အိမ်စောင့်ခွေးပဲ… သခင်က သူ့ကို အမျက်တကြီးနဲ့ ကြိမ်းမောင်းနေတာ အိမ်ပေါ်ကရော အိမ်အောက်ကပါ ကြားနေနိုင်တယ်"

"သခင်က အခုတလော ဒေါသကြီးနေတာကို မင်းကလည်း သိနေသားနဲ့ သူ့ကို အမျက်ထွက်အောင် လုပ်ချင်နေပြန်ပြီ" အခြား အစောင့်က ညည်းတွားလိုက်သည်။ "ဟိုလူက ဘယ်လောက်အထိ နိမ့်ပါးနေပါစေ မှူးမတ်တစ်ယောက် ဖြစ်နေသေးတယ်… မင်းက

+

ဘယ်သူလဲ... ထင်ရှားတဲ့ မိသားစု နာမည် ရှိနေတဲ့ သူတစ်ယောက်လား"

"ဘေးရွာက အလုပ်သမား ခေါင်းဆောင်ကတောင် မင်းထက်ပိုပြီးမှ ဂုဏ်ရှိနေသေးတယ်... တကယ်လို့ မင်းဦးလေးက မင်းကို စောင့်ရှောက်ပေးဖို့ ငါ့ကို ပြောမထားခဲ့ရင် ငါကမင်းကို ဂရုစိုက်နေမှာတောင် မဟုတ်ဘူး"

"ကောင်းပါပြီ... ကောင်းပါပြီ... ငါပါးစပ်ပိတ်ထားပါတော့မယ်... ဘာလဲဟ" ပထမ အစောင့်က ရုတ်တရက် တောင့်ကနဲ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ'

+

"တစ်စုံတစ်ယောက်က ငါတို့အနားက ဖြတ်သွားသလိုပဲ..." သူက ဘေးဘီဝဲယာသို့ လှမ်းကြည့်လိုက်ကာ တီးတိုး ရေရွတ်လိုက်သည်။
"ငါက ထင်ယောင်ထင်မှား ဖြစ်နေတာပဲ နေမှာပါ"

.........

အစောင့်များကို လျစ်လျူရှုထားရင်း နိုက်တင်ဂေးသည် နံရံမှ တဆင့် တိုက်ရိုက် ဖြတ်လျှောက်လာပြီး နတ်ဘုရား တံ့ပြန်မှု ကျောက်တုံး နယ်မြေများ အပေါ်တွင် အခြေခံ၍ ဗစ်ကောင့်၏ အခန်းကို မကြာမီပင် ရှာတွေ့သွားခဲ့သည်။

+

ယောဘုယျအားဖြင့် တစ်ယောက်၏
အဆင့်အတန်းက မြင့်မားလေလေ သူ၏ နတ်ဘုရား
တုံ့ပြန်မှု ကျောက်တုံးက ပို၍ အရည်အသွေး
ကောင်းလေလေ ဖြစ်သည်။ နိုက်တင်ဂေးသည်
လုပ်ကြံသူ တစ်ယောက် ဖြစ်ခဲ့စဉ်က
ဤနည်းလမ်းကို အသုံးပြု၍ သူမ၏ ပစ်မှတ်များကို
ရှာဖွေခဲ့ပြီး ဤနည်းလမ်းက အတော်လေး
အလုပ်ဖြစ်ခဲ့သည်။

ဒေါ့ဆိုမီက ဤနေရာတွင် ရှိနေသည်ကို
တွေ့ရှိခဲ့သော အခါ ခြံဝင်းအတွင်းမှ အစာ
ဝေငှနေမှုသည် သူမ ထင်နေသကဲ့သို့
မရိုးရှင်းသည်ကို ရေးရေးလေး ရိပ်စားမိခဲ့သည်။

+

ဇစ်ကောင့်နှင့် သူ့အစောင့်အဖြစ် ထားထားသည့် ချပ်ဝတ်တန်ဆာ အပြည့်အစုံ ဝတ်ဆင်ထားသော နိုက်သူရဲကောင်း တစ်ယောက်အပြင် စားပွဲရှေ့တွင် ဝတ်ရုံတစ်ခုကို ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ရှိနေသေးသည်။ ထိုအဘိုးအိုအား ကြည့်ရသည်မှာ ဘုရင့်မြို့တော်ဟောင်းမှ ပညာရှိ တစ်ယောက်နှင့် တူနေပေသည်။

"သခင်ဒေါ့... ခင်ဗျားက မနေ့က သခင် ဟိုက်ဒီကို မအော်ခဲ့သင့်ဘူး... သူက ခင်ဗျားအပေါ်မှာ အညှံ့ခံထားပြီးပြီ ဆိုပေမဲ့ တစ်ခါတစ်ရံမှာ

+

ကြြင်ကြြင်နာနာ ဆက်ဆံခဲ့ရင် သူက တာဝန်ကို ပိုပြီးမှ ကျေကျေပွန်ပွန် ထမ်းဆောင်လိမ့်မယ်"

နောက်မှီ ထိုင်ခုံမြင့် တစ်ခုပေါ်တွင် ထိုင်နေသော ဒေါ့ဆိုမီက စိတ်အနှောင့်အယှက် ဖြစ်စွာဖြင့် စားပွဲအား ရိုက်လိုက်သည်။ "ကျုပ်သိတယ်... ဒါပေမဲ့ ကျုပ်က ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ခဲ့ဘူး... ကျုပ်လိုချင်တာ ရနိုင်ဖို့ ဆယ်စုနှစ်နဲ့ ချီပြီးမှ ကြိုးစားခဲ့ရပြီး အရှေ့ပိုင်းက နယ်မြေနှစ်ခုကို ရယူနိုင်ဖို့ လက်တစ်ကမ်းပဲ လိုတော့တဲ့ အချိန်မှာ ရိုလန် ဝင်ဘယ်ဒန်ရဲ့ ကျပန်းအမိန့် တစ်ခုက အရာအားလုံးကို ကျိုးပျက်စေခဲ့တယ်"

+

"ဟိုအရှုးအိုကြီး ဘာပြောခဲ့သလဲ ဆိုတာကို ခင်ဗျားက ကြားတယ်မလား... သူက ကံကြွေးချ စွမ်းအားတွေကို စွန့်လွှတ်ဖို့ ဆန္ဒရှိပြီး အရှင်မင်းမြတ်ရဲ့ အုပ်ချုပ်မှု ဝါဒလမ်းစဥ် အသစ်ကို အပြည့်အဝ ထောက်ခံလိုနေတယ်... သူမလိုဘူးလို့ ထင်နေတဲ့ အရာတွေကို တခြားသူတွေက လိုအပ်နေမယ်လို့ သူက မတွေးမိဘူးလား... ကျုပ်က တကယ်ကိုပဲ အမျက်ထွက်နေမိတယ်"

"ပြုံးပါ... သခင်... ပြုံးထားပါ... အရှင်က မနေ့ညက ဒေါသ ဖောက်ခွဲခဲ့ပြီးပြီပဲ" ပညာရှိက သူ၏ မုတ်ဆိတ်မွေးများကို ပွတ်သပ်လိုက်သည်။ "သခင်က အုပ်ချုပ်မှု ဝါဒလမ်းစဥ် အသစ်ကို လိုက်နာဖို့ ဒီလောက်တောင် ဝန်လေးနေမှတော့

+

ဘာဖြစ်လို့ မနေ့ကတည်းက ကံကြွေးချ
စွမ်းအားတွေကို စွန့်လွှတ်ဖို့ မငြင်းဆန်ခဲ့ရတာလဲ"

"အမ်..." ဒေါ်က ခေတ္တမျှ စကားရှာမရ ဖြစ်သွားပြီးမှ
နာကျည်းစွာဖြင့် ပြန်ပြောလိုက်သည်။ "ကျုပ်က
ဘုရင်ကို ဆန့်ကျင်နိုင်တဲ့ အခြေအနေမှာ
ရှိနေတယ်လို့ ခင်ဗျားက ထင်နေလို့လား...
တင်မိုသီရဲ့ တော်ဝင်
နိုက်သူရဲကောင်းတွေကတောင် ရိုလန်ရဲ့
အနိုင်ယူမှုကို ခံနေရတာ... ခင်ဗျားက ကျုပ်ကို
ပွဲချင်းပြီး သေစေချင်နေတာလား"

"ဒီလိုဆိုတော့ အရှင့်ရဲ့ ညည်းညူမှုတွေဟာ
အခြေအနေကို မကူညီနိုင်ပဲ ပိုပြီးမှ ဆိုးစေခဲ့တယ်...

+

ဒီလိုဆိုတော့ အခိပ္ပာယ် မရှိပဲ ဆက်လက်
ညည်းတွားနေလိုသေးတာလား"

"သေစမ်းကွာ" ဗစ်ကောင့်က အချိန်အတန်ကြာ
ငြိမ်သက်သွားပြီးမှ အသံတိုးတိုးဖြင့်
ကျိန်ဆဲလိုက်သည်။

"အရှင်မင်းမြတ်က ကံကြွေးချ စွမ်းအားတွေကိုသာ
ဖျက်သိမ်းပြီး ကျန်တဲ့ အရာတွေကို ဒီအတိုင်း
ထားခဲ့သေးတာကြောင့် သခင်က အားလ်ဝီလီယမ်
အတိုင်း လိုက်လုပ်လို့ ရတယ်... သခင်က လက်ရှိ
နယ်မြေတွေကို ကောင်းကောင်း စီမံ ခန့်ခွဲနိုင်ရန်
အများကြီး ဆုံးရှုံးမှာ မဟုတ်ပါဘူး"

+

"ဒါပေမဲ့ တရားစီရင်မှု အာဏာ မရှိတော့ရင် လောဘကြီးတဲ့ ဟိုမြို့စောင့်တပ်တွေက အနေးနဲ့ အမြန် ဒီနေရာကို ရောက်လာတော့မှာပဲ… အဲ့ဒီအချိန်မှာ ငါက သူတို့ကို ဘယ်လို ဟန့်တားရမှာလဲ" ဒေါ့က သူ၏ခေါင်းကို ပြင်းထန်စွာ ခါလိုက်သည်။ "ငါက ဘာရောင်းနေသလဲ ဆိုတာကို မင်းကလည်း သိနေတာပဲ… သူတို့ တွေ့သွားတာနဲ့ ငါက စက်တိုင်တက်ရမှာ မလွဲမသွေ ဖြစ်တယ်"

"ဒီလိုဆိုရင် ဒီလုပ်ငန်းကို စွန့်လွှတ်လိုက်ပါ" ပညာရှိက ချက်ချင်း ပြန်ပြောလိုက်သည်။ "ဒါက ကြာကြာခံမှာ မဟုတ်ဘူးလို့ ကျွန်တော်က အစကတည်းက ပြောထားတာပဲ… သခင်က ငွေရင်း လုံလုံလောက်လောက် စုဆောင်းမိပြီး

+

ဘုရားကျောင်းရဲ့ ကန့်သတ် ချုပ်ချယ်မှုကလည်း မရှိတော့ဘူး ဆိုတော့ သာမန် စီးပွားရေး တစ်ခုကို ပြောင်းလုပ်လို့ရပြီ"

"သခင်က ဘာဖြစ်လို့ အစကတည်းက ဂီလန် မိသားစုကို ထိန်းချုပ်နိုင်ဖို့ လုံ့လများစွာ စိုက်ထုတ်ခဲ့တာလဲ... သခင့်ရဲ့ နယ်မြေကို ချဲ့ထွင်ပြီး ပိုမို လုံခြုံ စိတ်ချရတဲ့ အခြေအနေကို ပိုင်ဆိုင်နိုင်ဖို့ မဟုတ်လား"

ဇစ်ကောင့်သည် ဤကိစ္စအား စွန့်လွှတ်ရမည်ကို အခက်တွေ့နေဟန် တူသည်၊ ခုနစ်မိနစ် ရှစ်မိနစ်ခန့် တွေဝေနေပြီးမှသာ နောက်ဆုံးတွင် ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ "ငါသိပြီ...

+

ဒါက နောက်ဆုံးအကြိမ် အစာဝေငှခြင်း ဖြစ်လိမ့်မယ်... ဟိုက်ဒီက ပြီးသွားရင် ငါက သူ့ကို ကိုယ်တိုင်ကိုယ်ကျ ပြောလိုက်မယ်"

"စီးပွားရေးကို ရုတ်တရက် မရပ်ဆိုင်းလိုက်ပါနဲ့... ဒါဆိုရင် မလိုလားအပ်တဲ့ သံသယတွေ ဖြစ်လာနိုင်တယ်... သခင်က ခဏတာ ဆက်လုပ်နိုင်ပေမဲ့ သူတို့ကို နောက်ထပ် ထပ်မလာဖို့ ပြောလိုက်ပါ"

"ကောင်းပြီလေ... ငါက မင်းပြောတဲ့အတိုင်း လုပ်လိုက်မယ်" ပညာရှိ ပြောသော မှောင်ခို စီးပွားရေးကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့အပြီးတွင် ဒေါ့က အတော်လေး စိတ်သက်သာရာ ရသွားသည့်ပုံ

+

ပေါက်သွားသည်။ သူသည် နောက်မှီ
ကုလားထိုင်တွင် မှီထိုင်လိုက်ပြီး
ကျယ်လောင်စွာဖြင့် ရယ်မောလိုက်သည်။

"ဟိုဂီလန် နှစ်ယောက်ကတော့ ဘာဖြစ်သွားမှန်းကို
သဘောပေါက်မှာ မဟုတ်ဘူး... သူတို့က ဘာမှ
မသိကြတဲ့ အတွက် ငါက ဂီလန် မိသားစုကို
စောင့်ရှောက်ဖို့ အသင့်တော်ဆုံး လူတစ်ယောက်
ဖြစ်လာခဲ့တာပဲ... ဟိုက်ဒီက သူ့မိဘတွေဟာ
ဒုက္ခသည်တွေ ရုန်းရင်းဆန်ခတ် ဖြစ်တဲ့အချိန်မှာ
သေဆုံးသွားကြတယ်လို့ ထင်နေသေးမှာပဲ...
မဟုတ်လား... ဟားဟားဟား"

+

ဤစကားများသည် နိုက်တင်ဂေးအား အမျက်
အလွန်အမင်း ထွက်သွားစေခဲ့သည့် အတွက် သူမ၏
မျက်လုံး သူငယ်အိမ်များသည် ဒေါသဖြင့်
ရုတ်တရက် ကျဉ်းမြောင်းသွားလေသည်။

## စာစဉ် ၅၉ : အပိုင်း ၉

## အပိုင်း ၈၇၉ : သစ္စာဖောက်မှု၏ အကြောင်းပြချက်

ဒေါ့ဆိုမီသည် အဘယ်ကြောင့် ရုန်းရင်းဆန်ခတ်
ဖြစ်မှုကို ဖော်ပြခဲ့ရသနည်း။

+

လွန်ခဲ့သော နှစ်ပေါင်းများစွာက ကြေကွဲဖွယ်ရာ
သတ္တုတွင်း မတော်တဆမှု တစ်ခုကြောင့်
မိုင်းလုပ်သားများ ရာနှင့်ချီ၍ သေဆုံးခဲ့ရသည်။
ထိုအချိန်က သတ္တုတွင်း ပိုင်ရှင်သည် လူလွတ်များ
အတွက်သာ လျော်ကြေး ပေးလိုခဲ့ပြီး
လစာနည်းသော ဒုက္ခသည် လုပ်သားများ အပေါ်
လျစ်လျူရှုထားမှုကြောင့် ဒုက္ခသည်များ၏ မိသားစု
အဖွဲ့ဝင်များက အမျက်ဒေါသ ပေါက်ကွဲခဲ့၍
ငွေမြို့တော် အတွင်းတွင် ကြီးမားသော အဓိကရုဏ်း
တစ်ခု ဖြစ်ပွားခဲ့သည်။

ဒုက္ခသည်များစွာတို့သည် သတ္တုတွင်း နေရာမှ
ဒေါသတကြီးဖြင့် လွတ်မြောက်လာကြပြီး သူတို့
မြင်သမျှ နေအိမ်များကို တိုက်ခိုက်
လုယက်ခဲ့ကြသည်။ အများအပြား ပျက်စီး

+

ဆုံးရှုံးသွားပြီးမှသာ ထိုအဓိကရဏ်းအား
ဘုရင့်မြို့တော်မှ နိုက်သူရဲကောင်းများက
နှိမ်နင်းနိုင်ခဲ့ပြီး ပြန်လည် ငြိမ်းချမ်းသွားခဲ့သည်။

ထိုအချိန်သည် သူမက သူမ မိဘများကို
နောက်ဆုံးအကြိမ် မြင်ခဲ့ရသည့် အချိန် ဖြစ်သည်။
သူမနှင့် သူမ မောင်လေးတို့က ဂီလန်အို၏ စံအိမ်သို့
ခေါ်ဆောင်ခြင်းခံသွားရမှသာ သူမတို့၏ မိဘများ
အသတ်ခံခဲ့ရခြင်းကို သိခဲ့ရသည်။

သို့သော်လည်း ယခုအချိန်တွင် ဗစ်ကောင့်
ပြောခဲ့သည့်ပုံအရ ဤကဲ့သို့ မဟုတ်ခဲ့ပေ။

+

ဤ၍ဖြစ်ရပ် ပြီးဆုံးသွားပြီး ဆယ်စုနှစ်ကျော်ကြာမှသာ လုံး၀ကို ကွဲပြား ခြားနားနေသည့် ဇာတ်လမ်း တစ်ပုဒ်အား ကြားခဲ့ရမည်ဟု သူမက လုံး၀ မမျှော်လင့်ခဲ့ပေ။ အကယ်၍ ဗစ်ကောင့်က အမှန်အတိုင်း ပြောခဲ့သည် ဆိုပါက သူမသည် ဟိုက်ဒီနှင့် ဆိုမီတို့၏ အကြားမှ ဆက်ဆံရေး အပြင် အခြား တစ်စုံတစ်ရာကိုပါ စုံစမ်း စစ်ဆေးရပေလိမ့်မည်။

နိုက်တင်ဂေးသည် အခန်းအတွင်းမှ ငြိမ်သက်စွာ ထွက်ခွာခဲ့ပြီး မြေအောက်ခန်းသို့ ရောက်လာသော အခါ သူမနှင့် အတူ ယူလာခဲ့သည် နားထောင်ခြင်း မော်အင်းကွက်အား ဖွင့်လိုက်သည်။

+

မှော်အင်းကွက်သည် အစ ပထမက ရိုလန်သည် သူမအား ချက်ချင်း ပြန်ခေါ်လိုသည့် အခါတွင် အသုံးပြုရန် ယူလာခဲ့ခြင်း ဖြစ်ပြီး သူမက စတင်၍ အသုံးပြုရလိမ့်မည်ဟု နိုက်တင်ဂေးက မမျှော်လင့်ထားပေ။

"ကြည့်ရတာ ဒီကိစ္စက အတော်လေး မသင်္ကာစရာ ကောင်းနေတာပဲ" သူမ ပြောပြခဲ့သည်ကို ကြားခဲ့ရအပြီးတွင် ရိုလန်က ပြန်ပြောလိုက်သည်။ "ဒီလိုဆိုတော့ မင်းက ဒီစံအိမ်မှာ နည်းနည်းကြာကြာ နေဦးမှာပေါ့"

"ဟုတ်ပါတယ်... ကျွန်မက ဟိုက်ဒီကို ညမှာ ကိုယ်တိုင်ကိုယ်ကျ မေးမြန်းချင်နေပါတယ်... သူက

+

တစ်စုံတစ်ခု သိကောင်း သိနေလိမ့်မယ်"
နိုက်တင်ဂေးက ခေတ္တမျှ ချီတုံချတုံ ဖြစ်သွားခဲ့ပြီးမှ
တောင်းပန်လိုက်သည်။ "ဝမ်းနည်းပါတယ်…
အရှင်မင်းမြတ်… ကျွန်မက…"

"ဘာမှ တောင်းပန်နေစရာ မလိုပါဘူး" ရိုလန်က
သူမအား လျင်မြန်စွာ ဖြတ်ပြောလိုက်သည်။
"မင်းက စုံစမ်းစစ်ဆေးနေတဲ့ အချိန်မှာ ငါက
စခန်းထဲမှာပဲ စောင့်နေလိုက်မယ်… စိတ်မပူပါနဲ့…
ဒီနေရာက အမတန်မှ လုံခြုံပါတယ်… ငါက
အထဲမှာပဲ နေခဲ့ရင် ကတိဖျက်ရာ မကျပါဘူး"

"မင်းကသာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပြီး
လုံခြုံအောင် နေပါ… အလောတကြီးနဲ့

+

မလှုပ်ရှားပါနဲ့… မင်းဘာကိုပဲ တွေ့ခဲ့တွေ့ခဲ့ ငါ့ကို လေးနာရီတိုင်း ပြန်လည် တင်ပြရမယ်"

နိုက်တင်ဂေးသည် ရိုလန်၏ စကားများကို ကြားခဲ့ရသော အခါ တစ်ကိုယ်လုံး နွေးထွေးသွားသကဲ့သို့ ခံစားခဲ့ရသည်။ ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် သူမက အသံတိုးတိုးဖြင့် နူးညံ့စွာ ပြန်ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ… ကျွန်မ နားလည်ပါတယ်"

………

ကောင်းကင်တွင် လရောင်က မှေးမှိန်သွားသော အခါ နိုက်တင်ဂေးသည် မြေအောက်ခန်းမှ နေ၍

+

ဟိုက်ဒီ၏ အခန်းသို့ ထွက်ခွာသွားခဲ့သည်။ သူမသည် သူမ မောင်လေး၏ အခန်းအား အစောကတည်းက ရှာခဲ့ပြီးသား ဖြစ်သည်။

တိမ်းစောင်းနေသော လရောင်အရ ညသန်းကောင်ကျော်နေပြီ ဖြစ်မှန်းကို သိနိုင်ပြီး ဤအချိန်၌ လူအများစုက နှစ်ခြိုက်စွာ အိပ်မောကျနေပြီ ဖြစ်သဖြင့် သူမ လှုပ်ရှားရန် အကောင်းဆုံး အချိန် ဖြစ်နေသည်။ နိုးကြားနေသည့် အစောင့်များကပင် ညအမှောင်အတွင်း၌ တစ်ခါတစ်ရံ အိပ်ငိုက်နေတတ်ကြသည်။

ဟိုက်ဒီ၏ အခန်းသည် စံအိမ်၏ ပထမထပ်၌ နောက်ဖေးခြံဝင်းနှင့် နီးကပ်စွာ တည်ရှိနေသည်။

+

ထိုနေရာသည် အများအားဖြင့် အစေခံများ
သို့မဟုတ် အရေးမပါသော ဧည့်သည်များ
အတွက်သာ ဖြစ်၍ အစောင့်နှစ်ယောက်
ပြောထားသည့် အချက်နှင့် ကိုက်ညီနေသည်။

ဤအရာက ဗစ်ကောင့်ဒေါ့သည် ဂီလန်အိမ်တော်၏
မျိုးဆက်ကို လေးနက်စွာ သဘောမထားနေရုံတင်
မကပဲ အတိတ်က ဆိုမီတို့ သူတို့အပေါ်တွင်
ဖော်ပြခဲ့သော ကြင်နာမှုက ဟန်ဆောင်နေခြင်းသာ
ဖြစ်သည်ကို ဖော်ပြနေသည်။

အိမ်အတွင်းတွင် ဟိုက်ဒီ၏ နိမ့်ကျသော
အဆင့်အတန်းကြောင့် ခန်းမ တစ်ခုလုံးက
အစောင့်အကြပ် ကင်းမဲ့နေကာ နိုက်တင်ဂေးက

+

အရေးပေါ် အခြေအနေတွင် ထွက်ပြေးနိုင်သည့် အချိန် လုံလောက်စွာ ရနိုင်သည်။

အိပ်ခန်း အတွင်းသို့ ဝင်ပြီးသည်နှင့် တစ်ပြိုင်နက် နိုက်တင်ဂေးသည် သူမ မောင်လေးအား အိပ်ရာအတွင်းမှ ချက်ချင်း ဆွဲထုတ်လိုက်သည်။ ဟိုက်ဒီက အိပ်မှုန်စုံမွှားနှင့် ဘာဖြစ်ခဲ့မှန်း သဘောမပေါက်သေးခင်တွင် သူ့လည်ပင်းအား အေးစက်သော ဓားမြှောင်တစ်ခုဖြင့် ထောက်ထားသည်ကို ခံစားခဲ့ရသည်။

"အော်သံတစ်ခု ထွက်ခဲ့တာနဲ့ မင်းက ချက်ချင်း သေသွားလိမ့်မယ်… သဘောပေါက်လား"

+

နိုက်တင်ဂေးက ဟိုက်ဒီ၏ အနောက်မှ နေ၍ တီးတိုး ပြောင်းလိုက်သည်။

ဟိုက်ဒီက ချက်ချင်း ခေါင်းညိတ်လိုက်လေသည်။

"အရမ်းကောင်းတယ်... အခု နောက်လှည့်လိုက်ပြီး ငါဘယ်သူ ဆိုတာကို ကြည့်လိုက်ပါ"

ဟိုက်ဒီက မကြာမီပင် နိုက်တင်ဂေး၏ အမိန့်အတိုင်း ဆောင်ရွက်လိုက်သည်။ လရောင် မှိန်မှိန်အောက်တွင် လုပ်ကြံ သတ်ဖြတ်သူမှာ ဘယ်သူဖြစ်မှန်းကို မြင်ခဲ့ရအပြီးတွင် သူ၏ မျက်လုံး သူငယ်အိမ်များက ချက်ချင်း ပြူးကျယ်သွားခဲ့သည်။ သူ့လည်ပင်း အပေါ်တွင် ဓားမြှောင်ဖြင့်

+

ထောက်ထားခြင်း မရှိပါက အသံကုန်
အော်ဟစ်ခဲ့တော့မည် ဖြစ်သည်။

သို့သော်လည်း သူက အသံမထွက်အောင်
ထိန်းထားနိုင်ခဲ့သေးသည်။

သူမ မောင်လေးက ပြန်လည် တည်ငြိမ်လာပြီဟု
သေချာသွားခဲ့အပြီးတွင် နိုက်တင်ဂေးက
ဓားမြှောင်ကို ဖြည်းဖြည်းချင်း ပြန်လည်
ရုပ်သိမ်းလိုက်သည်။

"နင်... နင်က ဘာဖြစ်လို့ ဒီနေရာကို
ရောက်လာခဲ့တာလဲ" ဟိုက်ဒီက သူ၏
အသံအတွင်းတွင် ကြောက်ရွံ့ တုန်လှုပ်မှုကို

+

ထိန်းချုပ်ထားနိုင်စွမ်း မရှိပေ။ "နင်က သေသွားတာ အကြာကြီးရှိပြီ မဟုတ်လား"

ဟိုက်ဒီ စကားပြောခဲ့သည့် အချိန်တွင် သူ၏ စကားလုံးများသည် နိုက်တင်ဂေး၏ အတိတ်မှ ဒဏ်ရာဟောင်းများကို ပြန်လည် နိုးဆွနိုင်ခဲ့သည်။ ထိုအချိန်ခဏ၌ နိုက်တင်ဂေးသည် သူမက ဂီလန်အို စံအိမ်အတွင်းသို့ ပြန်လည် ရောက်ရှိသွားသကဲ့သို့ ခံစားခဲ့ရသည်။

သူမ မောင်လေးအရင်း၏ သစ္စာဖောက်မှု၊ ဆွေမျိုး နီးစပ်များ၏ မတရား ခိုင်းစေ အသုံးချခံရမှုတို့ကြောင့် နာကျင် ခံစားမှုများက

+

ပြန်ပေါ်လာကာ သူမ၏ စိတ်ကို အနှောင့်အယှက်
ပြန်ပေးခဲ့သည်။

သူမ၏ နူးညံ့သော နှလုံးသားကို
ထိခိုက်နာကျင်အောင် လုပ်ခဲ့သည့် သူမှာ သူမ
အရှေ့မှ သူပင် ဖြစ်နေသည်။

နိုက်တင်ဂေးသည် သူမ၏ ပျံ့လွင့်နေသော
အတွေးများကို စုစည်းရန် လျှာကို သွေးများ
ထွက်လာအောင် ကိုက်လိုက်ပြီးမှ မေးလိုက်သည်။
"နင်က ဘာဖြစ်လို့ ဒီလို ပြောခဲ့တာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့… ဘာဖြစ်လို့လဲ
ဆိုတော့…" ဟိုက်ဒီက တံတွေးကို ခက်ခက်ခဲခဲ

+

မျိုချလိုက်သည်။ "တင်မိုသီက ဘုရင့်မြို့တော် တစ်ခုလုံးနဲ့ ပတ်ဝန်းကျင် မြို့တွေကို ရှာဖွေခဲ့ပြီး စုန်းမတွေ အားလုံးကို သတ်ဖြတ်မယ်လို့ ကြေညာထားခဲ့တယ်... ဒါပေမဲ့ ဇရော်နီကာ... ငါဆိုလိုနေတာက အစ်မ... ငါကနင့်ကို မသေစေလိုနေဘူး"

"ငါကလည်း အဲ့ဒီအချိန်က ဒီသတင်းကြောင့် တုန်လှုပ်သွားခဲ့သေးတယ်... နင်က ကိုယ့်ကိုယ်ကိုယ်သာ ထွက်မသွားခဲ့ရင် အဲ့ဒီအချိန်က အသုတ်သင်ခံရလိမ့်မယ်လို့ ထင်နေခဲ့တာ"

+

ဗရော်နီကာ... နိုက်တင်ဂေးက သူမကိုယ် သူမ တွေးလိုက်သည်။ ထိုနာမည်သည် သူမ အသုံးမပြုသည်မှာ နှစ်နှင့် ချီနေပြီ ဖြစ်သော နာမည်တစ်ခု ဖြစ်နေသည်။ သို့သော်လည်း နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့အပြီးတွင် တိုးတက်လာပြီ ဖြစ်သဖြင့် ယခင်ကကဲ့သို့ ယုံလွယ်သူ တစ်ယောက် မဟုတ်တော့ပေ။

သူမ၏ ခန္ဓာကိုယ် အတွင်းတွင် ထကြွ လှုပ်ရှားနေသော မှော်စွမ်းအားများကြောင့် ဟိုက်ဒီ၏ စကား ဒုတိယ အပိုင်းသည် လုံးဝ လိမ်ညာမှု ဖြစ်သည်ဟု သူမက သိနေခဲ့သည်။

+

"နင်က ဘာဖြစ်လို့ ဗစ်ကောင့် ဒေါ့ဆိုမီနဲ့ အတူ ရှိနေရတာလဲ"

"အင်း..." ဟိုက်ဒီက ခေတ္တမျှ ငြိမ်သက်သွားသည်။ "ဂီလန်အိုကြီး သေသွားပြီးမှာ မိသားစု အတွင်း အငြင်းပွားမှုတွေ ဆက်တိုက် ဖြစ်ပွားခဲ့တယ်... ငါက အသေးစိတ်ကို သိပ်မသိပေမဲ့ ဘွဲ့ထူးကို ခံယူရတော့မယ် အချိန်မှာ အိမ်အတွင်းမှာ စုဆောင်းထားတာတွေ သိပ်မကျန်တော့ဘူး...အဲ့ဒီအချိန်မှာ ဗစ်ကောင့်က ငါ့ကို ခေါ်ခဲ့တာပဲ... သူကငါ့ကို ရွေးချယ်မှု များစွာ မပေးခဲ့ဘူး" (လိမ်ညာနေသည်)

+

"သူကနင့်ကို ဆိုမီ မိသားစု အတွင်းကို ဝင်ဖို့ ဖိအားပေးခဲ့တာလား"

"ဟုတ်တယ်... တကယ်လို့ ငါက သဘောမတူခဲ့ရင် သူကငါ့ကို ဖြည်းဖြည်းချင်း အပြတ်ရှင်းလိမ့်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်" (လိမ်ညာနေသည်)

"ဒီလိုဆိုတော့ နင်က အခုအချိန်မှာ သူ့အတွက် ဘာလုပ်ပေးနေတာလဲ" နိုက်တင်ဂေးက အမှုမထားဟန်ဖြင့် မေးလိုက်သည်။ "နင်က ဆင်းရဲသားတွေကို ကူညီပေးနေတာလား"

"မဟုတ်ဘူး" ဟိုက်ဒီက သူ၏အံကို ကြိတ်လိုက်သည်။ "သူကငါ့ကို အိမ်မက်ရေတွေ

+

ရောင်းချဖို့ အသုံးချနေတာ... သူတို့က ဆင်းရဲသားပုံစံ ရုပ်ဖျက်ထားတဲ့ ကြွက်တွေဖြစ်ပြီး မှာကြားထားတဲ့ ကုန်တွေကို လာယူနေကြတာ ဖြစ်တယ်... ငါကလည်း အခုတလောမှသာ သူ့ရဲ့ အကြံတွေကို ရိပ်မိခဲ့တာပဲ"

ပထမ အပိုင်းသည် အမှန်တရား ဖြစ်ပြီး ဒုတိယပိုင်းမှာ လိမ်ညာမှု ဖြစ်နေသေးသည်။

နိုက်တင်ဂေးသည် သူမအနေဖြင့် စိတ်အနှောင့်အယှက် မဖြစ်တော့ပဲ အတော်လေး စိတ်သက်သာရာ ရခဲ့သည်ကို တွေ့လိုက်ရသည်။ ဤခံစားချက်သည် သူမက သူစိမ်းများနှင့်

+

ဆက်ဆံသည့် အခါ ရရှိခဲ့သော ခံစားချက်ပင် ဖြစ်နေသည်။

လိမ်ညာမှုနှင့် အမှန်တရားတို့သည် အမြဲတမ်း အတူတကွ လာလေ့ရှိပြီး လူများသည် အမြဲတမ်း သစ္စာမဲ့ပြီး ကောက်ကျစ်သူများ ဖြစ်ကြသည်။ တစ်ခါတစ်ရံတွင် သွေးသား တော်စပ်သူများကပင် လိမ်ညာလေ့ရှိပြီး ယုံကြည် စိတ်ချ၍ မရပေ။

နိုးထလာခဲ့ပြီးကတည်းက နိုက်တင်ဂေးသည် လူသား သဘာဝ၏ မှုမမှန်မှုနှင့် နေသားကျနေခဲ့ပြီ ဖြစ်သည်။ ပြီးခဲ့သော နှစ်အနည်းငယ် အတွင်းတွင် သူမသည် စိတ်လှုပ်ရှားခြင်း မရှိပဲ ခြိမ်းခြောက်မှုများ၊ ချော့မော့ ပြောဆိုမှုများဖြင့် လိမ်ညာမှုများ

+

အကြားမှ အမှန်တရားကို ဖမ်းဆုပ်ကိုင်နိုင်သည့် စွမ်းရည်ကို ရရှိနိုင်ခဲ့သည်။

သို့ဖြစ်၍ သူမသည် တစ်ခါတစ်ရံတွင် ရိုလန်နှင့် စကားပြောရင်း မသက်မသာ ခံစားခဲ့ရသည်။ အဘယ်ကြောင့် ဆိုသော် သူက သူမအား လိမ်ညာလေ့ မရှိသောကြောင့် ဖြစ်သည်။

ယခုအချိန်၌ အလယ်ပိုင်း ဒေသတွင် မှူးမတ်များကို ကြောက်ဒူးတုန်စေခဲ့သော အရိပ် သတ်ဖြတ်သူက ပြန်ပေါ်လာခဲ့လေပြီ။

"နင့်ရဲ့ နောက်တစ်ဆင့် အစီအစဉ်က ဘာလဲ"

+

ဤစကားများကို ကြားခဲ့ရသော အခါ ဟိုက်ဒီက ချက်ချင်းပင် မြေပေါ်သို့ ဒူးထောက်ချလိုက်၍ နိုက်တင်ဂေးအား အနူးအညွတ် တောင်းပန်လိုက်သည်။ "ကျေးဇူးပြုပြီးမှ ကျွန်တော့်ကို ကူညီပါ... အစ်မ"

"နင့်ကို ကူညီရမယ်... ဟုတ်လား"

ဟိုက်ဒီက အရှေ့သို့ တွားသွား တက်လာခဲ့သည်။ "ကျွန်တော် မှားမှန်းကို ကျွန်တော် သိပါတယ်... ဒါပေမဲ့ ကျွန်တော်က အစ်မရဲ့ မောင်လေးလေ... ဗစ်ကောင့်က ကျွန်တော့်ကို တကယ့်မျိုးမတ်လို့ ဘယ်တုံးကမှ မသတ်မှတ်ခဲ့ဘူး... အစ်မလည်း မြင်နေတာပဲ"

+

"သူက ငါ့ကို အစေခံ အခန်းအတွင်းမှာ ထားထားတယ်… စံအိမ်ကို မွမ်းမံ ပြင်ဆင်ခဲ့တာကလည်း လူတွေကို အရှုးလုပ်ဖို့သာ ဖြစ်တယ်… တကယ်လို့ ငါက ဒီနေရာမှာ ဆက်နေခဲ့ရင် သူက အနေးနဲ့ အမြန် ငါ့ကို သတ်တော့မှာ"

"ဒီလိုဆိုတော့ နင်က ဒီနေရာကနေ ထွက်ခွာချင်နေတာလား"

"ဒီနေရာကနေ ထွက်ခွာရမယ်… ဟုတ်လား… ဒီလိုဆိုရင် ငါက အရာအားလုံးကို ဆုံးရှုံးသွားမှာပေါ့" ဟိုက်ဒီက သူ၏ခေါင်းကို ထိတ်လန့် တုန်လှုပ်စွာဖြင့်

+

ခါလိုက်သည်။ ပြီးတာနှင့် စကားလုံးများကို
အသံတိုးတိုးဖြင့် ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"နင်က ဂီလန်အိုကြီးကို သတ်ခဲ့တာ မဟုတ်လား…
နင်က ဘာစွမ်းရည်ကို အသုံးပြုခဲ့လဲ ဆိုတာကို
ငါမသိပေမဲ့ ဒီနေရာကို အလွယ်တကူ
ဝင်ရောက်နိုင်တဲ့ အတွက် သူ့အိပ်ခန်း
အတွင်းကိုလည်း ဝင်နိုင်မှာပဲ… အစ်မ… သူ့ကို
သတ်လိုက်ပါ… သူသေသွားပြီးတာနဲ့ ငါက ဆိုမီ
မိသားစု အတွင်းမှာ တကယ့်မျိုးမတ် ဖြစ်လာနိုင်တဲ့
အခွင့်အရေး တစ်ခု ရနိုင်တယ်"

"ပြီး.. ပြီးတာနဲ့ နင်က ကျန်တဲ့ ဆက်ခံသူတွေကို
တစ်ယောက်ပြီး တစ်ယောက် သတ်လိုက်ပါ…

+

အဲ့ဒီအချိန်မှာ ငါက ဒီနယ်မြေ အပါအဝင် ဆိုမီတွေရဲ့ ပိုင်ဆိုင်မှုတွေ အားလုံးကို ပိုင်ဆိုင်နိုင်သွားပြီ"

နိုက်တင်ဂေးသည် သူ၏ မျက်လုံးများ အတွင်းသို့ စိုက်ကြည့်လိုက်သည်။ ဟိုက်ဒီသည် ကသိကအောက် ဖြစ်ဖွယ်ရာ တိတ်ဆိတ်မှုကို သည်းမခံနိုင်တော့သည့် အချိန်မှ သူမက ဆက်ပြောလိုက်သည်။ "ဒီမတိုင်ခင် ငါကနင့်ကို မေးခွန်းတစ်ခု မေးစရာ ရှိတယ်"

"ရတာပေါ့... ရတာပေါ့" သူမ မောင်လေးက ချက်ချင်း တုံ့ပြန်ခဲ့သည်။

+

"နင်က ငါ့ကို အဲ့ဒီအချိန်က ဘာဖြစ်လို့ သစ္စာဖောက်ခဲ့တာလဲ" နိုက်တင်ဂေးသည် စကားတစ်လုံးချင်းကို တိကျ ပြတ်သားစွာဖြင့် မေးလိုက်လေသည်။

## စာစဥ် ၅၉ : အပိုင်း ၁၀

## အပိုင်း ၈၈၀ : အလွန်အမင်း ဆင်းရဲနွမ်းပါးခြင်း

အဖြေက သူမ မှန်းဆထားသည်ထက် ပိုမို လျင်မြန်စွာ ရောက်လာခဲ့သည်။

+

"ဘာဖြစ်လို့လဲ... ဟုတ်လား" ဟိုက်ဒီက ချက်ချင်း မဖြေခဲ့ပေ။ "ဘာဖြစ်လို့လည်း ဆိုတော့ နင်က စုန်းမတစ်ယောက် ဖြစ်နေလို့..."

မော်စွမ်းအား တုံ့ပြန်မှုများ မရှိခဲ့သည့် အတွက် ဟိုက်ဒီက အမှန်အတိုင်း ပြောနေသည်ကို ဖော်ပြနေသည်။ ဤအချိန်ခဏ၌ နိုက်တင်ဂေးသည် အရာများစွာတို့အား နားလည်သကဲ့သို့ ဖြစ်သွားသည်။ စုန်းမများသည် မိစ္ဆာ၏ တမန်တော်များ ဖြစ်ပြီး နိမ့်ကျမှုအား ကိုယ်စားပြုနေသည်ဟူသော အတွေးသည် လူထုအကြားတွင် ပျံ့နှံ့နေပြီး ဖြစ်သည်။

+

စုန်းမတစ်ယောက် အဖြစ်သို့
ပြောင်းပြီးသွားသည်နှင့် လူအများက သူမအား
လူတစ်ယောက် အဖြစ်သို့ မမြင်ကြတော့ပေ။
လူ့ဂုဏ်ကျက်သရေကို ညှိုးနွမ်းစေသည့်
ဤဖြစ်ရပ်က မောင်နှမ အကြားတွင်
သူစိမ်းဆန်မှုကို ဖြစ်ပေါ်စေခဲ့သည်။
သစ္စာဖောက်သည် ဟူသော အရာသည် အမှန်တွင်
အလိုအလျောက် ဖြစ်ပေါ်လာသော
ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့် စနစ်တစ်ခုသာ
ဖြစ်သည်။

ဟိုက်ဒီသည် သူလုပ်ခဲ့သည်မှာ မှန်ကန်နေသည်ဟု
ယူဆနေဆဲ ရှိနေသေးသည်။ မဟုတ်လျှင် ဤကဲ့သို့
သဘာဝကျစွာ ပြန်လည် တုံ့ပြန်နိုင်လိမ့်မည်
မဟုတ်ချေ။

+

ပြီးတာနှင့် ဟိုက်ဒီက နောက်ထပ် တစ်စုံတစ်ရာကို ဆက်ပြောခဲ့သေးသည်။ သူ၏ လျစ်လျူရှုမှု အတွက် သူ့ကိုယ်သူ အပြစ်တင်ခဲ့ပြီး စုန်းမများနှင့် ပတ်သတ်သော ကောလာဟာလများသည် ဘုရားကျောင်း လုပ်ကြံ ဖန်တီးထားသည့် လိမ်ညာမှုများသာ ဖြစ်သည်ကို သူမသိခဲ့ဟု ဆိုခဲ့သည်။

သူသည် သူ့အပြစ်အတွက် အမှန်ပင် နောင်တရနေပြီး နိုက်တင်ဂေးက သူ့အား ခွင့်လွှတ်နိုင်မည်ဟု မျှော်လင့်နေကြောင်း ပြောခဲ့သည်။ သို့သော်လည်း နိုက်တင်ဂေးသည် သူမ၏ ကိုယ်ပိုင် အတွေးများ အတွင်းတွင်

+

နစ်မျောနေဆဲ ရှိသေးသဖြင့် သူ၏ စကားများကို စိတ်ထဲ မထည့်နိုင်ခဲ့ပေ။

ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင် လူတိုင်းက တူညီသော ဆုံးဖြတ်ချက်များကို ချခဲ့လိမ့်မည် ဖြစ်သဖြင့် သူမသည် ဟိုက်ဒီအား အပြစ်မတင်လိုနေတော့ပေ။

ဟိုက်ဒီ အနေဖြင့် သူသည် သူ၏ အစ်မအရင်းအား သစ္စာဖောက်နေခြင်း မဟုတ်ပဲ လူသားများနှင့် အနေးနှင့်အမြန် ကင်းကွာသွားတော့မည် မိစ္ဆာတစ်ယောက်အား သစ္စာဖောက်ခဲ့ခြင်း ဖြစ်ပေသည်။ သူသည် သူမအား မိစ္ဆာတစ်ယောက်

+

အဖြစ် မြင်နေခဲ့သဖြင့် သူတို့အကြားတွင် ယုံကြည်မှု
ဟူ၍ မရှိနိုင်တော့ပြီ။

သို့သော်လည်း ထိုအရာက လူတိုင်းအတွက်
မှန်နေသလော။

နိုက်တင်ဂေးသည် လက်ရှိအချိန်၌ ဟိုက်ဒီနှင့်
ရင်ဆိုင်နေရသော်လည်း နောက်ထပ်
လူတစ်ယောက် အကြောင်းကို တွေးနေမိသည်။
ထိုသူကလည်း မှူးမတ်တစ်ယောက် ဖြစ်နေသည်။
အကယ်၍ စုန်းမ တစ်ယောက်အား
အပြစ်ပေးရခြင်းသည် သဘာဝ ဖြစ်နေပါက
သူသည် သူနှင့် ဆွေမျိုး မတော်စပ်သလို ယခင်က
တစ်ခါမှလည်း မတွေ့ဖူးသော အန်နာဆိုသည့် စုန်းမ

+

တစ်ယောက်အား ကြိုးစင်တင်လိုက်သည်မှာ အကြာကြီး ရှိပြီ ဖြစ်နေလိမ့်မည်။

သူသည် စုန်းမများအား မကြောက်ရွံ့သလို မုန်းတီးခြင်းလည်း မရှိပေ။ သူရှိနေသည်မှာ သိလိုစိတ်များသာ ဖြစ်သည်။ သူ၏ မျက်လုံးများသည် အမြဲတမ်း အလွန် ကြည်လင်နေသဖြင့် သူမသည် သူ၏စိတ်ကို အလွယ်တကူ ထွင်းဖောက် ကြည့်ရှုနိုင်ခဲ့သည်။ သူမသည် သူ့လည်ပင်း အပေါ်၌ ဓားတစ်ချောင်းဖြင့် ထောက်ထားခဲ့သည့် အချိန်၌ပင် သူသည် သူမအား ပွင့်ပွင့်လင်းလင်း ဆက်ဆံခဲ့သေးသည်။

+

အတိတ်က မှတ်ဉာဏ်များ ပြန်ပေါ်လာခဲ့ပြီး နိုက်တင်ဂေးသည် နှင်းကျနေသော ထိုနေ့အား ယခုတိုင် မှတ်မိနေသေးသည်။

ထိုအချိန်သည် သူတို့နှစ်ယောက် တွေ့ဆုံပြီးနောက် ပထမဆုံး ဆောင်းရာသီ ဖြစ်ပေသည်။

"... သူမက မိစ္ဆာမြူးသောလမှာ သေလိမ့်မယ်လို့ ငါမယုံနေဘူး"

"ဘာဖြစ်လို့လဲ"

+

"သူမက မိစ္ဆာကိုက်ခြင်းကို ရှုံးနိမ့်မှာ မဟုတ်ဘူးလို့ ပြောခဲ့ပြီး ငါက သူမကို ယုံကြည်နေတယ်"

"ရှင်က စုန်းမ တစ်ယောက်ကိုတောင် ယုံကြည်နေတာလား... ကျွန်မတို့က မိစ္ဆာတွေရဲ့ ကျိန်စာတိုက်ခြင်းကို ခံနေရသူတွေ ဖြစ်ကြတယ်"

"ဟုတ်လို့လား... ငါက မင်းကိုလည်း ယုံကြည်နေတယ်"

သူမ၏ ခေါင်းအတွင်းမှ ရုပ်ပုံများက မှေးမှိန် ပျောက်ကွယ်သွားကြသည်။

+

နိုက်တင်ဂေးသည် အသက်ပြင်းပြင်းရှူ၍ စိတ်နှင့်လူနှင့် ကပ်အောင် ပြန်လည်ကြိုးစားလိုက်သည်။ "ဒီမှာပဲ စောင့်နေပါ... တကယ်လို့ ကျန်တဲ့သူတွေ နင့်ကို လာရှာခဲ့ရင် ငါတစ်ခါမှ မပေါ်လာခဲ့ဖူးသလို နင်လုပ်နေကျ အရာတွေကိုပဲ လုပ်နေလိုက်ပါ"

"နေ.. နေပါဦး... နင်က ဘယ်သွားမလို့လဲ"

"သူမသည် ဓားမြှောင်အား သူမ၏ ခါးတွင် ပြန်ချိတ်လိုက်၍ မြူခိုးငွေ့များ အတွင်းသို့ ဝင်သွားခဲ့သည်။ "ငါလုပ်သင့်တာကို လုပ်မလို့ပေါ့"

.........

+

ဟိုက်ဒီ ပြောသည်မှာ မှန်နေမှန်းကို နိုက်တင်ဂေးက
သိပေသည်။ သူမသည် ဗစ်ကောင့် ဆိုမီ၏
အိပ်ခန်းအတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ပြီး
အမှန်တရားများ အားလုံးကို ဝန်ခံပြောဆိုရင်
ခေါးမြှောင်တစ်ချောင်းနှင့် ခြိမ်းခြောက်နိုင်စွမ်း
ရှိသည်။

မှူးမတ် အများစုသည် ထက်မြက်သော
ခေါးသွားတစ်ချောင်းကို မြင်လိုက်ရုံနှင့်
ကြောက်ဒူးတုန်သွားကြကာ နောက်ထပ်
အကျပ်ကိုင်စရာ မလိုပဲ သူတို့ သိသမျှ
အရာအားလုံးကို ဖွင့်ဟ ပြောဆိုလေ့ရှိကြသည်။

+

အချို့ ခေါင်းမာသော သူများမှာကား အချိန် အနည်းငယ် နှုတ်ပိတ်နေခဲ့သော်လည်း သူမက သူတို့၏ လက်သည်းခွံ ဆယ်ခုစလုံးအား ခွာပြီးခဲ့ပါက အိတ်သွန်ဖာမှောက် ပြောခဲ့ကြသည်။ ထိုအရာသည် သူမ လုပ်ကြံ သတ်ဖြတ်သူ အဖြစ် နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့အပြီးတွင် ရရှိခဲ့သော အတွေ့အကြုံများပင်တည်း။

အကယ်၍ သူမ မိဘများ၏ သေဆုံးမှုသည် ဗစ်ကောင့်နှင့် တစ်စုံတစ်ရာ ပတ်သတ်နေခဲ့ပါက သူမသည် သူ့အား အသက်နှင့် ပြန်လည် ပေးဆပ်စေလိမ့်မည် ဖြစ်သည်။

+

သို့သော်လည်း နိုက်တင်ဂေး အနေဖြင့် ယခုအချိန်တွင် ကြမ်းတမ်းသော လက်စားချေမှုများကို မလိုချင်နေတော့ပေ။

အထူးသဖြင့် သူမက ဟိုက်ဒီနှင့် ရင်ဆိုင်ခဲ့အပြီးတွင် ဖြစ်သည်။

သူမသည် ယခုအချိန်၌ တစ်ယောက်တည်း မဟုတ်နေတော့ပေ။

သူမတွင် အသက်နှင့် ရင်း၍ ယုံကြည်ရသော သူတစ်ယောက် ရှိနေပြီး ထိုလူကလည်း သူမအား အလားတူ ယုံကြည်နေခဲ့သည်။

+

အရိုင် သတ်ဖြတ်သူ အဖြစ် ဆောင်ရွက်ခဲ့သည့်
လုပ်နေကျ နည်းလမ်းများနှင့် စာလျှင်
နိုက်တင်ဂေးသည် ဤပြဿနာအား အခြား
နည်းလမ်းတစ်ခုဖြင့် ဆောင်ရွက်လိုနေခဲ့သည်။
အကယ်၍ သူမနေရာတွင် ရိုလန်သာ ဖြစ်ခဲ့ပါက
သူသည် သူမအား သွေးစွန်းမှု များစွာတို့ဖြင့်
မြင်စေလိုနေမည် မဟုတ်သည်မှာ သေချာနေသည်။

နိုက်တင်ဂေးသည် မြူခိုးငွေ့များ အကြားမှ
ထွက်လာ၍ ဒေါ့၏ စာဖတ်ခန်းသို့ သွားလိုက်သည်။
အဖြူနှင့် အနက်ရောင် ကမ္ဘာ အတွင်းတွင်
မင်စက်လုံးများနှင့် တူနေသော မည်းနက်နေသည့်
တွင်းနက် များစွာတို့ ပေါ်လာခဲ့သည်။
တံခါးအရှေ့တွင် အိပ်ငိုက်နေသော အစောင့်များကို
လျစ်လျူရှုထားကာ သူမသည် စာအုပ်စင် ဘေးမှ

+

နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး
နယ်မြေအပေါ်တွင် အာရုံစိုက်လိုက်သည်။

နိုက်တင်ဂေးသည် နံရံထံသို့ ဖြည်းဖြည်းချင်း
လျှောက်ဝင်သွားခဲ့ရာ နံရံက မကြာမီ တွန့်လိမ်
သွားခဲ့သည်။ နံရံ၏ ကောက်ကြောင်းသည်
ခြောက်သွေ့ ရှုပ်ထွေးနေသော ဆံပင်များကဲ့သို့
ကောက်ကွေးသွားကာ အတွင်းတွင်
ဖုံးကွယ်ထားသည်များကို ဖော်ပြခဲ့သည်။

တွန့်လိမ်မှုများမှ တဆင့် နိုက်တင်ဂေးသည်
သာမန်လူများ ထွင်းဖောက် မမြင်နိုင်သော
အသေးစိတ် အရာများကို မြင်နိုင်ခဲ့သည်။ သူမသည်
နံရံအတွင်းတွင် မြှုပ်နှံထားသော

+

သံချောင်းတစ်ချောင်းကို မြင်ခဲ့ရသည်။
ထိုသံချောင်း၏ အစွန်းတစ်ဘက်ကို စာအုပ်စင်နှင့်
ဆက်သွယ်ထားပြီး ကျန်တစ်ဘက်မှာ အနက်ရောင်
ဘောလုံးတစ်ခုနှင့် ဆက်သွယ်ထားလေသည်။

ထိုအရာသည် အမတန်မှ ရိုးရှင်းသော
ထောင်ချောက်တစ်ခု ဖြစ်သည်။

နိုက်တင်ဂေးသည် ထောင်ချောက်အောက်တွင်
ထားထားသော ခေါင်းလောင်းကို လွယ်ကူစွာဖြင့်
ဖြုတ်လိုက်ပြီး သာမန်ဟု ထင်နေရသော
စာအုပ်တစ်အုပ်ကို ကောက်၍ တွန်းလိုက်ရာ အသံ
တစ်စက်မှ မထွက်ပဲ ထောင်ချောက်က
ပွင့်သွားလေသည်။

+

လျှို့ဝှက်ခန်းအား နတ်ဘုရား တံ့ပြန်မှု
ကျောက်တုံးများဖြင့် မြှုပ်နှံထားသော်လည်း
ထိုအရာသည် သူမအတွက် ဘာပြဿနာမှ မရှိခဲ့ပေ။
သူမ အရွယ်မရောက်ခင်ပင် ဂီလန်အိုသည်
ကြွက်ခေါင်းဆောင် တစ်ယောက်ကို ငှားရမ်း၍
ကောက်ကျစ်သော ဝါရင့်သူခိုး တစ်ယောက်
သိထားသင့်သည့် စွမ်းရည်မျိုးစုံကို
သင်ကြားပေးခဲ့သည်။

နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့အပြီးတွင် သူမသည်
သော့ခလောက် မျိုးစုံကို ကြေးအပ်တစ်ခုဖြင့်
ဖွင့်ခြင်း အပါအဝင် ဖောက်ထွင်း ခိုးယူမှု

+

လှည့်ကွက်မျိုးစုံကို ကျင်လည်စွာ တတ်မြောက်ခဲ့ပြီး ဖြစ်လေသည်။

သံခလောက် သုံးလေးခုကို ချိုးဖျက်ခဲ့ အပြီးတွင် နိုက်တင်ဂေးသည် သူမ လိုချင်သည့် အရာအား ရှာတွေ့သွားတော့သည်။

ဤအရာသည် မှာကြားမှု နံပါတ်၊ ဝယ်ယူသူ အမည်၊ ရောင်းချမှု တစ်ခုချင်းစီ၏ အရေအတွက် အစရှိသည်တို့ အားလုံး ပါဝင်သော အိမ်မက်ရေ ရောင်းချမှု စာရင်းစာအုပ် တစ်အုပ် ဖြစ်ပေသည်။ သူမ မျှော်လင့်ထားသည့် အတိုင်း မှုးမတ်များသည် သူတို့၏ အရေးအကြီးဆုံး အရာများကို သူတို့

+

အလုံခြုံဆုံး ဖြစ်သည်ဟု ယုံကြည်နေကြသည့် နေရာတွင်သာ သိုဝှက်ထားလေ့ ရှိကြသည်။

ဤစာရင်းစာအုပ်နှင့် စံအိမ်အတွင်းမှ ကုန်ပစ္စည်းများသည် ဗစ်ကောင့်၏ ရာဇဝတ်မှုများ အတွက် ပြီးပြည့်စုံသော သက်သေများ ဖြစ်ပေလိမ့်မည်။

နိုက်တင်ဂေးသည် အခြေစိုက် စခန်းသို့ ပြန်သွားကာ အရာအားလုံးကို ရိုလန်ထံ ပြန်လည် တင်ပြလိုက်လေသည်။

နောက်တစ်ရက် အရုဏ်တက်ပြီးစချိန်တွင် ညွှန်ကြားချက်များကို ရရှိထားသော ပထမ

+

စစ်တပ်သည် စံအိမ် တစ်ခုလုံးအား ဝန်းရံခဲ့ကြသည်။

.........

သုံးရက်ကြာပြီးနောက် ဟိုက်ဒီသည် ထောင်မှ လွတ်လာစ အချိန်တွင်ပင် နိုက်တင်ဂေးက သူ့ထံသို့ ထပ်ဖန်တစ်ခါ ရောက်ရှိလာသည်။ သူ၏ ခန္ဓာကိုယ်က ပိန်ခြောက် ညှိုးကပ်နေ၍ မျက်နှာ အသွင်အပြင်မှာ မျှော်လင့်ချက် ကင်းမဲ့နေခဲ့သည်။

စိတ်နှင့်လူနှင့် မကပ်ပဲ လူသေကဲ့သို့ လမ်းလျှောက်နေရာမှ နိုက်တင်ဂေးကို

+

မြင်လိုက်မှသာ သူ၏ပါးတွင် အရောင်အနည်းငယ် ပြန်ပေါ်လာခဲ့သည်။

သူ၏ မျက်လုံးများ အတွင်းတွင် အမျက်ဒေါသနှင့် မုန်းတီးမှု အရိပ်အယောင်များကို မြင်နိုင်ပေသည်။

"ဗစ်ကောင် ဆိုမီက ကြိုးပေးခံရမှာ ဖြစ်ပြီး သူ့မိသားစုဝင်တွေက အလုပ်ကြမ်း အနှစ်နှစ်ဆယ် လုပ်ရလိမ့်မယ်... သူ့ရဲ့ နယ်မြေ နှစ်ခုကိုလည်း ပြည်သူပိုင် သိမ်းလိုက်ပြီ... နင်ကငါ့ကို ဒီလိုမျိုး ဖြစ်စေချင်နေခဲ့တာမလား"

လူသူ ကင်းမဲ့သော လမ်းကြားတစ်ခုသို့ ရောက်သွားခဲ့အပြီးတွင် ဟိုက်ဒီက သူ့ကိုယ်သူ

+

ထိန်းထားနိုင်စွမ်း မရှိတော့ပဲ နိုက်တင်ဂေးအား ဟိန်းဟောက် ပြောဆိုလိုက်သည်။ "နင်က ငါ့ထံက အရာအားလုံး ယူသွားခဲ့ပြီး ဘာမှ ချန်မထားခဲ့ဘူး"

"နင်က ဆိုမီ မိသားစုဝင် တစ်ယောက်အဖြစ် အသတ်မှတ်မခံရတာပဲ ကံကောင်းတယ်လို့ ခံစားနေသင့်တယ်" နိုက်တင်ဂေးက ငြိမ်သက် တည်ကြည်စွာဖြင့် ပြောလိုက်သည်။ "ဗစ်ကောင့်နဲ့ စာရင် နင်က အနည်းဆုံးတော့ အသက်ရှင်နေသေးတာပဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ နင်ကငါ့ကို အဟားခံရတဲ့သူ တစ်ယောက်အဖြစ် ဆက်လက် အသက်ရှင်နေပြီး ခံစားစေလိုနေလို့ပဲ... နင်က

+

ငါ့ဘဝကို လွှန်ခဲ့တဲ့ ရှစ်နှစ်က ဖျက်ဆီးခဲ့ပြီး အခုအချိန်မှာလည်း ထပ်လုပ်ခဲ့တယ်"

"နင်က ဂီလန်အိုကြီးကို သတ်ပြီးသွားတဲ့ အချိန်မှာ ငါက ဘယ်လို ဘဝမျိုးနဲ့ နေခဲ့ရသလဲ ဆိုတာကို နင်သိသလား... ငါက ဆိုမီတွေရဲ့ နယ်မြေကို ရဖို့ အခွင့်အရေး တစ်ခု ရလာခဲ့တဲ့ အချိန်မှာလည်း နင်က ဖျက်ဆီးခဲ့တယ်... နင်က ငါ့ကို ကူညီမယ်လို့ ယုံကြည်မိတာ ငါက ရူးနေလို့ပဲ" ဟိုက်ဒီက သူ၏ လက်သီးများကို ဆုပ်လိုက်သည်။

"အခု ငါ့မှာ ဘွဲ့ထူးနဲ့ နယ်မြေတွေ မရှိတော့ဘူး... နင်က အခု ကျေနပ်ပြီး မဟုတ်လား... နင်ကငါ့ကို တစ်ခါမှ ခွင့်လွှတ်ခဲ့ခြင်း မရှိဘူး... ဗရော်နီကာ...

+

နင်က လုံးဝကို လူလိမ်ပဲ… နင်က လက်စားချေလိုနေတာ ဖြစ်တယ်… ငါက အစောကြီးကတည်းက ကြိုသိထားသင့်တယ်"

သူ၏ သွေးရူးသွေးတန်း အော်ဟစ် ပြောဆိုနေမှုများသည် နောက်ဆုံးတွင် မျိုသိပ်ထားသော ရှိုက်သံများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူသည် သူ၏ကိုယ်ကို ကွေးလိုက်ကာ စတင်၍ ရှိုက်ငိုလေတော့သည်။ "ငါ့မှာ ဘာမှ မရှိတော့ဘူး… ဘာဆိုဘာမှ မရှိတော့ဘူး"

နိုက်တင်ဂေးသည် ခေတ္တမျှ ငြိမ်သက်သွားပြီးမှ သူ့အား ပြောလိုက်သည်။ "နင်ပြောတာ မှန်တယ်…

+

ငါကနင့်ကို ဘယ်တုံးကမှ မခွင့်လွှတ်ဖူးခဲ့သလို
ဘယ်တော့မှလည်း ခွင့်လွှတ်မှာ မဟုတ်ဘူး...
မောင်နှမ တစ်ယောက်ရဲ့ သစ္စာဖောက်မှုဟာ
သူစိမ်းတစ်ယောက်ရဲ့ သစ္စာဖောက်မှုထက်
အများကြီး ပိုဆိုးတယ်"

သူမက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။
"ဒါပေမဲ့ နင့်မှာ တစ်စုံတစ်ခုတော့
ကျန်ပါသေးတယ်... အနည်းဆုံးတော့ ငါကနင့်ကို
လွတ်လပ်မှုကို ပေးခဲ့တယ်"

ဟိုက်ဒီသည် ဖုန်မှုန့်များ၊ နပ်များဖြင့်
ပြည့်နှက်နေသော မျက်နှာဖြင့် အပေါ်သို့
မော့ကြည့်လိုက်သည်။

+

"ဂီလန်အို ဖြစ်စေ ဆိုမီတွေ ဖြစ်စေ တစ်ယောက်ကမှ အခုအချိန်မှာ နင့်ကို မထိန်းချုပ်နိုင်တော့ဘူး… အနာဂတ်မှာ နင်က ဘယ်လမ်းကြောင်းကိုပဲ ရွေးချယ်ပါစေ ဘာကိုပဲ လုပ်ပါစေ နင့်ရဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက် သက်သက်သာ ဖြစ်နေတော့မယ်… အတိတ်ကလိုမျိုး ရုပ်သေးရုပ် လုပ်နေစရာ မလိုတော့ဘူး"

"ဒါကို နင်က အပြစ်ပေးမှုလို့ပဲ ထင်ထင် နှိပ်စက် ညှဉ်းပန်းမှုလို့ပဲ ထင်ထင် ငါက ဂရုမစိုက်ဘူး… ဒါက နင့်ရဲ့ ကိုယ်ပိုင် ရွေးချယ်မှုပဲ… နင်နဲ့ငါက ဒီကနေ့မှာ တရားဝင် ပြတ်စဲသွားခဲ့ပြီ"

+

ဤအထိ ပြောခဲ့အပြီးတွင် နိုက်တင်ဂေးသည်
နောက်ပြန်လှည့်၍ လမ်းကြားအဆုံးသို့
ဦးတည်သွားခဲ့ရာ တစ်မိနစ်ခန့် အကြာတွင်
ဟိုက်ဒီ၏ မြင်ကွင်းအတွင်းမှ
ပျောက်ကွယ်သွားလေတော့သည်။

## စာစဥ် ၅၉ : အပိုင်း ၁၁

## အပိုင်း ၈၁ : အကြိမ်ပေါင်း တစ်ရာ သဘောတူခြင်း

နေမင်းသည် တိမ်များ၏ နောက်ကွယ်မှ နေ၍
တောအုပ်တောင်တန်းများ အောက်သို့
ဖြည်းဖြည်းချင်း ကျဆင်းသွားခဲ့သည်။

+

ကောင်းကင်အရောင်သည် အပြာမှ နေ၍ အဖြူ၊ ထို့နောက် အနီရောင်သို့ ဖြည်းညင်းစွာ ပြောင်းလဲသွားသည်။ နောက်ဆုံးတွင် နေမင်း၏ လက်ကျန် အလင်းရောင်သည် ထူထဲသော မြက်ခင်းပြင် အပေါ်တွင် အနီရောင် အရိပ် တစ်ခုကို ချန်ထားရစ်ခဲ့လေသည်။

ဂီလန် မိသားစု၏ နယ်မြေအဆုံးတွင် တောင်စောင်း တစ်ခု ရှိနေပြီး သူ့အပေါ်တွင် ရပ်ကြည့်လိုက်လျှင် နိုက်တင်ဂေးသည် သူမ မိသားစု၏ အိမ်များ၊ လယ်မြေများနှင့် အနီးအနားမှ တောင်တန်းများကို မြင်နိုင်ခဲ့သည်။

+

သူမ ငယ်စဉ်က သူမ ဖခင်၏ ပခုံးပေါ်တွင် ထိုင်ကာ တောင်စောင်းအတိုင်း တက်လာ၍ သူတို့ ပိုင်ဆိုင်မှု နယ်မြေအားလုံးကို ကြည့်ခဲ့လေ့ရှိသည်။ သူမ မိဘများ၏ ဒဏ်ရာများ ပြည့်နေသည့် အလောင်းများ ပြန်ရောက်လာ၍ သူမ အစေခံများက သူတို့အား ဘယ်နေရာတွင် မြှုပ်နှံချင်သည်ကို မေးခဲ့သော အခါ သူမက တွေဝေနေခြင်း မရှိပဲ ဤတောင်စောင်းကိုသာ ရွေးချယ်ခဲ့သည်။

ထိုအချိန်က သူမသည် သူမ မိဘများ သေဆုံးမှုကြောင့် အလွန်အမင်း ဝမ်းနည်းပက်လက် ဖြစ်ခဲ့ကာ သူတို့က အမှန်တကယ် သွားလိုက်ပြီကို ယုံကြည်ရန် ခက်ခဲနေခဲ့သည်။ အချိန်တစ်ခုတွင် သူမ မိဘများက မျက်လုံးများ ပြန်ဖွင့်လာပြီး

+

သူမနှင့် သူမ မောင်လေးတို့က စံအိမ်အတွင်းတွင် မည်ကဲ့သို့ နေနေရသည်ကို မြင်နိုင်ရန် ဆုတောင်းနေမိသည်။

ယခုအချိန်၌ သူမသည် သူမ မိဘများ၏ အုတ်ဂူသို့ လုံးဝကို ကွဲပြား ခြားနားနေသည့် သဘောထား တစ်ခုဖြင့် ပြန်လည် ရောက်ရှိလာလေသည်။

အုတ်ဂူများ အပေါ်တွင် ဖုန်မှုန့်များ သိပ်မရှိနေပဲ တစ်စုံတစ်ယောက်က အမြဲတမ်း ရှင်းလင်းနေခဲ့သည်မှာ သိသာနေသည်။ သူမသည် ကုန်းလိုက်ပြီးနောက် သေသပ်စွာ ခေါက်ထားသော စာရွက်များကို အုတ်ဂူ နှစ်ခု အရှေ့တွင် တင်လိုက်သည်။

+

ထိုအရာသည် ဗစ်ကောင့် ဆိုမီ၏
တရားစီရင်ချက်ပင် ဖြစ်သည်။

စောဒက တက်နိုင်ဖွယ် မရှိသော သက်သေများနှင့် ရင်ဆိုင်ခဲ့ရသည့် အခါ ဗစ်ကောင့်က မကြာခင် လဲပြိုသွားခဲ့သည်။ ရိုလန်သည် သူ၏ အသက်မပြည့်သေးသော ကလေးများကို ရာဇဝတ်မှုများ အတွက် ပြစ်ဒဏ်ပေးမည် မဟုတ်ဟု ကတိပေးခဲ့အပြီးတွင် သူသည် အိမ်မက်ရေများကို မှောင်ခို ရောင်းဝယ်မှုနှင့် ဂီလန်မိသားစု၏ ပိုင်ဆိုင်မှုများကို သိမ်းယူခဲ့သည့် ဖြစ်စဥ် တစ်ခုလုံးကို ဝန်ခံခဲ့လေတော့သည်။

+

သူတို့ မိသားစု နယ်မြေ နှစ်ခုအကြားမှ
တောင်ကြားအောက်တွင် မြှုပ်နှံထားသော
ရတနာများ အမှန်တကယ် ရှိနေခဲ့သည်။
သို့သော်လည်း ထိုအရာသည် ကျောက်မျက်တွင်း
တစ်ခု မဟုတ်ပဲ ရွှေတွင်းသာ ဖြစ်နေနိုင်သည်။

သူ့အား ရှာဖွေ တွေ့ရှိခဲ့သည့် သူမှာ ဆိုမီ မိသားစု
အတွက် အလုပ်လုပ်ပေးသည့် လယ်သမား
တစ်ယောက်ပင် ဖြစ်သည်။

ပထဝီဝင် အနေအထားများ ခြားနားမှုကြောင့် ဂီလန်
မိသားစုက ချိုင့်ဝှမ်းဟု သတ်မှတ်ထားသော
နေရာသည် ဆိုမီ မိသားစု နယ်မြေ၏ မြေညီထပ်
ဖြစ်နေခဲ့ပြီး ဆိုမီ မိသားစုမှ လယ်သမားများသည်

+

ထိုနေရာတွင် ထိုစမ်းချောင်း အတွင်းတွင် ရေခပ်ရေချိုးလေ့ ရှိကြသည်။

တစ်နေ့တွင် ကံကောင်းသော လူတစ်ယောက်သည် စီးဆင်းလာသော စမ်းရေ အတွင်းတွင် ရွှေမှုန်များကို တွေ့ခဲ့သည်။ သူသည် ပြီးတာနှင့် အခြားသူများကို ရွှေများ ထပ်ရှာရန် အကူအညီ တောင်းခံခဲ့သော အခါ ဒေါ့ဆိုမီ၏ အာရုံကို ဆွဲဆောင်မိခဲ့လေသည်။

သူသည် ချက်ချင်းပင် သူတို့အား သတင်းပြန့်ခြင်းမှ တားဆီး၍ သူ၏ လူများကို ရွှေမှုန်၏ မူလရင်းမြစ်ကို ရှာဖွေစေခဲ့သည်။

+

သို့သော်လည်း ရှာဖွေမှု၏ ရလဒ်များသည် သူ့အား အကြီးအကျယ် စိတ်ပျက်စေခဲ့လေသည်။

သူ၏ လူများသည် အမှန်ပင် ချောင်းအထက်တွင် ရွှေများကို ပိုမို တွေ့ရှိခဲ့ပြီး ထိုရွှေမှုန်များသည် ရွှေတုံးများကို စမ်းရေများ တိုက်စားခြင်းကြောင့် ဖြည်းဖြည်းချင်း စိမ့်ထွက်လာခြင်း ဖြစ်သည်ဟု သူတို့က ယူဆခဲ့ကြသည်။

သို့သော်လည်း နောက်ပိုင်းတွင် တွေ့ခဲ့သော သက်သေများအရ ရွှေတွင်းသည် ဂီလန် မိသားစု နယ်မြေအတွင်းတွင် ရှိနေနိုင်သဖြင့် သူတို့သည် ဘာမှ ရွေးချယ်မှု မရှိပဲ စူးစမ်း စစ်ဆေးမှုကို ရပ်တန့်ခဲ့လိုက်ရသည်။

+

ငွေမြို့တော်၏ ထူးခြားသော အခြေအနေ အရ ဒေသခံ မှူးမတ်များ ပိုင်ဆိုင်ခွင့် ရှိသော နိုက်သူရဲကောင်းနှင့် ထောက်ခံသူ အရေအတွက်က အကန့်သတ်ခံထားရသည်။ သို့ဖြစ်၍ ဒေါ့သည် ရွှေတွင်းအား ဒီအတိုင်း သိမ်းပိုက်လိုက်၍ မရနေချေ။ ဤရောမ ရတနာသိုက်အား ပိုင်ဆိုင်လိုစိတ် လောဘ တက်လာခဲ့သဖြင့် သူသည် ဗစ်ကောင့် ဂီလန် အပေါ်တွင် ပစ်မှတ်ထားလာခဲ့သည်။

သူသည် သူ၏ အကြံအစည်အား ဂီလန် မိသားစု၏ ဆွေမျိုးနီးစပ် ဖြစ်သော ဂီလန်အိုကြီးနှင့် စတင်ခဲ့သည်။

+

သူ့တွင် ရိုးရှင်းသော်လည်း ရက်စက်သည့် အစီအစဥ် တစ်ခု ရှိနေသည်။ ဂီလန်အိုကြီးသည် ဘွဲ့ထူး မရှိသလို စံအိမ်လည်း မရှိနေသဖြင့် ဂီလန်အိုက သူ့အား မြေတစ်ကွက် ပေးပါက သူသည် ဂီလန်အိုအား ဂီလန် မိသားစု ခေါင်းဆောင်ဖြစ်အောင် လုပ်ပေးမည်ဟု သွေးဆောင်ခဲ့သည်။

ဂီလန်အိုကလည်း တကယ့်မှူးမတ် တစ်ယောက် ဖြစ်လာမည့် သွေးဆောင်မှုကို မငြင်းဆန်နိုင်သဖြင့် ဒေါ့အား ကူညီရန် သဘောတူခဲ့လေသည်။

+

ဒေါ့သည် ဒုက္ခသည် အဓိကရဏ်း ဖြစ်ခဲ့စဉ်
နိုက်တင်ဂေး၏ မိဘများကို သတ်ဖြတ်ရန်
ကြွက်များကို လာဘ်ပေးခဲ့ပြီး ဂီလန်အိုကြီးက
ဤအခွင့်အရေးကို အသုံးချကာ ဟိုက်ဒီနှင့်
နိုက်တင်ဂေးတို့အား ထိန်းသိမ်းပြီး သူတို့၏
နယ်မြေကို စောင့်ရှောက်ပေးခဲ့သည်။

ဂီလန်အိုသည် ဟိုက်ဒီ အရွယ်ရောက်လာသော အခါ
ဟိုက်ဒီအား စံအိမ်နှင့် ဘွဲ့ထူးတို့အား စွန့်လွှတ်ရန်
ဖိအားပေမည်ဟု ရည်ရွယ်ထားခဲ့သည်။
ဘာပဲပြောပြော မိဘ မရှိတော့သည့် ဆက်ခံသူ
တစ်ယောက်သည် လှောင်အိမ် အတွင်းမှ
ငှက်တစ်ကောင်ကဲ့သို့ ကူရာမဲ့နေသည့် အတွက်
ဤကိစ္စက ငှက်ပျောသီး အခွံနွှာသကဲသို့
လွယ်ကူနေပေသည်။

+

အကယ်၍ အခြား မှုုးမတ်များက တွေ့ရှိခဲ့လျှင်လည်း သူတို့သည် ဂီလန်အိုကြီးက အမတန်မှ လောဘကြီးသည် ဟူ၍သာ အပြစ်တင်နိုင်လိမ့်မည် ဖြစ်သည်။

သူ၏ အကြံအစည်က ပြီးပြည့်စုံနေခဲ့သော်လည်း နိုက်တင်ဂေး၏ နိုးထလာမှုကြောင့် ပျက်စီးသွားခဲ့သည်။ သူမ အရွယ်ရောက်သော နေ့တွင် နိုက်တင်ဂေးသည် ဂီလန်အိုကြီးအား သတ်ဖြတ်ပြီး ပါးလျသော လေထုအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။ ဂီလန်အိုသည် သူအိမ်မက်မက်နေခဲ့သော ဘွဲ့ထူးအား နောက်ဆုံး အချိန်တွင်ပင် မရသွားနိုင်ခဲ့ပေ။

+

ဒေါ့ဆိုမီကလည်း သူ၏ အကြံကို
ပြောင်းလဲခဲ့ရသည်။ သူသည် ဂီလန်အိုကြီးကို
သွေးဆောင်နိုင်သော်လည်း ဂီလန် မိသားစုအား
ထောက်ခံသူ အားလုံးကို သိမ်းသွင်းနိုင်မည်
မဟုတ်ပေ။ ဘာပဲပြောပြော သူ့တွင်
မက်လုံးပေးစရာ ဟူ၍ ဘွဲ့ထူး ဂုဏ်ထူးသာ
ရှိနေသည်။

သူသည် နောက်ဆုံးတွင် ဟိုက်ဒီဘက်သို့သာ
ခြေဦးလှည့်လာခဲ့သည်။

နိုက်တင်ဂေးသည် ဤအကြောင်းကို ကြားခဲ့ရသော
အခါ ရယ်စရာ ကောင်းနေသည်ဟု ယူဆမိခဲ့သည်။

+

ဟိုက်ဒီ ပိုင်ဆိုင်မည့် အရာတစ်ခုကို သူ့အား
မက်လုံးပေးရန် အရာတစ်ခု အဖြစ်
အသုံးချခဲ့သော်လည်း  ဒေါ့က သူ့အား ကူညီနေခြင်း
ဖြစ်သည်ဟု ဟိုက်ဒီက ရိုးအစွာ
ယုံကြည်နေခဲ့သေးသည်။

ထို့ကြောင့် သူသည် ဘာမှ တွေဝေနေခြင်း မရှိပဲ
သူ့မိဘများကို သတ်ဖြတ်ခဲ့သူ ဖြစ်သော ဒေါ့ဆိုမီ၏
ကမ်းလှမ်းချက်ကို လက်ခံခဲ့လေသည်။

ဗစ်ကောင့်၏ ထောက်ခံမှုဖြင့် ဟိုက်ဒီသည်
စွမ်းအားနှင့် ကြွယ်ဝမှုအား ယှဥ်ပြိုင်နေသူ
သူ့ဆွေမျိုးများ အားလုံးကို ကျော်လွှားနိုင်ခဲ့ကာ
မှူးမတ်ဘွဲ့ထူးကို အောင်မြင်စွာ ထိန်းထားနိုင်၍

+

ဂီလန် မိသားစု၏ တရားဝင် ဆက်ခံသူ တစ်ယောက် ဖြစ်လာခဲ့သည်။

သို့သော်လည်း သူတို့၏ သဘောတူညီမှု အရ သူသည် ဆိုမီ မိသားစုနှင့် ပေါင်းစည်းခဲ့ရသည်။ သူသည် လုပ်ချင်လွန်း၍ မဟုတ်ပဲ အခြား ရွေးချယ်မှု မရှိသောကြောင့် လက်ခံခဲ့ရခြင်း ဖြစ်သည်။ အချင်းချင်း ပဋိပက္ခ ဖြစ်မှုများကြောင့် သူတို့ မိသားစု၏ လုပ်ငန်းများသည် ပြိုလဲလုနီးပါး အခြေအနေသို့ ရောက်နေခဲ့ပြီး လက်အောက်ငယ်သား အများစုက ထွက်ခွာသွားခဲ့ပေပြီ။

+

ဆယ်နှစ်ခန့် ကြံ့စည်ခဲ့အပြီးတွင် ဗစ်ကောင့်သည် သူလိုချင်သည့် အရာကို နောက်ဆုံးတွင် ရသွားခဲ့သည်။ သူသည် အိမ်မက်ရေများကို မှောင်ခို ရောင်းချခြင်းဖြင့် သတ္တုတွင်း တူးဖော်ရန် လုံလောက်သည့် ငွေကြေးကိုပင် စုဆောင်းနိုင်ခဲ့သေးသည်။

သတ္တုကြောကို ရှာတွေ့သည်နှင့် ဆိုမီ မိသားစု၏ ကြွယ်ဝမှုများသည် ရာစုနှစ်နှင့် ချီ၍ပင် ကြာရှည်ခံနိုင်လိမ့်မည် ဖြစ်သည်။

သို့သော်လည်း သူ၏ ရည်မှန်းချက် အိမ်မက်အား ရိုလန်က ဖျက်ဆီးပစ်ခဲ့သည်။

+

ရှိနိုင်ခြေ ရှိသော ရွှေတွင်း တစ်တွင်းအတွက်
ဒေါ်သည် မှူးမတ်တစ်ယောက်အား သတ်ဖြတ်ကာ
မိသားစုများကို ပြိုကွဲစေခဲ့သည်။
လူနှစ်ဆယ်နီးပါးတို့ကို သေစေခဲ့သော သူ၏
ရက်စက်သည့် အကြံအစည်သည် သူ့လည်ပင်းမှ
ကြိုးကွင်းနှင့် အတူ အဆုံးသတ်သွားတော့သည်။

အစမှ အဆုံးအထိ သူသည် ရွှေတွင်းအား
တစ်ချက်လေးမှပင် ကြည့်မသွားခဲ့ရပေ။

မီးခတ်ကျောက်ကို ထုတ်ယူပြီး နိုက်တင်ဂေးသည်
တရားစီရင်မှု စာရွက်ကို မီးရှို့လိုက်သည်။

+

သူမသည် ရိုလန်ထံမှ ဝမ်းနည်း ပူဆွေးမှုကို ပြသသည့် ရေးဟောင်းနည်းလမ်း တစ်ခုကို ကြားဖူးခဲ့သည်။ ထိုအရာသည် တစ်ယောက်က ပေးပို့လိုသည့် ပစ္စည်းပုံစံကို စာရွက်ဖြင့် ခေါက်ကာ မီးရှို့လိုက်လျှင် သေဆုံးသွားသူက လက်ဆောင်ကို လက်ခံရရှိနိုင်သည် ဟူ၍ဖြစ်သည်။

မီးသည် ဝိညာဉ်များကို ဆက်သွယ်ပေးနိုင်စွမ်း ရှိသဖြင့် အထူး ရည်ရွယ်ချက်များ ရှိနေသည့် မီးခိုးငွေ့နှင့် မီးတောက်တို့သည် သေခြင်းနှင့် ရှင်ခြင်း ကမ္ဘာတို့အား ဆက်သွယ်ထားသည့် တံခါးကို ဖြတ်ကျော်နိုင်စွမ်း ရှိနိုင်သည်။ အထူးသဖြင့် ကမ္ဘာနှစ်ခုက အနီးကပ်ဆုံး ဖြစ်နေသည့် မှောင်ရီပျိုးသည့် အချိန်တွင် ဖြစ်သည်။

+

ဤအခမ်းအနားမှ တဆင့် နိုက်တင်ဂေးသည် လူသတ်သမားကို ပြစ်ဒဏ် စီရင်ခဲ့ပြီး ဖြစ်သည်ဟု သူမ မိဘများ၏ ဝိညာဉ်ထံသို့ သတင်း ပေးပို့လိုနေခြင်း ဖြစ်သည်။ ရိုလန်သည် သူကမူ သေခြင်းနှင့် ရှင်ခြင်း ကမ္ဘာများအား ယုံကြည်ခြင်း မရှိဟူ၍ ပြောခဲ့သေးသော်လည်း သူမက ဤမျှအထိ အမှုထားနေခြင်း မရှိပေ။

သူမသည် သူမ မိဘများကို နှစ်သိမ့်ပေးလိုနေသည်ထက် သူမကိုယ် သူမ နှစ်သိမ့်ပေးလိုနေခြင်း ဖြစ်သည်။

+

သူမသည် တောင်စောင်းမှ ဆင်းလာသော အခါတွင် ကောင်းကင်က လုံးဝကို မှောင်သွားခဲ့လေပြီ။

ရိုလန်သည် သူမအား မနီးမဝေး နေရာမှ စောင့်နေခဲ့သည်။ သူမသည် ရင်းနှီး ကျွမ်းဝင်နေသော ပုံရိပ်အား မြင်လိုက်ရသည်နှင့် စိတ်သက်သာရာ ရသွားပြီး လုံခြုံနေသကဲ့သို့ ခံစားခဲ့ရလေသည်။

"သူ့ကို ဒီအတိုင်း လွှတ်ပေးလိုက်တော့မှာလား" ရိုလန်က နှုတ်ခမ်းများကို တွန့်၍ ပြောလိုက်သည်။ "ငါက ဒီကောင်ကို သင်ခန်းစာ ပေးချင်နေခဲ့တာ ကြာနေပြီ"

+

"အိုး… ဟုတ်လား… ဘယ်သူ့ အနေနဲ့လဲ"
နိုက်တင်ဂေးက သူမ၏ မျက်ခုံးများကို ပင့်၍
မေးလိုက်သည်။

"အဟမ်း…" ရိုလန်က ချောင်းနှစ်ချက်
ဆိုးလိုက်သည်။ "ဘုရင် တစ်ပါး အနေနဲ့ပေါ့"

နိုက်တင်ဂေးက သူမ၏ ခေါင်းကိုခါ၍
ပြုံးလိုက်သည်။ "ကျွန်မနဲ့ သူ့ရဲ့ ဇာတ်လမ်းက
ပြီးသွားပါပြီ… တကယ်လို့ အရှင်က သူ့ကို
သင်ခန်းစာ တစ်ခု ပေးချင်နေရင်လည်း လူလွှတ်
ခေါ်ခိုင်းလိုက်ပြီး နောက်ထပ် ရိုက်နှက်လို့ရတာပဲ"

+

"မင်းက ဒီကိစ္စကို စိတ်ထဲ မထားတော့ဘူးဆိုတော့ ငါကသူ့ကို လွှတ်ပေးလိုက်တော့မယ်" ရိုလန်က သူ၏ လက်များကို ဖြန့်၍ ပြောလိုက်လေသည်။

"ဪ... ဟုတ်သားပဲ..." နိုက်တင်ဂေးသည် လမ်းလျှောက်နေရာမှ ရုတ်တရက် ရပ်လိုက်ပြီး ဒူးထောက်လိုက်ကာ သူမ ပထမဆုံး အကြိမ် သစ္စာခံခဲ့သကဲ့သို့ သူမ၏ လက်အား ရင်ဘတ်အပေါ်တွင် တင်၍ အရိုအသေပြုလိုက်သည်။

"အရှင်မင်းမြတ်... အရှင်က ကျွန်မကို အရှင့်ဘေးမှာ အမြဲတမ်းနေပြီး အလုပ်အကျွေးပြုဖို့ ခွင့်ပြုနိုင်ပါမလား"

+

"မင်းက ဘာဖြစ်လို့ ဒီအကြောင်းကို ရုတ်တရက် ပြောခဲ့တာလဲ" ရိုလန်က မှင်သက်သွားသည်။ "ငါက သဘောတူခဲ့ပြီးပြီ မဟုတ်လား"

"ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မက ထပ်ကြားချင်နေလို့ပဲ" နိုက်တင်ဂေးက အလျှော့မပေးတမ်း ပြောလိုက်သည်။

ရိုလန်က ကူရာမဲ့စွာဖြင့် သူမအနားသို့ လျှောက်လာပြီး သူမ၏ ခေါင်းကို ပုတ်ကာ ပြောလိုက်သည်။ "သေချာ နားထောင်ပါ... သဘောတူတယ်... သဘောတူတယ်...

+

အကြိမ်ပေါင်း တစ်ရာ သဘောတူတယ်…
မင်းကျေနပ်ပြီလား"

မှော်စွမ်းအားများက ထကြွ လှုပ်ရှားလာခြင်း မရှိပဲ ညကန့်လန့်ကာအောက်မှ ကမ္ဘာမြေကဲ့သို့ ငြိမ်းချမ်း ငြိမ်သက်လျက်သာ ရှိနေခဲ့သည်။

ငါက သူနဲ့ ကြုံတွေ့ရတာ အမတန်မှ
ကံကောင်းတာပဲ။

နိုက်တင်ဂေး၏ နှုတ်ခမ်းထောင့်က အပြုံးတစ်ခု အဖြစ်သို့ ကွေးညွတ်သွား၍ ပြောလိုက်သည်။
"အရှင်မင်းမြတ်ရဲ့ ဆန္ဒအတိုင်းပါ"

+

# စာစဥ် ၅၉ : အပိုင်း ၁၂

## အပိုင်း ၈၈၂ : ဘုရင် ပြန်လာခြင်း

ဘုရင် လာနေပြီ။

ရိုလန် ဝင်ဘယ်ဒန်၏ တပ်ဖွဲ့များသည် မြစ်နီမြို့တွင် တပ်စွဲထားခဲ့ကတည်းက ဤအကြောင်းနှင့် ပတ်သတ်သော ဆွေးနွေးမှုများသည် ဘုရင့်မြို့တော်ဟောင်း၏ လမ်းများအားလုံး အတွင်းတွင် ပြည့်နှက်နေခဲ့ပြီး ငွေမြို့တော် သခင်က ရိုလန်ထံ အညံ့ခံလိုက်သော အချိန်တွင် အထွတ်အထိပ်သို့ ရောက်သွားခဲ့သည်။

+

လူတစ်စုကမူ ရိုလန်သည် ထီးနန်းဆက်ခံနိုင်စွမ်း မရှိဟု မကြာခဏ ပြောနေကြသော်လည်း ယခင်မှ သူပုန်ဘုရင်၊ ကျူးကျော်သူ ဟူသော အမည်များနှင့် စာလျှင် အရပ်သား အများစုက မီးခိုးရောင် ရဲတိုက်မှ အနာဂတ် ဘုရင်သည် ရိုလန်မှ လွဲ၍ မည်သူမှ မဖြစ်နိုင်ဟု ယုံကြည်နေကြသည်။ ဤတစ်ခေါက် ခရီး၏ ရည်ရွယ်ချက်သည် ဘိသိက်သွန်းရန်ပင် ဖြစ်နေနိုင်သည်။

ဘုရင်အသစ်သည် အလောတကြီး ဖြစ်မနေပဲ မြို့တစ်မြို့စီတွင် ရက်သတ္တပါတ် များစွာ နေခဲ့သဖြင့် ဘုရင့်မြို့တော်ဟောင်းသို့ ရောက်လာသော အခါ နွေရာသီ အလယ်သို့ပင် ရောက်နေခဲ့ပေပြီ။

+

သို့သော်လည်း မြင့်မားလှသည့် အပူချိန်သည် လူအများ၏ စိတ်အား ထက်သန်မှုကို မလျော့ကျသွားစေပဲ အရက်ဆိုင်များ အတွင်းတွင် ရှိလန်၏ နန်းတက်ပွဲ အခမ်းအနားနှင့် ပတ်သတ်၍ ပြောဆိုနေကြသော အသံများဖြင့် ပြည့်နေသည်။

လမ်းမများတွင် ရောင်စုံ ဖဲပြားများဖြင့် တန်ဆာဆင်ထားကြကာ နန်းတော် အနီးမှ နှစ်ထပ်အထက် ရှိသော အိမ်များအားလုံးက ငှားရမ်းခြင်း ခံခဲ့ရ၍ ခြောက်ကပ်သွားသော ဘုရင့်မြို့တော်ဟောင်းသည် အတိတ်မှ ဂုဏ်ကျက်သရေများကို ပြန်လည် ရရှိသကဲ့သို့ ဖြစ်သွားခဲ့သည်။

+

ဤကဲ့သို့သော အချိန်မှပင် မြို့တော်တွင်းမှ မြို့သူ မြို့သားများသည် ဘုရင့်မြို့တော် တစ်မြို့ ရှိသင့်သော ပုံစံနှင့် အသွင်အပြင်တို့ကို ပြန်လည် အမှတ်ရလာသည့်ပုံ ပေါက်နေသည်။

ရိုလန်သည် ဤနယ်မြေသို့ နောက်ဆုံး ရောက်ရှိခဲ့သည်မှာ တစ်နှစ်ကျော် ရှိနေပြီ ဖြစ်သည်။

မြို့တံခါးမှ တဆင့် သူလျှောက်ဝင်လာသည်နှင့် တစ်ပြိုင်နက် ဒေသခံ ကောင်မလေးများ စုဆောင်းထားသည့် ပန်းပွင့်ချပ်များက ကောင်းကင်ပေါ်တွင် ပြည့်နှက်သွားခဲ့၍ ပရိသတ် အတွင်းမှ ကောင်းချီး ဩဘာသံများသည် မြို့တော်အား ဆူညံသွားစေခဲ့သည်။

+

သူတို့သည် ဘုရင်အသစ်၏ ဉာဏ်ပညာနှင့် ကရုဏာများကို ချီးမွမ်းနေကြခြင်း မဟုတ်ပဲ ဤနေရာမှ လူများ၏ လုပ်နေကျ အကျင့်တစ်ခုသာ ဖြစ်ပေသည်။

သူတို့အတွင်းတွင် နီနီနှင့် ပေါ့တို့လည်း ပါနေသည်။

သူတို့ နှစ်ယောက်သည် မင်းလမ်းမ အနီးမှ မြင့်မားသော အဆောက်အအုံ တစ်ခုအတွင်းတွင် နေထိုင်ကြသူများ ဖြစ်ကြ၍ မြင်ကွင်း တစ်ခုလုံးအား ကောင်းစွာ မြင်နိုင်သည့် အကောင်းဆုံး နေရာများကို ရထားကြသည်။

+

သူတို့၏ မိဘများသည် ဖောက်သည်များကို ဧည့်ခံရင်း အလုပ်ရှုပ်နေကြသဖြင့် သူတို့အား မကြည့်နိုင်ကြပေ။ သူတို့ကလည်း အခွင့်ကောင်းယူကာ မျှော်စင်ထိပ်သို့ တွယ်တက်သွား၍ အနီရောင် အုတ်ကြွပ်ခေါင်မိုးပေါ်တွင် လဲလျောင်းနေကြရင်း စစ်တပ်က မြို့တွင်းသို့ ဝင်လာသည့် မဟာ အခမ်းအနားကို ကြည့်ရှုနေကြလေသည်။

"သူတို့လာပြီ… ဟောဟိုမှာ… ရထားလုံး အလယ်မှာ ရပ်နေတာက အရှင်မင်းမြတ် မဟုတ်လား… သူက ဒုတိယ မင်းသားထက် စာရင် အများကြီး ပိုငယ်တဲ့ပုံ ပေါက်နေတယ်" နီနီက အံ့အားတကြီးဖြင့် အော်လိုက်သည်။ "ဝိုး… ကြည့်ပါဦး… သူက ငါတို့ကို ဖော့ယမ်းပြနေတယ်…

+

သခင် တင်မိုသီက ဘယ်တော့မှ ဒီလို လုပ်မှာ မဟုတ်ဘူး"

"သူက ဒီဘက်က လူတွေအားလုံးကို ဖော့ယမ်းပြနေတာ" ပေါ့က ပခုံးတွန့်လိုက်သည်။ "ငါတို့က ဒီလောက် အမြင့်ကြီး တက်နေတာ… သူက ငါတို့ကို မြင်နိုင်စရာ အကြောင်းမရှိဘူး"

"ငါတို့က လူတွေအားလုံး အထဲမှာ ပါနေတာပဲလေ… ငါပြောတာ မှားလို့လား" နီနီက တရား မျှတစွာ ပြောလိုက်သည်။ "သူ့ရဲ့ အသွင်အပြင်ကို ကြည့်ရုံသက်သက်နဲ့တင် သူက ဒုတိယ မင်းသားထက် အများကြီး ကြည့်လို့ ပိုကောင်းနေတယ်"

+

"ဒီလိုဆိုတော့ သဘောကောင်းတဲ့ ဘုရင်ဟာ သူ့ရဲ့ အစ်ကိုအရင်း ဖြစ်တဲ့ အရှင်မင်းသား တင်မိုသီ အပါအဝင် မှူးမတ်တွေ အများကြီးကို ကြိုးပေးခဲ့တာပေါ့... ယာယီ တည်ဆောက်ထားတဲ့ စက်တိုင်တွေကိုတောင် မြို့ရင်ပြင်မှာ တွေ့နိုင်သေးတယ်... သူက ဘုရင့်မြို့တော်မှာ လူအများဆုံး သတ်ဖြတ်ခဲ့တဲ့ အုပ်ချုပ်သူ ဖြစ်ရမယ်... ကြွက်တွေ သတ်ခဲ့တဲ့ သူတွေတောင် သူ့လောက်များမှာ မဟုတ်ဘူး"

"ငါကတော့ သူ့ကို မနှစ်သက်ဘူး" ပေါ့က နှုတ်ခမ်းစူနေရင်း ပြောလိုက်သည်။ "သူက ဒီမြို့တော်ကို သူ့အိမ်လို့ ဘယ်တုံးကမှ မယူဆခဲ့ပဲ

+

အနောက်ပိုင်း ဒေသကိုသာ အလုပ်လုပ်ဖို့ အခွင့်အရေး များစွာ ရနိုင်တယ် ဆိုပြီး လူတွေကို သွားစေခဲ့တယ်... ဒါပေမဲ့ ငါတို့က ဘယ်လိုလုပ်မလဲ"

"အခုတလောမှာ အဖေရဲ့ အရက်ဆိုင်လာတဲ့ ဖောက်သည်တွေက တစ်ဝက်လောက် လျော့သွားတယ်... သူ့ကို အပြစ်တင်ရမှာ မဟုတ်ဘူးလား"

"ဒီလိုဆိုတော့ နင်က ဘယ်သူ့ကို ကြိုက်တာလဲ... ဒုတိယ မင်းသားလား"

+

"ငါက သူ့ကိုလည်း မကြိုက်ဘူး… စုန်းမတွေကို ဖမ်းဆီးနိုင်ဖို့ သူက မြို့တစ်မြို့လုံးကို ခလောက်ဆန် ရှုပ်ထွေးစေခဲ့တယ်… ဘုရင်အိုက အကောင်းဆုံးပဲ… အနည်းဆုံးတော့ သူက…"

"ဘုရားရေ… အရှင်မင်းမြတ် ဘေးက မိန်းကလေးကို ကြည့်စမ်းပါဦး" ပေါ့၏စကား မဆုံးမီ နီနီသည် သူတို့ ပြောနေကြသည့် အကြောင်းအရာကို ဘေးဖယ်ထားကာ ဘုရင် စီးနင်း လိုက်ပါလာသည့် ရထားလုံးကို လက်ညှိုးထိုးကာ အော်ဟစ်လိုက်သည်။ "သူမက ဒီဘက် လှည့်လာပြီ… အမလေး… သူက အရမ်း လှတာပဲ"

+

ပေါ့က ဘာမှ မတတ်နိုင်ပဲ သက်ပြင်းသာ ချလိုက်ရလေသည်။

သူမ၏ တွေ့ရှိခဲ့မှုသည် လူအုပ်ကြီး၏ အာရုံကိုလည်း ဆွဲဆောင်နိုင်ခဲ့သည်။ အကယ်၍ တစ်ယောက်သည် ဘုရင်နှင့် အတူ ရထားလုံးပေါ်၌ လိုက်ပါနိုင်ခဲ့လျှင် ထိုသူက မည်သူဖြစ်သည် ဆိုသည်မှာ သိသာနေပြီ ဖြစ်ပြီး လမ်းမပေါ်မှ ဆွေးနွေးသံများကလည်း ပိုမို ကျယ်လောင်လာကြသည်။ လူအများသည် ထူးဆန်းသော်လည်း ချောမောလှပသည့် ဤမိန်းကလေး အပေါ်တွင် စိတ်ဝင်စားမှု အပြည့် ရှိနေကြသည်မှာ သိသာနေသည်။

+

ရုတ်တရက်ပင် နီနီနှင့် ပေါ့တို့သည် ကြည်လင် ထူးခြားသော ဟိန်းဟောက်သံ တစ်ခုအား ကြားလိုက်ရလေသည်။

သူတို့ဘာမှ မသိလိုက်ခင်ပင် မီးခိုးရောင် အရိပ်တစ်ခုသည် လေးမှ ပစ်လွှတ်လိုက်သည့် မြားတစ်စင်းပမာ သူတို့အရှေ့မှ ဖြတ်သန်းသွား၍ မျှော်စင် အဆောက်အအုံ အတွင်းသို့ တိုက်ရိုက် ဝင်ရောက်သွားခဲ့သည်။ ပြီးတာနှင့် အောက်ထပ်တွင် ထိတ်လန့်တစ်ကြား အော်ဟစ်သံများ၊ တစ်စုံတစ်ယောက် မြေပေါ်သို့ လဲကျသွားသည့် အသံနှင့် ဝိုင်ခွက် ကျကွဲသံများ ပေါ်လာခဲ့လေသည်။

+

"ဒါကဘာလဲ" နီနီက အံ့အားတကြီးဖြင့် မေးလိုက်သည်။

"မသိဘူး... ကြည့်ရတာ ငါတို့အိမ်ကနေ ထွက်လာတာနဲ့ တူနေတယ်" ပေါ့က အလောတကြီးဖြင့် ထရပ်လိုက်သည်။ "ငါတို့ ပြန်သွားကြည့်ရအောင်"

"ကောင်းပြီလေ"

သူတို့သည် သူတို့ တက်လာခဲ့သည့် အုတ်နံရံအတိုင်း တွယ်ဆင်းလာ၍ ပြတင်းပေါက် တစ်ခုမှ တဆင့် အရက်ဆိုင် အတွင်းသို့ ခုန်ဝင်လိုက်ကြရာ ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ထားသော

+

စစ်သည်တော်များက ညှော်သည်များအား
ဝန်းရံထားသည်ကို တွေ့လိုက်ရသဖြင့်
အံ့အားသင့်သွားကြသည်။

ကြမ်းပြင်ပေါ်တွင် အရက်များ၊ ရေများ၊
ခွက်အပိုင်းအစများဖြင့် ပြန့်ကျဲနေ၍
ငှက်တောင်အချို့ကိုလည်း တွေ့နိုင်ခဲ့သည်။

နီနီ၏ ခေါင်းအတွင်းသို့ ပထမဆုံး ဝင်လာသည့်
အရာမှာ ပေါ့၏ အရှင်မင်းမြတ် အပေါ်တွင် ဝေဖန်
ပြောဆိုမှုများကို တစ်စုံတစ်ယောက်က
ကြားသွားခဲ့သဖြင့် သူတို့အား အပြစ်ပေးရန်
ရောက်လာကြသည်ဟု ထင်နေသည်။ သို့ဖြစ်၍
သူမသည် ပေါ့၏ ပါးစပ်ကို ပိတ်ကာ တစ်နေရာတွင်

+

ပုန်းအောင်းနေပြီး သူတို့ ဘာမြင်ခဲ့ခဲ့ အသံမထွက်ပဲ နေရန် ကြိုးစားခဲ့သည်။

သို့သော်လည်း သူမအနေဖြင့် ထိုကဲ့သို့ မလုပ်နိုင်ခဲ့ပေ။

အမှန်တွင် နီနီနှင့် ပေါ့တို့က ပြတင်းပေါက် အတွင်းမှ ဝင်ရောက်လာကတည်းက စစ်သည်တော်များသည် မဖိတ်ခေါ်ပဲ ရောက်ရှိလာသည့် ဧည့်သည်တော်လေး နှစ်ယောက်တို့အား သတိပြုမိခဲ့ကြပြီး ဖြစ်သည်။ ထိုစစ်သည်တော်များသည် သူတို့အား ဖမ်းဆီးရန် ရောက်လာခဲ့ခြင်း မဟုတ်သည့် အပြင် သူတို့အား ပြုံးပင် ပြုံးပြခဲ့ကြသေးသည်။

+

မိနစ် အနည်းငယ် အကြာတွင်
စစ်သည်တော်များသည် အံ့အားသင့်နေကြသော
ပေါ့၏ မိဘများနှင့် ညော့သည်များကို ချန်ထားခဲ့ကြ၍
တစ်ယောက်ပြီး တစ်ယောက် ထွက်သွားခဲ့ကြသည်။
စစ်သည်တော်တို့၏ ခေါင်းဆောင်နှင့် တူနေသော
လူတစ်ယောက်က ငွေပြား ဆယ်ပြားကိုပင်
ထုတ်ယူ၍ ပေါ့ဖခင်၏ လက်အတွင်းသို့
ထည့်သွားသေးသည်။

စစ်သည်တော်များ အားလုံး ထွက်ခွာသွားပြီးမှသာ
နီနီသည် တံ့ဆိုင်းစွာဖြင့် သူမ မိဘများထံ သွား၍
မေးလိုက်သည်။ "ဘာဖြစ်ခဲ့တာလဲ"

+

"ဒါက လုံးဝကို မယုံနိုင်စရာပဲ" သူမဖခင်က လိုသည်ထက် ပိုနေသော ဟန်ပန် အမူအရာများဖြင့် စိတ်လှုပ်ရှားစွာ ပြန်ဖြေလိုက်သည်။ "ဘုရင်ရဲ့ ဂုဏ်ထူးဆောင် အစောင့်တွေက လမ်းထောင့်ကို ဖြတ်သန်းသွားတဲ့ အချိန်မှာ ညှော့သည်တစ်ယောက်က လက်ကိုင်ဒူးလေး တစ်ခုကို ရုတ်တရက် ထုတ်ယူလိုက်ပြီးမှ ဘုရင့်ထံကို ချိန်လိုက်တယ်"

နီနီသည် မအောင့်နိုင်ပဲ အံ့အားတကြီးဖြင့် ပင့်သက်ရှိုက်မိကာ မေးလိုက်သည်။
"ပြီးတော့ကော"

+

"ငါတို့ကလည်း အတော်လေး
ကြောက်ရွံ့သွားတယ်... တကယ်လို့ ဒီမြားကို
ပစ်ခဲ့လိုက်ရင် ငါတို့အားလုံးကလည်း
ဒုက္ခရောက်ပြီ... ကံကောင်းစွာနဲ့ အဲ့ဒီအချိန်မှာ
ငှက်တစ်ကောင်... မဟုတ်ဘူး... လူတစ်ယောက်က
ပျံသန်း ဝင်ရောက်လာပြီး ဟိုလူကို
ဟန့်တားလိုက်တယ်"

"လူတစ်ယောက်... ဟုတ်လား"

"အဲ့လိုလည်း မဟုတ်ဘူး... သူမ ပျံသန်း
ဝင်ရောက်လာတုံးက ငှက်တစ်ကောင် ဖြစ်နေခဲ့ပေမဲ့
ဟိုလူရဲ့ ခေါင်းကို တိုက်ချခဲ့အပြီးမှာ လူတစ်ယောက်
အဖြစ် ပြန်ပြောင်းသွားတယ်... သူက နင့်အရွယ်သာ

+

ရှိသေးတဲ့ ကောင်မလေး တစ်ယောက်ပဲ" ညွှ်သည်တစ်ယောက်က ဝင်ပြောလိုက်သည်။

"ငါတို့ကလည်း ဒူးလေးက မြေပေါ်ကို ကျသွားတဲ့ အချိန်မှသာ သတိပြန်ဝင်လာခဲ့တယ်... ပြီးတာနဲ့ ငါတို့က လုပ်ကြံ သတ်ဖြတ်သူကို မြေပေါ်မှ မလှုပ်နိုင်အောင် ချုပ်ထားခဲ့ပြီး ဟိုစစ်သည်တော်တွေက တံခါးကို ချိုးဖောက် ဝင်ရောက်လာခဲ့တာပဲ"

"ခင်ဗျား ပြောခဲ့တာတွေက ဟုတ်ရော ဟုတ်ရဲ့လား" ပေါ့က သံသယ ဖြစ်စွာဖြင့် မေးလိုက်သည်။ "ဟိုငှက်... မဟုတ်ဘူး... ငှက်အဖြစ် ပြောင်းလဲနိုင်တဲ့ လူကရော

+

ဘယ်ရောက်သွားလဲ... ခင်ဗျားက
အိမ်မက်ရေတွေကို ခိုးသောက်ပြီး
ထင်ယောင်ထင်မှား ဖြစ်နေတာတော့
မဟုတ်ပါဘူးနော်"

"ငါတို့က လုပ်ကြံသူကို ဖမ်းဆီးခဲ့တဲ့ အချိန်မှာ
သူမက ထွက်သွားခဲ့ပြီ" ပေါ့ဖခင်က သူ့ခေါင်းကို
လက်ဝါးဖြင့် နာနာတီးလိုက်သည်။ "မင်းက
ငါပြောတာကို သံသယ ဝင်ရဲရင် ငါက
ပြစ်ဒဏ်ကောင်းကောင်း ပေးလိုက်မယ်"

လူအုပ်ကြီးကလည်း ပွဲကျသွားကြလေသည်။

+

ငှက်တောင်များက နီနီ၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။ သူတို့သည် သာမန် သိမ်းငှက်ငယ်၏ ငှက်တောင်များနှင့် တူနေခဲ့သော်လည်း များစွာပို၍ ကျယ်ပြန့် နူးညံ့သည်။ သူမသည် ထိုငှက်တောင်များကို ဂရုတစိုက် စုဆောင်းခဲ့၍ သူမ၏ ခေါင်းပေါ်တွင် စိုက်ကာ သူမကိုယ် သူမ အပေါ်ကြည့်လိုက် အောက်ကြည့်လိုက် ကြည့်နေခဲ့သည်။

သူမသည် သူမကလည်း ပျံသန်းနိုင်သည်ဟု ခံစားနေရပြီး ရင်အတွင်း၌ ကျေနပ်အားရမှုများဖြင့် ပြည့်နေခဲ့ကာ ခေါင်းပေါ်တွင် အဆင်တန်ဆာ အဖြစ် အသုံးပြုမည်ဟု စဥ်းစားနေခဲ့လေသည်။

+

ထိတ်လန့် တုန်လှုပ်ဖွယ်ရာဟု ထင်နေရသော လုပ်ကြံ သတ်ဖြတ်မှုက အာရုံများစွာ ဆွဲဆောင်နိုင်မှု မရှိခဲ့ပဲ မကြာမီပင် လူအများသည် ဘုရင်နှင့် သူ၏ နောက်လိုက်များ အကြောင်းကို စတင်၍ ဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း ထိုကဲ့သို့သော ဖြစ်ရပ်မျိုး ဆယ်ခုမက ဖြစ်ပွားခဲ့ပြီး ဖြစ်သည်ကိုမူ သူတို့က မသိခဲ့ကြပေ။

ကံကောင်းစွာဖြင့် ရှယ်ဗီ၏ စောင့်ကြည့်မှုအောက်တွင် ကံကောင်းမှုကို မှီခိုနေရသော တစ်ယောက်ချင်း လုပ်ကြံ သတ်ဖြတ်မှုများက ရှုံးနိမ့်မှုဖြင့်သာ အဆုံးသတ်သွားရသည်။ ထို့အပြင် မြို့စောင့်တပ်သည် ရာဇဝတ်သားများက သူတို့၏ အကြံအစည်များကို အကောင်အထည်

+

မဖော်နိုင်ခင်မှာပင် လျှို့ဝှက်စွာ
ဖမ်းဆီးနိုင်ခဲ့လေသည်။

"အရမ်းကောင်းတယ်" ပရိသတ်များကို
အဆက်မပြတ် ဝှေ့ယမ်းပြနေရင်း ရိုလန်သည်
တစ်စက္ကန့်ခန့် အချိန်ယူကာ သူ့အနောက်မှ
ရထားလုံးထံသို့ ခေါင်းညိတ်ပြ၍
လှမ်းပြောလိုက်သည်။ "ဘုရင့်မြို့တော်ဟောင်း
အတွင်းမှာ လက်ကျန်အဖွဲ့တွေ
ဒီလောက်အများကြီး ကျန်နေသေးမယ်လို့ ငါက
ထင်မထားခဲ့ဘူး… ကြည့်ရတာ အခြေအနေက
ငါတို့ထင်သလောက် မတည်ငြိမ်သေးဘူးနဲ့
တူနေတယ်"

+

"ရပါတယ်... အရှင်မင်းမြတ်" ရှယ်ဗီက ပြန်ဖြေလိုက်သည်။

"ရှင်က မတည်ငြိမ်သေးမှန်း သိနေခဲ့ရင် မြို့အတွင်းကို ဒီလိုပုံစံမျိုးနဲ့ မဝင်လာသင့်ဘူး" အက်ဂါသာက အေးစက်စွာဖြင့် ပြောလိုက်သည်။ အသက်နှင့် ပတ်သတ်နေ၍လား မသိ၊ သူမ၏ စိတ်နေစိတ်ထားသည် လုံခြုံရေးနှင့် ပတ်သတ်လာလျှင် စကိုးနှင့် ပို၍ပို၍ ဆင်တူလာသည်ဟု ရိုလန်က ခံစားနေရသည်။

"ရှင့်လိုမျိုး သာမန်လူတွေက အရမ်း ပျော့လွန်းပြီး တစ်ခါတစ်ရံမှာ ဒဏ်ရာ သေးသေးလေး တစ်ခုက

+

အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တယ်" အက်ဂါသာက ပြောလိုက်သည်။

"ကျွန်မက ဘယ်တိုက်ခိုက်မှုကို မဆို ဟန့်တားပေးလိုက်မယ်" အက်ဂါသာ၏ ဘေးမှ အန်နာက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ပြီးတော့ လုံခြုံရေး အဖွဲ့အတွင်းမှာ နာနာပိုင်းကလည်း ပါလာတယ်"

"နင်က သူ့ကို ဖျက်ဆီးနေတာပဲ"

"အဟမ်း..." ရိုလန်က အလောတကြီးဖြင့် ဖြတ်ပြောလိုက်သည်။ "လူတွေရဲ့ မျက်စိအတွင်းမှာ ငါ့ကို အကောင်းမြင်နိုင်ဖို့ ဒီလိုမျိုး အန္တရာယ်က

+

စွန့်စားရတာ ထိုက်တန်ပါတယ်… ဘာပဲပြောပြော ဘုရင်အသစ် တစ်ပါး အနေနဲ့ ငါက ငါ့ပြည်သူတွေနဲ့ ရင်းနှီး ကျွမ်းဝင်နေဖို့ လိုနေတယ်"

ရထားလုံး အတွင်းတွင် ရှယ်ဗီ၊ အက်ဂါသာ၊ အစ္စဘယ်လာ၊ ဖိုင်းလစ်နှင့် ဇိုဝီတို့ ရှိနေကြသည်။ ထို့အပြင် ပထမ စစ်တပ်မှ လက်ရွေးစင် စစ်သားများကလည်း ဘေးပတ်ဝန်းကျင်တွင် ရှိနေကြသဖြင့် သဘောတရား အရ မတော်တဆမှုများ ဖြစ်ပွားနိုင်ရန် သုည ရာခိုင်နှုန်းသာ ရှိနေပေသည်။

+

"ဒါက ဘာမှ မဆိုင်ဘူး… ရှင်က နန်းတော်က စင်မြင့်အပေါ်မှ ရပ်နေပြီး မြို့သူ မြို့သားတွေကို စကားပြောလို့ရတာပဲ… ဒါက ပိုမို လုံခြုံတာပေါ့"

ဤအရာမှာ မှန်သည်။ သူသည် တိုင်းခန်းလှည့်လည်သည့် အရသာကို ခံစားလိုနေသဖြင့် ဤကဲ့သို့ ရွေးချယ်ခဲ့ခြင်းသာ ဖြစ်သည်။ အကယ်၍ ဖြစ်နိုင်လျှင် သူသည် ရထားလုံး အရှေ့တွင် မိုက်ခရိုဖုန်း တပ်ထားခဲ့ပြီးမှ သူ၏ လက်အောက်ငယ်သားများအား "မင်္ဂလာပါ… ကျုပ်ရဲ့ ပြည်သူတွေ…" ဟူ၍ နှုတ်ဆက်လိုနေခဲ့သည်။

+

"အရှင်မင်းမြတ်... ကျွန်တော်တို့က နန်းတော်ကို ရောက်လာပါပြီ" သူ့အစောင့်က ပြောလိုက်ရာ အက်ဂါသာကလည်း ဆက်လက် ဆန္ဒပြနေရန် အခွင့်အရေး မရှိတော့ပေ။

ရိုလန်က စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြန်လည် ပြင်ဆင် မွမ်းမံထားသော အတွင်း မြို့တံခါးမှ နေ၍ လူတစ်ရာနီးပါး ပါဝင်သော အုပ်စုတစ်ခုက ရှိသေစွာဖြင့် ရပ်နေရင်း သူရောက်လာမည်ကို ကြိုဆိုနေကြသည်ကို တွေ့လိုက်ရသည်။

သူတို့အနက် အချို့မှာ အနောက်ပိုင်း ဒေသ၏ အရာရှိဟောင်းများ ဖြစ်ကြသည့် သီယိုနှင့်

+

ဘားရော့တို့၏ တပည့်များ ဖြစ်ကြပြီး အချို့မှာ မူလက အညွှံ့ခံခဲ့ကြသည့် မျိုးမတ်ငယ်များ ဖြစ်ကြသော အရာရှိ အသစ်များ ဖြစ်ကြသည်။ သို့သော်လည်း အများစုမှာမူ အသစ် ခန့်အပ်ထားသော ပညာတတ် အရပ်သားများ ဖြစ်ကြလေသည်။

ယခင် တစ်ခေါက် အသွင်ပြောင်းလဲမှု ပြီးစီးသွားကတည်းက မီးခိုးရောင် ရဲတိုက်၏ အလယ်ပိုင်း ဒေသ တစ်ခုလုံးက သူ၏ ထိန်းချုပ်မှုအောက်သို့ တရားဝင် ကျရောက်သွားခဲ့ပြီ ဖြစ်သည်။ အရှေ့ပိုင်း စစ်မျက်နှာ စစ်တပ်က ပင်လယ်လေပြင်း ဒေသအား သိမ်းပိုက်နိုင်ခဲ့အပြီးတွင် မီးခိုးရောင် ရဲတိုက်သည်

+

အခြေခံအားဖြင့် ပေါင်းစည်းပြီးသော နိုင်ငံတစ်ခု ဖြစ်သွားပေလိမ့်မည်။

ရထားလုံး ရပ်တန့်သွားသော အခါ ရိုလန်သည် သူ၏ ဝတ်ရုံခြုံလွှာအား စိတ်ခါတ် တက်ကြွစွာဖြင့် ပင့်လိုက်ပြီး ရထားလုံးပေါ်မှ တစ်လှမ်းချင်း ဆင်းလိုက်ကာ သူ့အနောက်မှ ပရိတ်သတ်ထံသို့ ဝှေ့ယမ်းပြလိုက်လေသည်။

"သွားကြစို့... ငါ့အနောက်ကနေပြီးမှ နန်းတော်ကို လိုက်ခဲ့ပါ"

စာစဥ် ၅၉ : အပိုင်း ၁၃

+

# အပိုင်း ၈၈၃ : အရာရှိ မျိုးဆက် အသစ်တစ်ခု

"အရှင်မင်းမြတ်ကို အရိုအသေ ပြုပါတယ်"

အခမ်းအနား အရာရှိ ဘလန်ချီ အော်လန်ဒို၏ ဦးဆောင်မှု အောက်တွင် အရာရှိ အားလုံးတို့သည် တစ်ပြိုင်နက်တည်း ဒူးထောက်ချလိုက်ကြရာ နန်းတော်၏ တစ်ဘက်တစ်ချက်တွင် လူသားနံရံ အနိမ့်တစ်ခုကဲ့သို့ ဖြစ်သွားခဲ့လေသည်။

"အရှင်မင်းမြတ်ကို အရိုအသေ ပြုပါတယ်"

+

နောက်တစ်ဆင့်တွင် အရိုအသေ ပြုခဲ့ကြသူများမှာ နန်းတော်၏ နေ့စဉ် သန့်ရှင်းရေးနှင့် အမှုကိစ္စများအား တာဝန်ယူရသည့် အစေခံ ဝန်ထမ်းများ ဖြစ်ကြသည်။ ရိုလန်က ခန်းမတစ်လျှောက် ဝေ့ကြည့်လိုက်ရာ အားလုံးတို့သည် ခေါင်းများ ငုံ့ထားကြပြီး သူတို့၏ မျက်နှာ အမူအရာများသည် ရိုသေမှု၊ ကြောက်ရွံ့မှုများဖြင့် ပြည့်နေကြသည်ကို တွေ့လိုက်ရသည်။

"အရှင်မင်းမြတ်ကို အရိုအသေ ပြုပါတယ်"

နောက်ဆုံးတွင် အရိုအသေ ပြုခဲ့ကြသူများမှာ သူ့အနောက်မှ ဒူးထောက်လိုက်ကြသည့် ပထမ

+

စစ်တပ်မှ စစ်သားများ ဖြစ်ကြသည်။ သူတို့၏
အသံများသည် အုပ်စုသုံးခု အတွင်းတွင် အကျယ်ဆုံး
ဖြစ်ကြပြီး လှိုင်းလုံးများ အဆက်မပြတ်
ရိုက်ခတ်သံများနှင့် တူနေခဲ့သည်။

သူသည် ရောမ လူအုပ်ကြီးများနှင့် ကြီးကျယ်
ခမ်းနားလှသော စစ်ရေးပြမှုများကို
မြင်တွေ့ဖူးထားသဖြင့် ဤကဲ့သို့သော
မြင်ကွင်းမျိုးကြောင့် မတုန်လှုပ်ဟု သူ့ကိုယ်သူ
ထင်ထားခဲ့သော်လည်း တကယ်တမ်း
ကြုံတွေ့ခဲ့ရသော အချိန်တွင် လူများစွာတို့၏
ရိုသေလေးစားခြင်းကို ခံရသည်မှာ အကြိမ်ပေါင်း
မည်မျှ ခံစားခဲ့ဖူးပါစေ ရင်အား
နွေးထွေးစေခဲ့သည်ဟု သဘောပေါက်သွားခဲ့သည်။

+

လူအုပ်ကြီးသည် ဆက်လက်၍ ကျယ်လောင်စွာ ကောင်းချီးဩဘာ ပေးနေကြချိန်တွင် ရိုလန်သည် ဘုရင့်မြို့တော်ဟောင်း၏ ဗဟိုချက် နေရာဖြစ်သော အမွှာမျှော်စင်မှ မြင့်မြတ်သော ကျောင်းတော်ထံသို့ လှေကားအတိုင်း တက်သွားခဲ့သည်။

သူသည် ပလ္လင်ပေါ်တွင် ခိုင်မြဲစွာ ထိုင်ခဲ့အပြီးတွင် အရာရှိများသည် ခန်းမ အတွင်းသို့ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြပြီး သူ့အရှေ့တွင် အတန်းသုံးတန်း အဖြစ် နေရာယူခဲ့ကြသည်။ ရိုလန်သည် သူ့အရှေ့မှ လူတစ်ရာ နီးပါးကို ကြည့်ရှုနေရင်း မအောင့်နိုင်ပဲ အနည်းငယ် စိတ်လှုပ်ရှားသွားမိသည်။

+

အရဏ်ဦး မြို့တော်သည် မီးခိုးရောင် ရဲတိုက်၏ ယခင် မြို့တော်ဟူသော ဂုဏ်ထူးနှင့် ထိုက်တန်လှပြီး စာပေတတ်ကျွမ်းသော ဤအရာရှိများ အားလုံးကို စုဆောင်းရန် တစ်နှစ်နီးပါးသာ အချိန်ယူခဲ့ရသည်။ ပို၍ ချီးကျူးထိုက်သော အချက်မှာ သူတို့အားလုံးသည် သာမန်နောက်ခံမှသာ လာခဲ့ခြင်း ဖြစ်သည်။ ဤကဲ့သို့သော ပညာရေး အဆင့်အတန်းကို ယှဉ်နိုင်သည်မှာ ဆောင်းမဲ့မြို့တော်သာ ရှိပေလိမ့်မည်။

"အရှင်မင်းမြတ်… ဒါက အရှင်မင်းမြတ်ရဲ့ ရာဇလုံ့တံ ဖြစ်ပါတယ်" ဘလန်ချီက

+

တောက်ပနေသော ရွှေရောင်တောင်ဝှေး တစ်ချောင်းကို သူ့ထံသို့ ရိုသေစွာဖြင့် ကမ်းပေးလိုက်သည်။ ထိုလှံတံ အပေါ်တွင် ထူးခြားဆန်းကြယ်သော ပုံစံများကို သေသပ်စွာ ရေးထွင်းထား၍ သူ့ထိပ်ဖျား၌ ထွင်းဖောက် မြင်နေရသော နီလာကျောက် တစ်ခုအား မြှုပ်နှံထားခဲ့သည်။

"သူ့ကို ဒီလိုမျိုး အရာတွေကို အထူးပြုလုပ်တဲ့ ရွှေပန်းထိမ်သည် တစ်ယောက်က ထုလုပ်ထားတာ ဖြစ်ပါတယ်… ဘုရင်တိုင်းရဲ့ ရာဇလှံတံဟာ သူ့ရဲ့ကိုယ်ပိုင် အသွင်အပြင်တွေနဲ့ မွမ်းမံထားခြင်း ဖြစ်ပါတယ်"

+

ရိုလန်သည် ပုံမှန်ဆိုလျှင် ဤကဲ့သို့ အဓိပ္ပာယ်
မရှိသည့် စွမ်းအား သင်္ကေတများကို စိတ်ဝင်စားလေ့
မရှိပေ။ အကယ်၍ သူက အလွန်အမင်း ဟန်ထုတ်
ဝင့်ဝါခဲ့လျှင် လူအများက သူ့အား
ငယ်ငယ်ရွယ်ရွယ်ဖြင့် ထင်ပေါ်ကျော်ကြားလိုသူ
တစ်ယောက်ဟု ထင်ခဲ့မည်ကို သူက
စိုးရိမ်နေခဲ့သည်။

သို့သော်လည်း ဤအဆောင်သည်
ဟန်ပြသက်သက်သာ မဟုတ်မှန်း သူသည်
လျင်မြန်စွာ သဘောပေါက်သွားခဲ့သည်။
ဘာပဲပြောပြော ဤမျှအထိ ကြီးမား ကျယ်ဝန်းသော
ခန်းမ အတွင်းတွင် အားလုံးတို့၏ အာရုံကို
ဆွဲဆောင်နိုင်ရန်မှာ လွယ်ကူသော အရာတစ်ခု
မဟုတ်ပေ။

+

ရာဇလှံ့တံသည် ဤရည်ရွယ်ချက်အတွက်
အကောင်းဆုံး ကိရိယာ တစ်ခု ဖြစ်ပေသည်။

သူသည် ရာဇလှံ့တံကို မြင့်မားစွာ မြှောက်လိုက်ပြီးမှ
ကြမ်းပြင်ပေါ်သို့ ဆောင့်ချလိုက်ရာ လူအုပ်ကြီးက
တစ်ပြိုင်နက်တည်း ငြိမ်သက်သွားလေသည်။

"မင်းတို့အားလုံးက ငါဘယ်သူ ဆိုတာကို
သိနေကြပြီး ဖြစ်တဲ့အတွက် ငါက
မိတ်မဆက်တော့ဘူး" ရိုလန်က ခန်းမ
တစ်ခုလုံးအား ခြုံကြည့်လိုက်ပြီးမှ ဖြည်းဖြည်းချင်း
ပြောလိုက်သည်။ "ဒီတစ်ခေါက် ငါခရီး
ထွက်လာခြင်းရဲ့ ရည်ရွယ်ချက်တွေက

+

ရှိးရှင်းပါတယ်… ပထမက ခြိမ်းခြောက်မှုတွေကို နှိမ်နင်းပြီး ဒုတိယက အရာအားလုံးကို အစီအစဉ် တကျ ဖြစ်အောင် ပြုလုပ်ဖို့ပဲ"

"ငါဆိုလိုနေတဲ့ ခြိမ်းခြောက်မှုတွေ ဆိုတာက စစ်တပ် ပြိုင်ဘက်တွေကိုသာ ဆိုလိုနေတာ မဟုတ်ပဲ တိုင်းပြည် အုပ်ချုပ်မှု လမ်းစဉ် အသစ်တွေကို ဖော်ဆောင်ရာမှာ အနှောင့်အယှက် ပြုတဲ့ သူအားလုံးကို ဆိုလိုနေတယ်… သူတို့က မျိုးမတ်တစ်ယောက်… ကုန်သည်… လူလွတ်… ဒါမှမဟုတ် ကြွက်တစ်ကောင်ပဲ ဖြစ်ဖြစ် သူပုန်တွေနဲ့ ခြားနားခြင်း မရှိပဲ အဆက်ဆံခံရလိမ့်မယ်"

+

"ဒုတိယ ရည်ရွယ်ချက်ကို ရရှိဖို့ ဆောင်းမဲ့မြို့တော်နဲ့ ဆင်တူတဲ့ စီမံခန့်ခွဲမှု စနစ် တစ်ခုကို တည်ဆောက်ရလိမ့်မယ်... အခုအချိန်မှာ မင်းတို့အားလုံးဟာ မြို့တော်ခန်းမ အရာရှိ တစ်ယောက် ဖြစ်လာကြတဲ့ ဘယ်သူမဆို ရက်ရောတဲ့ ဆုလာဘ်နဲ့ အကျိုးအမြတ်တွေကို ရရှိနိုင်တယ် ဆိုတာကို ကြားထားပြီး ဖြစ်နေလိမ့်မယ်"

"ရာထူး တိုးခြင်းကို မိသားစု နောက်ခံ အသိုင်းအဝိုင်း အပေါ်မှာ အခြေခံထားခြင်း မရှိပဲ အခြား စကားလုံးနဲ့ ပြောရရင် စွမ်းဆောင်ရည်နဲ့ ပြည့်စုံရင် အရပ်သား တစ်ယောက်ဟာ ဝန်ကြီးတစ်ယောက် ဖြစ်လာနိုင်ပြီး နောက်ဆုံးမှာ ဝန်ကြီးချုပ်တောင် ဖြစ်သွားနိုင်တယ်"

+

လူအုပ်ကြီး အတွင်း၌ တစ်ပြိုင်နက်တည်း တီးတိုး
ဆွေးနွေးသံများ ပေါ်လာခဲ့လေသည်။
ဤကြေညာချက် မတိုင်ခင်တွင် သာမန်
အရပ်သားများ မပြောနှင့် မှူးမတ်ငယ်များကပင်
ဤကဲ့သို့သော ရာထူးမျိုး ရနိုင်ရန် အိမ်မက်ပင်
မမက်ရဲကြပေ။

ယခင်က ငွေတိုက်စိုး၏ အလုပ်သင်
တစ်ယောက်အဖြစ်မှ အရှင်မင်းမြတ် ပြီးလျှင်
ဒုတိယ နေရာသို့ ရောက်ရှိလာသော ဘားရော့၏
အကြောင်းကို ဤနေရာမှ လူတိုင်းက ကြားဖူးပြီး
ဖြစ်နေသည်။ တစ်နေ့တွင် ဝန်ကြီးတစ်ယောက်
ဖြစ်လာနိုင်သည့် အခွင့်အရေးကို တွေးမိသော အခါ

+

အားလုံးတို့၏ မျက်လုံးများက
အရောင်တောက်လာကြလေသည်။

"ဒါပေမဲ့ လူတိုင်းက မြို့တော်ခန်းမ အတွင်းကို
ဝင်နိုင်ကြမှာ မဟုတ်ဘူး... မင်းတို့က စာမေးပွဲ
အရင် အောင်ရလိမ့်မယ်" ရိုလန်က တည်ငြိမ်စွာဖြင့်
ဆက်ပြောလိုက်သည်။

ဆွေးနွေးသံများမှာ ပို၍ပင် ကျယ်လောင်လာသည်။

"အရှင်မင်းမြတ်... ဘာတွေကို စစ်ဆေးမှာပါလဲ"
လူအုပ်အတွင်းမှ တစ်စုံတစ်ယောက်က
သတ္တိကောင်းစွာဖြင့် မေးမြန်းလိုက်သည်။

+

"တစ်ယောက်ချင်းစီရဲ့ စိတ်ချရမှုကို ဖော်ပြနိုင်မယ့် မေးခွန်းတွေပေါ့… ဒါက ဆောင်းမဲ့မြို့တော် မြို့တော်ခန်းမမှာ လုပ်ခဲ့တဲ့ အရာနဲ့ ဘာမှ ခြားနားနေခြင်း မရှိပါဘူး" သူက အပြုံးတစ်ခုဖြင့် ရှင်းပြလိုက်သည်။

"ဖြေဆိုသူ တစ်ယောက်ဟာ အောင်ဖို့အတွက် မေးခွန်းတိုင်းကို မှန်ကန်ဖို့ မလိုနေပဲ အနည်းဆုံး သတ်မှတ်ထားတဲ့ အမှတ်ကို ရဖို့ပဲ လိုတယ်… စာမေးပွဲမှာ ပါဝင်မယ့် အကြောင်းအရာတွေကိုတော့ ဖြေခါနီးမှ ထုတ်ပြန်လိမ့်မယ်"

အမှန်အတိုင်း ပြောရလျှင် ဤမေးခွန်းများသည် စကိုး ပြုစုထားသည့် သစ္စာရှိမှုကို စစ်ဆေးသော

+

မေးခွန်းဆယ်ခုထံမှ ယူထားခြင်း ဖြစ်ပြီး ဖြေဆိုသူ၏ အလုပ်အပေါ်မှ သဘောထား၊ မျှော်လင့်ချက်တို့နှင့် ပတ်သတ်နေသည့် မေးခွန်းအနည်းငယ်ကို ထပ်ဖြည့်ထားသည်။

အတွေးများတတ်သော လူများအား ထိတ်လန့် တုန်လှုပ်သွားခြင်း မရှိစေရန် သူ့အား သစ္စာရှိမရှိ စစ်ဆေးမှုဟု အမည် တပ်မထားသော်လည်း စာမေးပွဲ၏ အဓိက ရည်ရွယ်ချက်သည် စီမံခန့်ခွဲမှု အသင်းအဖွဲ့၏ ရိုးသားမှုကို အတည်ပြုနိုင်ရန် ဖြစ်သည်။

ဤခေတ် အတွင်းတွင် သစ္စာမရှိမှုကို ဆိုးရွားသော ပြစ်ဒဏ်ဟု သတ်မှတ်ထားကြပြီး ထိုအရာက

+

ပုံစံမျိုးစုံ ရှိနေနိုင်သည်။ ဥပမာအားဖြင့် ကေရာဇ်အား စိတ်အတွင်းတွင် စော်ကားခြင်း သို့မဟုတ် အရက်မူးမူးဖြင့် ဘုရင်အား ဝေဖန် ပြစ်တင်ခြင်းတို့ ဖြစ်ကြပြီး သူတို့အား သစ္စာ ဖောက်ဖျက်မှုဟု ဥပဒေ အတွင်းတွင် သတ်မှတ်ထားသည်။

သို့သော်လည်း မှူးမတ်များ မဆိုထားနှင့် မည်သည့် အရပ်သားများကပင် သီးသန့် စကားဝိုင်းများတွင် မဝေဖန်ဖူးသလော။ အကယ်၍ သူတို့ အများစုသည် သစ္စာရှိမှုကို စမ်းသပ်နေသည်ဟု သိခဲ့ပါက စာမေးပွဲထံမှ ထွက်ပြေးကုန်ကြမည် ဖြစ်သည်။

+

အနာဂတ်တွင် ဝန်ထမ်း စုဆောင်းမှု ပမာဏက ကျယ်ပြန့်လာသည်နှင့် အမျှ နိုက်တင်ဂေးသည် လူတိုင်းကို အသေအချာ စစ်ဆေးနိုင်တော့မည် မဟုတ်ချေ။ သို့ဖြစ်၍ ရိုလန်သည် စီမံခန့်ခွဲရေး ဝန်ထမ်းများ၏ စိတ်ချရမှုကို ကနဦး အဆင့် အနေဖြင့် စစ်ဆေးလိုနေခြင်း ဖြစ်သည်။

ဘာပဲပြောပြော ဤအဆင့်တွင် ရွေးချယ်ခြင်း ခံခဲ့ရသော သူများသည် စနစ်သစ် အနောက်သို့ လိုက်လျောညီထွေ လိုက်နိုင်ခဲ့ပါက စီမံ အုပ်ချုပ်ရေးတွင် အားထားရသူများ ဖြစ်လာကြပေလိမ့်မည်။

+

"မြို့တော်ခန်းမ အတွင်းကို အရွေးချယ် ခံခဲ့ရသူတွေက သူတို့ရဲ့ စီးပွားရေး လုပ်ငန်းတွေကို စွန့်လွှတ်ရလိမ့်မယ်" သူက ဆက်ပြောလိုက်သည်။ "အရာရှိ တစ်ယောက်ကမှ ကုန်သည်တွေနဲ့ အပေးအယူ မပြုလုပ်ရပဲ မိသွားခဲ့ရင် ပြင်းထန်စွာ အပြစ်ပေးခြင်း ခံရမှာ ဖြစ်တယ်... အားလုံးတို့က ဒီအချက်ကို အသေအချာ မှတ်သားထားလိမ့်မယ်လို့ ငါက မျှော်လင့်နေပါတယ်"

ဤစကားလုံးများသည် ရေအေးဖြင့် ပက်ဖျန်းခဲ့သကဲ့သို့ အစွမ်းသတ္တိ ရှိနေပြီး ခန်းမ တစ်ခုလုံးက ချက်ချင်းပင် အနည်းငယ် ပို၍ ငြိမ်သက်သွားခဲ့သည်။

+

နယ်စပ်မြို့နှင့် မတူပဲ ဘုရင့်မြို့တော်ဟောင်းမှ လူအများစုတွင် ရေရှည် စီးပွားရေး လုပ်ငန်းများ ရှိနေသဖြင့် သူတို့ တည်ထောင်ခဲ့သော အရာအားလုံးကို စွန့်လွှတ်ပြီး အလုပ် အသစ်တစ်ခုကို ဝင်ရောက်ရမည်မှာ ခက်ခဲသော ရွေးချယ်မှု တစ်ခု ဖြစ်နေပေသည်။

သို့သော်လည်း အသက်မွေးဝမ်းကြောင်း ပညာနှင့် ပတ်သတ်သော သဘောတရားအား မြှင့်တင်ရန် လိုအပ်နေပေသည်။ အချို့လူများသည် သူတို့၏ စီးပွားရေး လုပ်ငန်းများကို ဆွေမျိုးနီးစပ်များထံ လွှဲအပ်ခြင်း သို့မဟုတ် အခြားသူများကို သူတို့ကိုယ်စား ကိုင်တွယ်ပေးရန် ငှားရမ်းမှုများ ပြုလုပ်နိုင်သည်။ သို့သော်လည်း ဘာပဲပြောပြော

+

ဤအုပ်ချုပ်မှု လမ်းစဥ်ကို အပေါ်ယံတွင်
ထိန်းသိမ်းထားရန် အရေးကြီးသည်။

တိုင်းပြည်လေးခုတွင် စစ်မှန်သော အရာရှိများ
အမှန်တကယ် မရှိသည်ကို ရိုလန်က ကောင်းစွာ
သိနေခဲ့သည်။ ရာထူးကြီးများကို ဘုရင်
ယုံကြည်သော မှူးမတ်များထံသို့သော
ပေးအပ်ခဲ့သဖြင့် သူ့အတွက်
အလုပ်လုပ်ပေးရခြင်းသည် တာဝန်တစ်ခုအစား
ဂုဏ်သိက္ခာ တစ်ခုအဖြစ် သတ်မှတ်၍ ရနိုင်သည်။

သို့ဖြစ်၍ သူတို့၏ ဂုဏ်သိက္ခာများသည်
ခြိမ်းခြောက်ခြင်း မခံနေရသော အခါ ကိုယ်ပိုင်

+

အကျိုးအမြတ်များကို ရှေ့တန်းတင်ကြမည်
ဖြစ်ပေသည်။

အသက်မွေးဝမ်းကြောင်း လုပ်ငန်းနှင့်
ပတ်သတ်လာသော အခါ အရွေးချယ်ခံထားရသော
သူများသည် သူတို့၏ အလုပ်နှင့် ခွဲခြား၍
ရတော့မည် မဟုတ်ပဲ သူတို့ဌာန၏
အောင်မြင်မှုအတွက် တာဝန်ခံရမည် ဖြစ်ကာ
မမှန်ကန်သော အကျိုးအမြတ်များကို ရှာဖွေရန်
မဖြစ်နိုင်တော့ပေ။

သူတို့အတွက် အကျိုးအမြတ်များ ပိုမို ရရှိနိုင်မည့်
တစ်ခုတည်းသော နည်းလမ်းမှာ တိုင်းပြည်၏
စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာခြင်းပင် ဖြစ်ပေသည်။

+

စီးပွားရေးနှင့် နိုင်ငံရေးအား ခွဲခြားထားခြင်းဖြင့် လူတစ်ယောက်သည် တစ်ချိန်တည်းတွင် ယှဉ်ပြိုင်သူ ဖြစ်နေသလို ဒိုင်လူကြီးလည်း ဖြစ်နေသည့် အခြေအနေမျိုးအား ကာကွယ်နိုင်မည် ဖြစ်သည်။

"ငါနောက်ဆုံး ပြောချင်တဲ့ အချက်က ငါဟာ မြို့တော်ခန်းမ အရာရှိတိုင်းရဲ့ နာမည်ကို ဘာရာထူးပဲ ဖြစ်ဖြစ် ကိုယ်တိုင်ကိုယ်ကျ မှတ်သားထားမှာ ဖြစ်တယ်" ခန်းမအတွင်းမှ စိတ်ဓာတ် အခြေအနေက အုံ့မှိုင်းလာသည်ကို မြင်ခဲ့ရသော အခါ ရိုလန်သည်

+

သူအစောကြီးကတည်းက ပြင်ဆင်ထားသော
မက်လုံးကို ဖော်ပြရန် ဆုံးဖြတ်ခဲ့သည်။

"မင်းတို့ရဲ့ ရာထူးနဲ့ အတူ ရရှိလာမယ့်
အကျိုးအမြတ်တွေက ဒီမြို့အတွင်းမှာသာ
အကျိုးသက်ရောက်မှု ရှိမှာ မဟုတ်ပဲ ငါ့အုပ်ချုပ်မှု
အောက်က နယ်မြေတွေ အားလုံးက မင်းတို့ရဲ့
အာဏာကို အသိအမှတ် ပြုမှာ ဖြစ်တယ်"

ဤအရာသည် ဗျူရိုကရေစီ ဝါဒ၏ အကြီးမားဆုံး
အားသာချက်ပင် ဖြစ်သည်။

ဗျူရိုကရက် တစ်ယောက် ဖြစ်လာရခြင်း၏
အရေးပါမှုမှာ သိသာနေသည်။ ထိုအရာသည်

+

အသိအမှတ် အပြုခံရရုံ သက်သက် မဟုတ်ပဲ အကြီးမားဆုံး လုံခြုံမှုကိုလည်း ပေးစွမ်းနိုင်သည်။ ခန်းမ အတွင်းမှ လူအများသည် ဤအချိန်၌ အကျိုးအမြတ် အားလုံးတို့ကို နားလည်နိုင်ဦးမည် မဟုတ်သော်လည်း အချိန် ကြာလာသည်နှင့် အမျှ နိုင်ငံ၏ အသီးအပွင့်များကို စားသုံးနိုင်မှု၏ အရသာကို နားလည်လာကြမည် ဖြစ်သည်။

ဘုရင့်မြို့တော်ဟောင်းတွင် စစ်ထုတ်မှု လုပ်ငန်း များစွာတို့ကို ပြုလုပ်ပြီး ဖြစ်သဖြင့် မှူးမတ်များက ပျောက်ကွယ်သွားခဲ့ကြပြီး စီမံ ခန့်ခွဲရသည်မှာ ယခင် မြို့များထက် များစွာ လွယ်ကူနေခဲ့သည်။ လူအများစုတို့သည် သူပြောထားသည့် အရာများကို သံသယများ ဝင်နေကြသော်လည်း ဘယ်သူကမှ

+

ရှေ့ထွက်လာ၍ ပေါ်ပေါ်ထင်ထင်
မဆန့်ကျင်ခဲ့ကြပေ။

လူအများအပြားသည် စာမေးပွဲ ဝင်ဖြေကြည့်ရန်
ဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေး ပြီးဆုံးသွားသော
အခါ စာရင်းပေးသည့် နေရာ၌ လူတန်းရှည်ကြီး
တစ်ခုကို တွေ့နိုင်ပေသည်။

ရိုလန်သည် စာကြည့်ခန်း အတွင်းသို့ ပြန်လာ၍
သီယို၊ ယော်ကိုနှင့် ကျန်သော
အပေါင်းအဖော်ပေါင်းများကို ဖိတ်ခေါ်တော့မည်
ပြုနေစဥ်တွင် အစောင့်တစ်ယောက်က
အခန်းအတွင်းသို့ လျင်မြန်စွာ
ဝင်ရောက်လာခဲ့သည်။

+

"အရှင်မင်းမြတ်... ကျွန်တော်တို့က
မြောက်ပိုင်းဒေသမှာ တာဝန်ကျနေတဲ့ သူတွေထံက
တင်ပြချက် တစ်ခုကို အခုပဲ ရရှိခဲ့ပါတယ်...
သူတို့ဟာ ဟားမီးစ်ရဲ့ အနောက်ပိုင်းမှာ အရှဏ်ဦး
နိုင်ငံက စစ်တပ်ကို မြင်ခဲ့ရတယ်လို့ ပြောခဲ့ပါတယ်"

## စာစဥ် ၅၉ : အပိုင်း ၁၄

## အပိုင်း ၈၄ : စစ်ပွဲ၏ အကျိုးသက်ရောက်မှု

"အနောက်ပိုင်းက အခြေအနေက ဘယ်လိုရှိသလဲ"

+

နေးနှင့် ဦးလေးဆမ်တို့က အလယ် ရွက်ဖျင်တဲ
အတွင်းသို့ ဝင်လာခဲ့သည်နှင့် တစ်ပြိုင်နက်
မြောက်ပိုင်းဒေသ မြို့စောင့်တပ်၏ ကွပ်ကဲသူ
ဖြစ်သည့် လင်းယုန်မျက်နှာသည် စစ်ပွဲ
အခြေအနေအား မေးမြန်းလိုက်သည်။

"သူတို့က ပိုပိုများလာနေသေးတယ်"
ဝါရင့်စစ်သားက စစ်တပ် ပုံစံဖြင့်
အလေးပြုလိုက်ပြီးမှ ပြီးခဲ့သော ရက်သတ္တပတ်
အတွင်းမှ စုံစမ်းခဲ့မှုများကို ဖော်ပြလိုက်သည်။
"ကျွန်တော်ကလည်း တကယ် အံ့သြသွားမိတယ်…
အရဏ်ဦး နိုင်ငံ အတွင်းမှာ ဒီလောက်အထိ
ကြီးမားတဲ့ အင်အားစု တစ်ခု ရှိနေမယ်လို့ တစ်ခါမှ
မထင်ခဲ့မိဘူး"

+

"ဘယ်လောက်ရှိသလဲ" လင်းယုန်မျက်နှာသည် သူတို့နှစ်ယောက် အတွက် လက်ဖက်ရည် နှစ်ခွက် ငှဲ့ပေးလိုက်ပြီး လုံးဝ စိတ်အနှောင့်အယှက် မဖြစ်နေသည့်ပုံဖြင့် မေးလိုက်သည်။
"ရှစ်ထောင်လား... ကိုးထောင်လား"

"တစ်သောင်းကျော် ရှိမယ် ထင်တယ်" ဦးလေးဆမ်က ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ "တပ်စခန်းတွေ ချထားတဲ့ နေရာ တစ်မိုင်နီးပါးလောက် ရှိပြီး အလံတံခွန် နှစ်ဆယ်ကျော်ကို တွေ့ရတယ်... ဒါပေမဲ့ သူတို့အပေါ်က နာမည်တွေကိုတော့ ကျွန်တော်မသိဘူး... အသက်တွေကို စွန့်လွှတ်ဖို့

+

ဝန်မလေးတဲ့ လူတွေ အများကြီးကို သူတို့က ဘယ်မှာ သွားရှာလာလဲ မသိပါဘူး"

"တစ်သောင်းကျော်… ဟုတ်လား"
လင်းယုန်မျက်နှာ၏ စာရေးနေမှုက ရပ်သွားသည်။

"ကျွန်တော့်ကို မယုံဘူးဆိုရင် တပ်စုခေါင်းဆောင်ကို မေးလို့ရတယ်" ဦးလေးဆမ်က သူ့ဘေးတွင် ရပ်နေသော နေးကို ညွှန်ပြလိုက်သည်။ "သူတို့ အရေအတွက်ကို ခန့်မှန်းနိုင်အောင် ကျွန်တော်တို့က ရှာဖွေတွေ့ရှိခြင်း ခံရနိုင်တဲ့ အန္တရာယ်ကို စွန့်စားပြီးမှ မြင့်မြတ်သော မြို့တော်ဟောင်းနဲ့ အလွန်ကို နီးနီးကပ်ကပ် သွားကြည့်ခဲ့ကြတယ်"

+

"မြို့စွန် တစ်ခုလုံးက အရှေ့ဥရောပ နိုင်ငံက မှူးမတ်တွေ ဦးဆောင်လာတဲ့ တပ်ဖွဲ့တွေနဲ့ ပြည့်နေတာပဲ... သူတို့ဟာ ဟားမီးစ်နဲ့ မီးခိုးရောင် ရဲတိုက်တို့ အကြားက လမ်းကြောင်းတွေကို ပိတ်ဆို့ခဲ့ကြတဲ့ အတွက် ဒုက္ခသည် အများစုဟာ ဝံပုလွေ နှလုံးသား နိုင်ငံနဲ့ ထာဝရဆောင်း နိုင်ငံတို့ကိုသာ ထွက်ပြေးခဲ့ကြရတယ်"

"သူတို့က လေအေးတောင်တန်းကိုလည်း တပ်ဖွဲ့တွေ စေလွှတ်ခဲ့မယ်လို့ ကျွန်တော်က သေချာနေပြီး အနည်းဆုံးတော့ လူတစ်ရာကျော်ပါတဲ့ အုပ်စုများစွာကို အပြန်လမ်းမှာ တွေ့ခဲ့ရတယ်"

+

"အမှန်ပဲ" နေးက ခေါင်းညိတ်လိုက်ပြီး ဆက်ပြောလိုက်သည်။ "အရဏ်ဦး နိုင်ငံဘက်မှာ ကျန်နေတဲ့ တပ်ဖွဲ့တွေကို စောင့်နေရင်း သူတို့က ပတ်ဝန်းကျင် နေရာက ခံစစ်တွေကို ခိုင်မာအောင် ပြင်ဆင်နေခဲ့ကြတယ်"

"နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ကင်းထောက်တပ်ဖွဲ့ကို မြင့်မြတ်သော မြို့တော်ဟောင်း အနီးကို သိပ်မကပ်စေဖို့ ကျွန်တော်က အကြံပြုပါတယ်… မဟုတ်ရင် သူတို့ကို ကင်းလှည့်နေတဲ့ နိုက်သူရဲကောင်းတွေ တွေ့ရှိသွားကြလိမ့်မယ်"

+

ဟားမီးစ်မှ ပုံမှန် မဟုတ်သော အခြေအနေကို
သတိပြုမိခဲ့ကတည်းက မြောက်ပိုင်းဒေသမှ
မြို့စောင့်တပ်သည် မြို့စားကန့်၏ အကူအညီဖြင့်
ကုန်းပြင်မြင့် ဒေသသို့ သတင်း
အချက်အလက်များကို စုဆောင်းရန် သက်သက်သာ
မက လာတော့မည့် တိုက်ပွဲအတွက် ပြင်ဆင်သည့်
အနေဖြင့် ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့ကြသည်။

သို့သော်လည်း အရှင်မင်းမြတ်သည်
လင်းယုန်မျက်နှာ၏ စူးစမ်း တိုက်ခိုက်ကြည့်မည့်
အစီအစဉ်ကို သဘောမတူခဲ့ပဲ နိုးနိုးကြားကြား
နေ၍သာ ဆက်လက် ကင်းထောက်နေရန်
ညွှန်ကြားခဲ့သည်။

+

ဒုတိယ တပ်ရင်းမှူး လင်းယုန်မျက်နှာသည်
စစ်ပွဲကြီး တစ်ခုကို ဆင်နွှဲရမည့် အစား
မြို့စောင့်တပ်မှ စွမ်းဆောင်ရည် ရှိသော စစ်သား
အချို့ကိုသာ ရွေးချယ်၍ ဒုက္ခသည်များ အဖြစ်
အလှည့်ကျ ဟန်ဆောင်စေကာ မြင့်မြတ်သော
မြို့တော်ဟောင်းမှ သတင်းကို
စုဆောင်းစေခဲ့ရသည်။

တစ်ချိန်တည်းတွင် သူက နောက်ဆုံး ရရှိခဲ့သော
စူးစမ်း လေ့လာမှု ရလဒ်များကို
ဆောင်းမဲ့မြို့တော်သို့ တင်ပြပေးနေခဲ့သည်။

ဘာပဲပြောပြော လင်းယုန်မျက်နှာသည် ပြီးခဲ့သော
လအနည်းငယ် အတွင်းတွင် စွမ်းဆောင်မှု

+

အနည်းငယ်ကို ပြုလုပ်နိုင်ခဲ့သည်။ မြင့်မြတ်သော မြို့တော်တွင် တပ်မများကို ဖြန့်ထားခြင်းသည် ထောင်ချောက်တစ်ခု မဟုတ်မှန်း အတည်ပြုသွားပြီးသော အခါ မြောက်ပိုင်းဒေသမှ မြို့စောင့်တပ်သည် လေအေးတောင်တန်းအား ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။

အရဏ်ဦး နိုင်ငံမှ စစ်တပ်များ အနေနှင့်မူ သူတို့သည် ပြီးခဲ့သော နှစ်ပတ်၊ သုံးပတ်ခန့်မှသာ ပေါ်လာခဲ့ခြင်း ဖြစ်သည်။

"ဆရာ... ဒီလူတွေက အရှင်မင်းမြတ်ရဲ့ အကြံအစည်ကို အနှောင့်အယှက် ပြုနိုင်လိမ့်မယ်လို့ ဆရာက ထင်နေတာလား"

+

"ဟားဟားဟား... ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ" လင်းယုန်မျက်နှာက အားရပါးရ ရယ်မောလိုက်သည်။ "သူတို့ရဲ့ အရေအတွက်က နှစ်ဆ ဖြစ်သွားတာတောင် သူတို့က တအိအိ လျှောက်နေကြတဲ့ ပစ်မှတ်တွေထက် ဘာမှ မပိုပါဘူး... နတ်ဘုရား စီရင်ခြင်း စစ်တပ်ကတောင် စက်သေနတ်တွေရဲ့ တရစပ် ပစ်ခတ်မှုကို မချိုးဖောက်နိုင်ခဲ့တော့ သူတို့က အရှင်မင်းမြတ် အနားကို ဘယ်လိုလုပ် ချဉ်းကပ်နိုင်ပါ့မလဲ"

"အမှန်အတိုင်း ပြောရရင် ငါက သူတို့ လူများများ ရောက်လာကြတာကို မြင်ရတာ ပျော်နေခဲ့တယ်... ဘုရားကျောင်းက ဘယ်လောက်အထိ ခိုင်ခိုင်မာမာ

+

တည်ဆောက်ထားတယ် ဆိုတာကို သိရအောင် သူတို့ကို မြင့်မြတ်သော မြို့တော်ရဲ့ မြို့ရိုးကို အရင် တိုက်ခိုက်စေရမယ်… ဒီတိုက်ပွဲက နှစ်ဘက်စလုံးရဲ့ အင်အားတွေကို ယုတ်လျော့သွားအောင် လုပ်နိုင်လိမ့်မယ်လို့ ငါက မျှော်လင့်နေတယ်… အဲ့ဒီ အချိန်ကျရင် အရှင်မင်းမြတ်က ငါ့ရဲ့ တောင်းဆိုမှုကို သဘောတူလိမ့်မယ် ဆိုတာ သေချာနေတယ်"

လင်းယုန်မျက်နှာက စက္ကန့် အနည်းငယ်မျှ ငြိမ်သက်သွားပြီးမှ ပြောလိုက်သည်။
"အရမ်းကောင်းတယ်… ကင်းထောက်တွေ… မင်းတို့က အခု အနားယူနိုင်ကြပါပြီ"

+

"ဟုတ်ကဲ့ဆရာ" ဦးလေးဆမ်က အလေးပြုလိုက်သည်။

သို့သော်လည်း နေးသည် ချက်ချင်း မထွက်ခွာသေးပဲ အချိန်အနည်းငယ်မျှ ချီတုံချတုံ ဖြစ်ခဲ့အပြီးတွင် မေးလိုက်သည်။ "ကျွန်တော်တို့က… သူတို့ကို အခု တိုက်ခိုက်လို့ မရဘူးလား"

လင်းယုန်မျက်နှာနှင့် ဦးလေးဆမ်တို့ နှစ်ယောက်စလုံးက မှင်သက်သွားသည်။ "ဘာ"

"အရှင်မင်းမြတ်က ကျွန်တော်တို့ကို ဟားမီးစ်ကို ကိုယ့်သဘောနဲ့ကိုယ် တိုက်ခိုက်ဖို့ ခွင့်မပြုခဲ့ပေမဲ့ အရဏ်ဦး နိုင်ငံရဲ့ စစ်တပ်ကို မတိုက်ဖို့တော့

+

မပြောထားဘူး" နေးက သူ၏ နှုတ်ခမ်းကို ကိုက်လိုက်သည်။

"တကယ်လို့ သူတို့က မြင့်မြတ်သော မြို့တော်ကို တိုက်ခိုက်တဲ့ အထိ ကျွန်တော်တို့က စောင့်နေခဲ့ရင် ဟားမီးစ် တောင်ခြေက ရွာတွေအားလုံးက ပြားပြားဝပ်ပြီး ဖြစ်နေလိမ့်မယ်"

ဝါရင့်စစ်သားက သက်ပြင်းချလိုက်သည်။

"မင်းက တစ်ခုခုကို တွေ့ခဲ့လို့လား" လင်းယုန်မျက်နှာက မျက်မှောင်ကြုတ်လိုက်သည်။

+

"လုယက် တိုက်ခိုက်မှုနဲ့ သတ်ဖြတ်မှုတွေ..." နေးသည် လူသားမဆန်သော မြင်ကွင်းမျိုးကို ပြန်လည် မမြင်ယောင်လိုဟန်ဖြင့် သူ၏မျက်နှာကို လက်ဖြင့် အုပ်လိုက်သည်။ "သူတို့က မြင့်မြတ်သော မြို့တော် အတွင်းကို ဝင်ရောက်ခြင်း မပြုကြပဲ အပြင်ဘက်မှာသာ တပ်စွဲထားကြတယ်"

"စစ်သားတွေက အနီးအနားက ရွာသားတွေကို ဝါးချွန်တွေနဲ့ သီပြီးမှ တပ်မရဲ့ မြေကတုတ် အဖြစ် ပြုလုပ်ထားကြတယ်... သူတို့က အမျိုးသမီးတွေကို ပိုပြီးမှ ဆိုးဆိုးဝါးဝါး ဆက်ဆံခဲ့ကြသေး..."

"တော်လောက်ပြီ" လင်းယုန်မျက်နှာက သူ့အား ဖြတ်ပြောလိုက်သည်။ "ဒါက စစ်ပွဲမှာ

+

ဖြစ်နေကျပဲ… ဘုရားကျောင်းရော အရဏ်ဦး
နိုင်ငံကပါ အရှင်မင်းမြတ်ရဲ့ ရန်သူတွေ
ဖြစ်ကြတယ်… ငါတို့က ဘာမှ မလုပ်ရပဲ ရန်သူတွေ
အချင်းချင်း တိုက်ခိုက်နေကြတာ အကောင်းဆုံးပဲ…
ပြီးတော့ ငါတို့က စစ်သားတွေ ဖြစ်ပြီး
အရှင်မင်းမြတ်ရဲ့ ဓားသွားတွေ ဖြစ်တယ်ဆိုတာကို
မမေ့ပါနဲ့… ငါတို့ရဲ့ တာဝန်က သတ်ဖြတ်ဖို့ပဲ"

"ဒါပေမဲ့ ဒါက မတူညီဘူး" နေးက
အလျှော့မပေးခဲ့ပေ။ "ကျွန်တော်တို့က
အရှင်မင်းမြတ်ရဲ့ ရည်မှန်းချက်တွေကို
ပြည့်မြောက်နိုင်အောင် ကူညီတဲ့ အနေနဲ့
တိုက်ခိုက်ကြတာ ဖြစ်ပေမဲ့ သူတို့.. သူတို့ကတော့
သတ်ချင်လို့သာ သတ်ဖြတ်နေကြတာ…
ဟိုရှ္မာသားတွေက ယုံကြည်သူတွေ မဟုတ်ကြပေမဲ့

+

တိရစ္ဆာန်တွေထက်တောင် ပိုမို ဆိုးဝါးစွာ အဆက်ဆံခံခဲ့နေရတယ်"

"ဆရာ... နေးက စိတ်ခံစားချက် နည်းနည်းလေး ပြင်းထန်နေခဲ့တာပါ" လင်းယုန်မျက်နှာ၏ မျက်နှာက အံ့မှိုင်းလာသည်ကို တွေ့ရသော အခါ ဦးလေးဆမ်က ချက်ချင်း ဝင်ရှင်းပြလိုက်သည်။ ပြီးတာနှင့် သူက နေးဘက်သို့ လှည့်၍ ဆူပူ ကြိမ်းမောင်းလိုက်သည်။

"တကယ်ကြီးလား... မင်းကိုယ်မင်း ဘာပြောနေသလဲ ဆိုတာကို သိနေသလား... ဘုရားကျောင်းက ဒီမှာ ရှိနေသ၍ ငါတို့က ဟားမီးစ် ကုန်းပြင်မြင့်ကို ဖြတ်ကျော်နိုင်မှာ မဟုတ်ပဲ ငါတို့

+

လမ်းကြောင်းမှာ ရှိနေတဲ့ အရုဏ်ဦး စစ်တပ်ကို ဘယ်လိုလုပ် ဟန့်တားနိုင်မှာလဲ"

ခိုင်မာသော ခံတပ် တစ်ခုအဖြစ် တည်ဆောက်ထားသည့် မြင့်မြတ်သော မြို့တော်သစ်သည် ကုန်းပြင်မြင့်မှ မြေပြန့် နေရာအားလုံးကို အတူတကွ ဆက်သွယ်ထားခြင်း ဖြစ်သည်။ မြို့အပြင်ပိုင်းမှ မြို့တံခါး လေးခုသည် တိုင်းပြည်လေးခုမှ လမ်းကြောင်း လေးကြောင်းထံသို့ မျက်နှာမူထားသည်။

လတ်တလော အချိန်၌ အစောင့်အကြပ်များ မရှိနေသောမြို့တံခါးများသည် ဒုက္ခသည်များကို ဟန့်ထားခြင်း မရှိနေသော်လည်း

+

ဘုရားကျောင်းသည် ပထမ စစ်တပ်အား အရဏ်ဦး နိုင်ငံ အတွင်းသို့ ဝင်ရောက်နိုင်အောင် မြင့်မြတ်သော မြို့တော်အား ခုခံမှု မရှိပဲ တိုက်ရိုက် ဖြတ်သန်းခွင့် ပြုလိမ့်မည် မဟုတ်ချေ။

နေးသည် ထိုအကြောင်းကို သေချာပေါက် သိနေခဲ့၍ အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ပြောလိုက်သည်။ "အမှန်အတိုင်း ပြောရရင် နောက်ထပ် လမ်းကြောင်းတစ်ခု ရှိနေသေးပါတယ်"

"လမ်းကြောင်းတစ်ခု... ဟုတ်လား"

"ကျွန်တော် ပြန်လာတုံးက လမ်းပေါ်မှာ ဒုက္ခသည် အချို့နဲ့ စကားပြောခဲ့တယ်... သူတို့အနက်

+

တစ်ယောက်က ကုန်းပြင်မြင့် အပြင်ပိုင်းက မတ်စောက်တဲ့ ကမ်းပါးအတွင်းမှာ လူနှစ်ယောက် ရင်ဘောင်တန်း လမ်းလျှောက်နိုင်အောင် ကျယ်ပြန့်တဲ့ လမ်းကြောင်းတစ်ခု ရှိနေကြောင်းကို ပြောခဲ့တယ်"

"ဒီလမ်းကြောင်းဟာ ဆောင်းရာသီမှာ ဆီးနှင်း ရေခဲတွေနဲ့ ပိတ်ဆို့နေပေမဲ့ ဆီးနှင်းတွေ အရည်ပျော်သွားတဲ့ အချိန်မှာ ပြန်လည် အသုံးပြုလို့ ရတယ်... ကျွန်တော်တို့က မြင့်မြတ်သော မြို့တော်ကို ဝင်ရောက်စရာ မလိုပဲ ဟားမီးစ်ကို တိုက်ရိုက် ဖြတ်ကျော်နိုင်စွမ်း ရှိတယ်"

+

လင်းယုန်မျက်နှာသည် သူ့အား အချိန်အတန်ကြာ စိုက်ကြည့်နေပြီးမှ သူ၏ခေါင်းကို ခါလိုက်သည်။ "ဒီအကြောင်းကို မေ့လိုက်ပါ"

နေးကလည်း ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်သွားလေသည်။

"ဒါက စိတ်ချရတဲ့ အစီအစဉ် တစ်ခု မဟုတ်မှန်းကို မင်းကလည်း ကောင်းကောင်း သိနေသားပဲ... မဟုတ်ဘူး... ဒါက မဖြစ်နိုင်တဲ့ အစီအစဉ် တစ်ခုလို့ ငါက ပြောရလိမ့်မယ်" ဒုတိယ တပ်ရင်းမှူးက မယုံနိုင်လောက်အောင် စိတ်ရှုည်နေခဲ့သည်။

+

"ပထမ… ဒီလမ်းကြောင်းက တကယ် ရှိနေသလား ဆိုတာက မေးခွန်းထုတ်ဖွယ်ရာ ဖြစ်တယ်… တကယ်လို့ သူက အမှန်ရှိနေပြီး ငါတို့ကို မြင့်မြတ်သော မြို့တော်ဟောင်းထံကို ပို့ပေးနိုင်ရင်တောင် ငါတို့က လူတစ်သောင်းကျော် ရှိနေတဲ့ အင်အားစုကို တစ်ခါတည်း အနိုင်ယူမှာ မဟုတ်ဘူး"

"အရှင်မင်းမြတ်က ညသင်ခန်းစာတွေ အတွင်းမှာ စစ်ဆင်ရေး မစမီတိုင်းမှာ ထောက်ပံ့ပို့ဆောင်ရေးကို အရင်ဆုံး တွက်ချက်ရမယ်လို့ အတိအကျ ပြောထားခဲ့ပြီးသားပဲ… စက်သေနတ်တွေ… ခဲယမ်းမီးကျောက်တွေ မပြောနဲ့ ထောက်ပံ့ ပစ္စည်းတွေကိုတောင် လူနှစ်ယောက် သွားနိုင်ရုံသာ

+

ကျယ်တဲ့ လမ်းကြောင်းကနေ ပို့ဆောင်ဖို့ ခက်ခဲနေတယ်"

"ဒါ့အပြင် မြောက်ပိုင်းဒေသမှာ တပ်ချထားတဲ့ စစ်သား ငါးရာသာ ရှိပြီး ငါတို့ လက်ရှိ ရှိနေတဲ့ ခဲယမ်း မီးကျောက်တွေက ရေရှည်စစ်ပွဲ တစ်ခုကို ဆင်နွှဲဖို့ မလုံလောက်ဘူး… ငါတို့ ဆုတ်ခွာရပြီ ဆိုတာနဲ့ ခုခံနိုင်မှု ကင်းမဲ့သွားပြီး တပ်ရင်းတစ်ခုလုံး ပြုတ်သွားနိုင်ကိန်း ရှိနေတယ်"

လင်းယုန်မျက်နှာသည် ထရပ်လိုက်ပြီးမှ နေးထံသို့ လျှောက်လာခဲ့သည်။ "ငါက မင်းထက်တောင် တိုက်ပွဲကြီး တစ်ခုကို ဆင်နွှဲလိုနေသေးတယ်… ဒါပေမဲ့ ဒါက ငါ့ရဲ့ ကိုယ်ပိုင်အမြင် သက်သက်ပဲ…

+

အရှင်မင်းမြတ်နဲ့ ဆရာ သံပုဆိန်တို့က ဒီတပ်ရင်းကို ငါ့ထံ ပုံအပ်ထားတာကြောင့် ဆုံးဖြတ်ချက် ချတဲ့ အချိန်မှာ စစ်တပ်ရဲ့ လုံခြုံမှုနဲ့ အကောင်းဆုံး အကျိုးအမြတ်အတွက် အရင် စဉ်းစားဖို့ ငါ့မှာ တာဝန်ရှိနေတယ်"

"လက်ရှိ ဆုံးဖြတ်ချက်ရော အရင်က ဒုက္ခသည်တွေကို ပြန်လည် နေရာချထားတဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သတ်ပြီးတော့မှပဲပေါ့... မင်းနားလည်သလား"

"... ဟုတ်ကဲ့ပါ... ဆရာ" နေးသည် သူ၏လက်သီးကို ကျစ်ကျစ်ပါအောင်

+

ဆုပ်ထားခဲ့သော်လည်း နောက်ဆုံးတွင်
စစ်တပ်ထုံးစံ အတိုင်း အလေးပြုခဲ့လိုက်သေးသည်။

"မင်းတို့ သွားနိုင်ပြီ"

သူတို့နှစ်ယောက်က ထွက်သွားတော့မည် ပြုခဲ့သော
အခါ စစ်သား တစ်ယောက်က ကန့်လန့်ကာကို မ၍
အတွင်းသို့ ဝင်လာခဲ့သည်။ "ဆရာ...
အရှင်မင်းမြတ်ထံက ပြန်စာ ရောက်လာပါတယ်"

"တကယ်လား... ငါ့ကိုပေးစမ်း"
လင်းယုန်မျက်နှာသည် ဝှက်စာဖြင့် ရေးထားသော
စာကို အလောတကြီးဖြင့် ဖွင့်လိုက်ပြီး နေးနှင့်
ဦးလေးဆမ်တို့က ရွက်ဖျင်တဲ အတွင်းမှ

+

ထွက်သွားခဲ့ချိန်၌ပင် သူက လှမ်း၍ ဟန့်တားလိုက်သည်။ "ခဏနေဦး"

"အရှင်မင်းမြတ်က ညွှန်ကြားချက် အသစ်တွေ ပေးခဲ့တာလား" ဝါရင့်စစ်သားက မေးလိုက်သည်။

"ဟုတ်တယ်... ပထမ စစ်တပ်က ဘုရင့်မြို့တော်ကနေ သဘော်တွေနဲ့ ထွက်လာပြီး အခုအချိန်မှာ မြောက်ပိုင်းဒေသကို အမြန်ဆုံး ဦးတည်လာခဲ့တယ်... သူတို့က လေအေးတောင်တန်းကို နောက်ထပ် ဆယ်ရက်လောက်မှာ ရောက်လာလိမ့်မယ်"

+

ဆယ်ရက်ဆိုရင် အရမ်း နောက်ကျသွားလိမ့်မယ်။ နေးသည့် ဝမ်းနည်းစွာဖြင့် ကိုယ့်ကိုယ်ကိုယ် တွေးလိုက်သည်။ အရုဏ်ဦး စစ်တပ်ဟာ မြင့်မြတ်သော မြို့တော်ဟောင်းကို အချိန်မရွေး ရောက်လာနိုင်ပြီး ရက်အနည်းငယ် အတွင်းမှာ ဟားမီးစ် ကုန်းပြင်မြင့် တောင်ခြေက ရွာတွေကို ငရဲဖြစ်အောင် လုပ်ခဲ့ကြလိမ့်မယ်။

ထိုအချိန်၌ သူယခင် ပြုလုပ်ခဲ့သည့် အရာများကို ပြန်လည် သတိပေးနေသကဲ့သို့ ကျည်ဆန်မိုးများ အောက်တွင် ရုန်းကန်နေရှာသော ကောင်မလေးကို ပြန်လည် မြင်ယောင်လာခဲ့သည်။

+

"သူတို့ မရောက်လာခင်မှာ အရုဏ်ဦး စစ်တပ်က မြင့်မြတ်သော မြို့တော်ဟောင်း အတွင်းကို မဝင်ရောက်နိုင်အောင် အရှင်မင်းမြတ်က ငါတို့ကို ချက်ချင်း လှုပ်ရှားစေလိုနေတယ်... အနည်းဆုံးတော့ သူတို့က ဘုန်းကြီးကျောင်းတွေကို ဝင်ရောက် လုယက်ခြင်း မပြုအောင် ဟန့်တားထားရမယ်"

နေး၏ခေါင်းက ချက်ချင်း ပြန်ထောင်လာသည်။

"ကျွန်တော်တို့က... ဒီလို လုပ်နိုင်ပါ့မလား" ဦးလေးဆမ်က ခေါင်းအနောက်ကို ကုတ်နေရင်း မေးလိုက်သည်။

+

"ဒါက အမတန်မှ ခက်ခဲလိမ့်မယ်... ဒါကြောင့်မို့ အရှင်မင်းမြတ်က အထူး စစ်ကူအဖွဲ့ကို စေလွှတ်ခဲ့ပြီး သူတို့က မြောက်ပိုင်းဒေသကို မနက်ဖြန်ညမှာ ရောက်လာလိမ့်မယ်" လင်းယုန်မျက်နှာက ဝှက်စာဖြင့် ရေးထားသော စာကို ပိတ်လိုက်သည်။ "စုန်းမတွေကသာ ဒီလောက်မြန်မြန် ရောက်လာနိုင်မှာ ဖြစ်တယ်"

သူသည် ပြီးတာနှင့် သူတို့နှစ်ယောက်ဘက်သို့ လှည့်လိုက်သည်။ "တပ်စုခေါင်းဆောင်တွေ အားလုံးကို အစည်းအဝေး ခေါ်လိုက်ပါ... ဪ... ဒါနဲ့... လျှို့ဝှက်လမ်းကြောင်းကို သိတယ်ဆိုတဲ့ ဒုက္ခသည်ရဲ့ နာမည်က ဘယ်လိုခေါ်သလဲ"

+

# စာစဉ် ၅၉ : အပိုင်း ၁၅

## အပိုင်း ၈၈၅ : ကံဆိုးရှာသော ကုန်သည်

တန်ဂျန်သည် သူ့ကိုယ်သူ အလွန် ကံမကောင်းသူ ဟူ၍ တွေးနေခဲ့သည်။

သူသည် ထာဝရည မြို့တော်နှင့် ဟားမီးစ်တို့ အကြားတွင် ခရီးသွား ကုန်သွယ်နေသော သာမန် ကုန်သည်တစ်ဦးသာ ဖြစ်သည်။ သူသည် မီးခိုးရောင် ရဲတိုက်မှ သားမွေးနှင့် ဖလန်နယ်များကို ဘုရားကျောင်းထံတွင် ရောင်းချ၍ မြင့်မြတ်သောရေဖြင့် စိမ်ထားသည့်

+

အဆောင်လက်ဖွဲ့နှင့် ပန်းပုရုပ်များကို မီးခိုးရောင် ရဲတိုက်သို့ ပြန်ယူလာ၍ ရောင်းချခဲ့သည်။

သူသည် ပြိုင်ဘက်များနှင့် ပြင်းထန်စွာ ယှဉ်ပြိုင်ခဲ့ရပြီး စီးပွားရေး အခြေကျလာရန် ဆယ်နှစ်နီးပါး အချိန်ယူခဲ့ရသည်။

တန်ဂျန်သည် အပိုရလာသော ငွေကြေးများကို စီးပွားရေး ချဲ့ထွင်ရာ၌ အသုံးပြုရန် ဆုံးဖြတ်ခဲ့ပြီး ကုန်ပစ္စည်းများကို သိုလှောင်နိုင်ရန် မြင့်မြတ်သော မြို့တော်သစ်၏ ဆင်ခြေဖုံးတွင် ဂိုထောင်ပါသည့် အိမ်တစ်လုံးအား ဝယ်ယူခဲ့သည်။

+

သို့သော်လည်း သူက စီးပွားရေး ချဲ့ထွင်ရန်
ပြင်ဆင်ခဲ့သည့် အချိန်၌ပင် မြောက်ပိုင်းဒေသမှ
အခြေအနေက ရုတ်တရက် ဆိုးရွားလာပြီး
မီးခိုးရောင် ရဲတိုက်၏ ဘုရင်အသစ်နှင့်
ဘုရားကျောင်း အကြားတွင် ပဋိပက္ခ
အကြီးအကျယ် ဖြစ်ပွားလာခဲ့သည်။

သို့ဖြစ်၍ ယုံကြည်မှု အဆောင်လက်ဖွဲ့များအား
ရောင်းချရမှုက လျင်မြန်စွာ ကျဆင်းသွားပြီး
သူသည် အမြတ်အစွန်း မရရှိခဲ့သည့် အပြင်
နှစ်ဆယ် ရာခိုင်နှုန်းပင် အရှုံးပေါ်သွားခဲ့သည်။

သို့သော်လည်း တန်ဂျန်အနေဖြင့် သားမွေးများကို
ရောင်းချခြင်းဖြင့် အရှုံးကို ကာနိုင်လိမ့်မည်ဟု

+

ယူဆထားခဲ့သေးသည်။ သို့ရာတွင်
ဘုရားကျောင်းနှင့် ဘုရင်တို့ အကြားမှ
တင်းမာမှုများက ပြင်းထန်လာသည်နှင့် အမျှ
သားမွေး စျေးနှုန်းများကလည်း
မြင့်တက်သွားခဲ့သည်။

ထိုအချိန်က သူသည် ဘုရားကျောင်းကသာ
နောက်ဆုံးတွင် အနိုင်ရရှိလိမ့်မည်ဟု ခိုင်မြဲစွာ
ယုံကြည်ထားခဲ့သည်။ မြင့်မြတ်သော မြို့တော်အား
မကြာခဏ ရောက်ရှိခဲ့သူ ဖြစ်သဖြင့် တန်ဂျန်သည်
ဘုရားကျောင်းက မည်မျှအထိ ခိုင်မာစွာ
တည်ဆောက်ထားသည်ကို သိနေခဲ့သည်။

+

တိုင်းပြည် အတွင်းမှ အကျွမ်းကျင်ဆုံး နိုက်သူရဲကောင်းများကပင် ဟားမီးစ်တွင် အပြင်းထန်ဆုံး လေ့ကျင့်မှုများကို ရရှိထားသည့် တရားစီရင်သူ စစ်သည်တော် တစ်ယောက်ကို မယှဉ်နိုင်ခဲ့ပေ။

သို့သော်လည်း ထင်မှတ်မထားပဲ ဘုရားကျောင်းက မရှုမလှ ရှုံးနိမ့်သွားခဲ့ရာ သူ၏ စီးပွားရေးကလည်း လုံးဝကို ပျက်စီးသွားခဲ့ပြီး သူသည် ဈေးနှုန်းများကို သုံးဆယ် ရာခိုင်နှုန်း လျှော့ပေးခဲ့သော်လည်း ဝယ်ယူမည့်သူ တစ်ယောက်မှ မရှိတော့ပေ။

အခြေအနေက ကစဥ့်ကလျား ဖြစ်နေခဲ့ပြီး သူ၏ ကုန်ပစ္စည်းများကို အခိုးခံခဲ့ရမှ မြင့်မြတ်သော

+

မြို့တော်သည် လုံခြုံမှု မရှိတော့မှန်းကို တန်ဂျန်က သဘောပေါက်သွားခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် ဘုရားရှိခိုး ကျောင်းတော်ကြီး ပြိုကျသွားကတည်းက သူ့ရင်အတွင်းတွင် နိမိတ်မကောင်းသော ခံစားချက် တစ်ခုကို ခံစားနေရသည်။ သို့သော်လည်း နှစ်ပေါင်းများစွာ အချိန်ယူ တည်ဆောက်ခဲ့ရသော စီးပွားရေး လုပ်ငန်း တစ်ခုလုံးကို မစွန့်ပစ်နိုင်သဖြင့် စွန့်စား၍ ဆက်နေရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း ဟားမီးစ်တောင်ခြေတွင် ရောက်ရှိလာသော အရဏ်ဦး နိုင်ငံ၏ စစ်တပ်က သူ၏ နောက်ဆုံး မျှော်လင့်ချက်များကို

+

ရိုက်ချိုးပစ်ခဲ့သည်။ ဤစစ်တပ်သည် ဘုရားကျောင်း ရာစုနှစ်နှင့် ချီ၍ စုဆောင်းထားသည့် ကြွယ်ဝမှုများကို မက်မောသဖြင့် ရောက်ရှိလာကြသည်မှာ သိသာနေသည်။

လောဘကြီးလှသော ဤစစ်သားများသည် သူ၏ သားမွေးများကို လုယူကြမည်သာ မကပဲ သူဆက်နေနေပါက သူ့အသက်ကိုပင် နှုတ်ယူသွားကြမည်မှာ သေချာနေသည်။

ခက်ခဲစွာ ဆုံးဖြတ်ချက်ချခဲ့အပြီးတွင် တန်ဂျန်သည် အခြားကုန်သည် များစွာတို့နှင့် အတူ တောင်ပိုင်းသို့ ထွက်ခွာလာခဲ့ရာ ခရီးကြမ်းကို ပင်ပန်းကြီးစွာ ဖြတ်သန်းလာခဲ့အပြီးတွင် သူတို့သည်

+

နောက်ဆုံးတွင် မီးခိုးရောင် ရဲတိုက်သို့ ပြန်လည် ရောက်ရှိလာခဲ့လေသည်။

သူတို့သည် နယ်စပ်တွင် နယ်စောင့်တပ်၏ မျှတစွာ ဆက်ဆံမှုကိုခံခဲ့ရ၍ စစ်သားများ၏ မေးခွန်းအချို့ကို ဖြေဆိုခဲ့အပြီးတွင် ဒုက္ခသည်များ အတွက် သီးသန့် ဆောက်လုပ်ထားသည့် စခန်းတစ်ခုကို ခေါ်သွားခြင်း ခံခဲ့ရသည်။

ပြီးတာနှင့် မြောက်ပိုင်းဒေသ မြို့စား စေလွှတ်လိုက်သော တပ်ဖွဲ့တစ်ခုသည် နှစ်ရက်အကြာ၌ သူတို့အား မြို့တွင်းသို့ ပြန်လည် ခေါ်ဆောင်သွားလိမ့်မည်ဟု ပြောပြခြင်း ခံခဲ့ရသည်။

+

သူ၏ တစ်သက်စာ လုပ်ငန်းသည် လေနှင့်အတူ
လွင့်ပါသွားခဲ့သော်လည်း လမ်းတွင်
သေဆုံးသွားခဲ့သော သူ၏ ပြိုင်ဘက်တစ်ယောက်
ဖြစ်သူ ကပ်စေးနည်း ဆိုးကပ်စ် အကြောင်းကို
တွေးမိသော အခါ သူကများစွာ ပို၍
ကံကောင်းသေးသည်ဟု တန်ဂျန်က ခံစားမိခဲ့သည်။

ဘာပဲပြောပြော သူသည် အသက်ရှင်နေသေးပြီး
သူ့ဇနီးနှင့် ကလေးတို့ စောင့်မျှော်နေကြသည့်
ထာဝရည မြို့တော်တွင် နေထိုင်စရာ နေရာတစ်ခု
ရှိနေသေးသည်။ ဤအထိ တွေးအပြီးတွင်
တန်ဂျန်သည် များစွာပို၍ နေကောင်းသွားကာ
နောက်ဆုံးတွင် သူ၏ ကံဆိုးမှုများက
အဆုံးသတ်သွားခဲ့ပြီဟု တွေးခဲ့လေသည်။

+

သို့သော်လည်း ဘုရင်အသစ်၏ စစ်သား နှစ်ယောက်တို့သည် သူ့အား လာရှာခဲ့၍ စခန်းမှ ခေါ်သွားခဲ့သော အခါ သူ၏ရင်က လေးလံသွားခဲ့သည်။ သူသည် ထိုနှစ်ယောက်အား ငွေပြားအချို့ဖြင့် လာဘ်ထိုးကာ သတင်းအချို့ ရရှိရန် ကြိုးစားခဲ့သော်လည်း မရှုမလှ ကျရှုံးသွားခဲ့သည်။

သူတို့သည် သူကူရာမဲ့နေချိန်တွင် အခွင့်ကောင်းယူကာ ခြူးတပြားမကျန် နှိုက်ယူလိုနေကြသလော။

+

တန်ဂျန်သည် သူ၏ ငွေအိတ်အား ရင်ဘတ်အတွင်းတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့သည်။ ဤအရာသည် သူနောက်ဆုံး ကျန်ရှိသော ငွေကြေးပင် ဖြစ်ပြီး သူ့အား ဆုံးရှုံးသွားခဲ့ပါက အသက်ရှင်ရန် မဖြစ်နိုင်တော့ပေ။

သို့သော်လည်း သူသည် ဤစစ်သားများ၏ တောင်းဆိုမှုအား ငြင်းဆန်ရန်လည်း သတ္တိ မရှိနေပေ။ သူ့အနေဖြင့် ဘုရားကျောင်းအား ချေမှုန်းခဲ့သည့် ခက်ထန်လှသော ဤစစ်တပ်ကို ခုခံရန် လုံလောက်သော စွမ်းအား မရှိသည်မှာ သိသာလှသည်။

+

အကယ်၍ ဤမကောင်းဆိုးဝါးများကို အမျက်ထွက်အောင် လုပ်မိပါက သူသည် ပို၍ မရှုမလှ သေဆုံးသွားနိုင်ကိန်း ရှိနေသည်။

တန်ဂျန်သည် လမ်းလျှောက်နေရင်း ရင်အတွင်းမှ တိတ်တဆိတ် ငိုကြွေး မြည်တမ်းနေခဲ့သည်။ ဘာဖြစ်လို့ ငါကသာ ကံဆိုးသူ မောင်ရှင် ဖြစ်ခဲ့တာလဲ။ တခြားလူတွေကို မခေါ်ပဲ ဘာဖြစ်လို့ ငါ့ကိုသာ ရွေးခေါ်ခဲ့ရတာလဲ။ ငါက အများကြီး သိုလှောင်ထားမိတဲ့ အဆောင်လက်ဖွဲ့နဲ့ ရုပ်ထုတွေကို မြောင်းထဲ ပစ်ချခဲ့တဲ့ အတွက် ဘုရားသခင်က ငါ့ကို ပြစ်ဒဏ်ခတ်ခဲ့တာလား။

+

ခါးသီးစွာ ပူဆွေး မြည်တမ်းနေရင်း သူသည် ခဏအကြာတွင် သူ့အား မေးခဲ့သော ဒုတိယ တပ်ရင်းမှူး၏ မေးခွန်းကိုပင် မကြားနိုင်ခဲ့ပေ။

"ဘာ.. ဘာလမ်းကြောင်းလဲ"

ဒုတိယ တပ်ရင်းမှူးသည် အမျက်ဒေါသ မပေါက်ကွဲသွားပဲ သူ၏ မေးခွန်းကို စိတ်ရှည်စွာဖြင့် နောက်တစ်ခေါက် ပြန်မေးလိုက်သည်။

"မြင့်မြတ်သော မြို့တော်သစ်ကို ပတ်သွားပြီး ဟားမီးစ် တောင်ခြေကို တိုက်ရိုက်ရောက်နိုင်တဲ့ လမ်းကြောင်းတစ်ခုကို မင်းသိထားတယ်လို့ ငါ့ရဲ့

+

စစ်သားတစ်ယောက်က ငါ့ကို ပြောထားတယ်... အဲ့တာ မှန်သလား"

"မင်းငါ့ကို ပြောခဲ့တဲ့ လမ်းကြောင်းလေ... ကုန်သည်အချို့ဟာ အဲ့ဒီ လမ်းကြောင်းကို အသုံးပြုပြီးမှ အဖိုးတန် ကုန်ပစ္စည်းတွေကို မှောင်ခို သယ်ယူခဲ့တယ်လို့ မင်းက ပြောခဲ့တယ်... မင်းကလည်း သူတို့နဲ့ အတူ အကြိမ်အနည်းငယ် ပြုလုပ်ခဲ့ဖူးတယ်လေ" နောက်ထပ် လူတစ်ယောက်က ဝင်ပြောလိုက်သည်။

နေပါဦး၊ သူတို့က ငါ့ရွှေပြားတွေအတွက် ခေါ်လာတာ မဟုတ်ဘူးလား။ တန်ဂျန်သည် ထိုလူအား တစ်ချက် ခိုးကြည့်လိုက်ရာ

+

လမ်းပေါ်တွင် သူနှင့် တွေ့ဆုံခဲ့သည့် စစ်သားငယ် ဖြစ်နေမှန်းကို သိလိုက်ရပြီး သူ၏ နာမည်မှာ နေးဖြစ်သည်ကို မှတ်မိခဲ့သည်။

နေးသည် သဘောကောင်းသည့်ပုံ ပေါက်နေသဖြင့် တန်ဂျန်သည် သူနှင့် စကားစမြည် ပြောခဲ့ဖူးပြီး သူ့အား အထင်ကြီးစေရန် တစ်ချိန်က ဘုရားကျောင်း၏ အခွန်အကောက်များကို ရှောင်တိမ်းနိုင်ရန် ဤလမ်းကြောင်းကို အသုံးပြုခဲ့ဖူးကြောင်း ကြွားဝါ ပြောဆိုခဲ့သည်။ ဤအရာသည် သူ့အား ဒုက္ခတော အတွင်းသို့ ဆွဲသွင်းမိလိမ့်မည်ဟု သူက လုံးဝ မမျှော်လင့်ထားပေ။

+

သို့သော်လည်း ယခုအချိန်မှ နောင်တရနေလည်း မထူးတော့ပြီ။

"အင်း… အဲ့ဒီလမ်းကြောင်းက အမှန်တကယ် ရှိနေပြီး ဒေသခံတွေက သူ့ကို တိမ်တိုက်လှေကားလို့ ခေါ်ကြတယ်" တန်ဂျန်က ဖြေဆိုလိုက်ရသည်။ "ဒါပေမဲ့ သူက ဆီးနှင်းတွေ အရည်ပျော်သွားပြီးမှ ပေါ်လာတာ ဖြစ်ပြီး မိုးရွာနေရင် ဒါမှမဟုတ် မြူဆိုင်းနေရင် အသုံးပြုလို့ မရဘူး"

"ဒီလမ်းကြောင်းမှာ လမ်းခွဲများစွာ ရှိတယ်လို့ ကောလာဟလတွေ ရှိနေပေမဲ့ ကျွန်တော်က

+

အရုဏ်ဦး နိုင်ငံကို သွားတဲ့ လမ်းကြောင်း တစ်ခုကိုပဲ သိနေတယ်"

"အရမ်းကောင်းတယ်" ကွပ်ကဲသူက ခေါင်းညိတ်လိုက်သည်။ "မင်းက ငါ့လူတွေကို ဒီလမ်းကြောင်း ပြပေးပါ... တကယ်လို့ သူတို့က ဟားမီးစ်တောင်ခြေကို အောင်မြင်စွာ ရောက်နိုင်ခဲ့ရင် ငါက မင်းရဲ့ ဝန်ဆောင်မှုအတွက် ဆုကြေးပေးမယ်"

"သနားပါ... ဆရာ" တန်ဂျန်သည် ချက်ချင်းပင် ဒူးထောက်ချလိုက်သည်။ "ကျွန်တော်က ဆုကြေး မလိုချင်နေပဲ ဒီကိစ္စ ပြီးသွားရင် အိမ်ကိုသာ ပြန်ချင်နေပါတယ်"

+

"ကံမကောင်းစွာနဲ့ မင်းက အိမ်ပြန်လို့ မရဘူး" ကွပ်ကဲသူ၏ ပြန်ကြားချက်က သူ၏ ကျောရိုးကို စိမ့်သွားစေခဲ့သည်။ "အရာအားလုံးကို အဆင်ပြေ ချောမွေ့စေဖို့ အတွက် မင်းကို မလိုအပ်တော့တဲ့ အချိန်အထိ ငါတို့နဲ့ ရက်အနည်းငယ် နေရလိမ့်မယ်"

"ဒါပေမဲ့… ဒါပေမဲ့… ဆရာ…" တန်ဂျန်၏ စကား မဆုံးခင်ပင် ကွပ်ကဲသူသည် သူ့အား ရွှေပြားငါးပြား တောက်ထုတ်ပေးလိုက်သည်။

"ဒါက စရန်ငွေပဲ… တာဝန် ပြီးဆုံးသွားရင် နောက်ထပ် ရွှေပြား ငါးပြားရမယ်" ကွပ်ကဲသူက သူ့အား ဖြတ်ပြောလိုက်သည်။ "မီးခိုးရောင်

+

ရဲတိုက်ရဲ့ ဒေသ အတော်များများမှာ ရွှေပြား ဆယ်ပြားနဲ့ ဘာလုပ်လို့ ရသလဲ ဆိုတာကို မင်းက ကောင်းကောင်း သိနေမှာပါ"

တန်ဂျန်က တံတွေးကို ခက်ခက်ခဲခဲ မျိုချလိုက်သည်။ ရွှေပြား ဆယ်ပြားသည် ဘဝတစ်ခုကို ထူထောင်နိုင်စွမ်း ရှိသည်။ စီးပွားရေး လုပ်ငန်းကို နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့သော်လည်း သူ၏ စုဆောင်းငွေ အားလုံးပေါင်းမှ ရွှေပြား သုံးဆယ်ကျော်လေးသာ ရှိသည်။

ကွပ်ကဲသူသည် သူ့အသက်ကို ရွှေပြား ဆယ်ပြားဖြင့် စွန့်စားစေလိုနေသည်မှာ သိသာနေသော်လည်း

+

သူ့အနေဖြင့် စေ့စပ်ညှိနှိုင်းရန် အခြေအနေ မရှိနေပေ။

"သ.. သခင်က ကျွန်တော့်ကို တကယ်ပဲ လွှတ်ပေးမှာလား" တန်ဂျန်သည် အဖြေကို ကြိုသိပြီးသား ဖြစ်နေသော်လည်း မေးခဲ့သေးသည်။

"ဒါပေါ့... မင်းက လမ်းပြတစ်ယောက် အဖြစ် ကြိုးစား ဆောင်ရွက်ပေးခဲ့ရင် မင်းကို ထာဝရည မြို့ရောက်အောင် လိုက်ပို့ပေးမယ်"

.........

+

တန်ဂျန်သည် စစ်စခန်း အတွင်းမှ ပူပန်
ကြောင့်ကြမှု များစွာဖြင့် ထွက်ခွာလာခဲ့ပြီး
သူ့အနောက်တွင် နေးအမည်ရှိ လူငယ်လေးနှင့်
အသက်ကြီးကြီး စစ်သားတစ်ယောက်
လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။

"မင်းကငါ့ကို တကယ် ချောက်ချခဲ့တာပဲ"
တန်ဂျန်က ခြောက်ကပ်စွာ ပြုံးလိုက်သည်။
ဤလူနှစ်ယောက်အား ကြည့်ခြင်းဖြင့်
ဤအရာသည် မတော်တဆ တိုက်ဆိုင်မှု သက်သက်
မဟုတ်ပဲ တမင်သက်သက် ဖန်တီးထားခြင်း
ဖြစ်မှန်းကို သူက သိနေခဲ့သည်။

+

"ဘာဖြစ်လို့ ချောက်ချရမှာလဲ" နေးက သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "ရွှေပြား ဆယ်ပြားဆိုတာက နည်းနည်းနောနော မဟုတ်ဘူး... မင်းက ယုံကြည်ချက် အပြည့်နဲ့ လှုပ်ရှားခဲ့ရင် ဘာအန္တရာယ်ကိုမှ စိုးရိမ် ပူပန်နေစရာ မလိုဘူး"

"စိတ်ချပါ... ငါတို့ ကွပ်ကဲသူက စကားတည်တဲ့သူ တစ်ယောက်ဖြစ်တယ်... သူကမင်းကို သွားနိုင်တယ်လို့ ပြောရင် မင်းက တကယ် သွားရလိမ့်မယ်" အသက်ကြီးကြီးနှင့် စစ်သားက ဝင်ပြောလိုက်သည်။ "ဒါ့အပြင် လမ်းပြပေးရုံနဲ့ ရွှေပြားဆယ်ပြား ရမယ်... ငါဆိုရင်တော့ ပျော်ပျော်ကြီး လိုက်ပြလိုက်မှာပဲ"

+

"ဆရာက..."

"ငါ့ကို ဦးလေးဆမ်လို့ပဲ ခေါ်ပါ... ပြီးတော့ ငါ့ကို ဒီလောက်အထိ ရိုရိုသေသေ ဆက်ဆံမနေပါနဲ့... တကယ်တမ်း ဆက်ဆံရမှာက နေးကိုပဲ ဖြစ်တယ်... သူက တပ်စုခေါင်းဆောင်ဖြစ်ပြီး ငါ့ရဲ့ အထက်အရာရှိ ဖြစ်တယ်"

"တ.. တကယ်လား" တန်ဂျန်က အနည်းငယ် ကသိကအောက် ဖြစ်သွားသည်။ ဤလူငယ်လေးသည် အောက်ဆုံးအဆင့်မှ စစ်သားတစ်ယောက်သာ ဖြစ်မည်ဟု သူက ထင်နေခဲ့လေသည်။

+

"နေးလို့ခေါ်ရင် ရပါပြီ" နေးက သူ၏လက်အား သာမန်သာ ဖော့ယမ်းပြလိုက်သည်။

"မင်းတို့ရဲ့ ဒုတိယ တပ်ရင်းမှူး ပြောထားတဲ့ တာဝန်ဆိုတာက ဘာလဲ ဆိုတာကို ငါ့ကို ပြောပြလို့ ရမလား"

"ငါတို့က ဟားမီးစ် ကုန်းပြင်မြင့်ကို ပတ်သွားပြီး မြင့်မြတ်သော မြို့တော်ဟောင်းမှာ အရှေ့ဦး နိုင်ငံက စစ်တပ်ကို ဟန့်တားရမယ်"

"တပ်စုခေါင်းဆောင်" ဦးလေးဆမ်က နေးအား သတိပေးလိုက်သည်။

+

"ဘာမှ မဖြစ်ပါဘူး... သူက ငါတို့နဲ့ နောက်ရက် အနည်းငယ် အတွင်းမှာ အတူနေမှာ ဖြစ်ပြီး အနည်းငယ် ပြောပြထားရင် ဘာမှ လျှောက်တွေးနေမှာ မဟုတ်တော့ဘူး... ဒါက ငါတို့ရဲ့ တာဝန်ကို ပြီးမြောက်အောင် ပိုမို ကူညီနိုင်လိမ့်မယ်... ပြီးတော့ သူက တစ်ခုခု ကြံစည်နေတာကို တွေ့ခဲ့ရင် ငါကသူ့ကို ချက်ချင်း ပစ်ချလိုက်မယ်"

နေး၏ စကားများကြောင့် တန်ဂျန်က တုန်ခါသွားသည်။ သို့သော်လည်း သူ၏ အာရုံများသည် ပို၍ပင် မယုံနိုင်ဖွယ်ရာ ဖြစ်နေသော

+

စကား၏ ပထမ အပိုင်းအပေါ်သို့ ကျရောက်သွားလေသည်။

"အရဏ်ဦး နိုင်ငံရဲ့ စစ်တပ်ကို ဟန့်တားမယ်... ဟုတ်လား" တန်ဂျန်၏ မျက်လုံးများက ပြူးကျယ်သွားသည်။ "ဒါက မဖြစ်နိုင်ဘူး... ဒီလမ်းကြောင်းက လူနှစ်ယောက် ယှဉ်သွားနိုင်ရုံလောက်ပဲ ကျယ်ပြီး လမ်းရဲ့ အစိတ်အပိုင်း အချို့က ပြိုကျနေသေးတယ်... ခြေတစ်လှမ်းမှားသွားတာနဲ့ ချောက်ကမ်းပါး အောက်ကို ပြုတ်ကျသွားမှာပဲ"

"မနက်ကနေ ညနေအထိ လျှောက်ခဲ့ရင်တောင် တစ်ပတ်အတွင်းမှာ လူရာပေါင်း အနည်းငယ်ကိုသာ

+

ရွှေ့ပြောင်းနိုင်မှာ ဖြစ်လို့ ဟိုနိုက်သူရဲကောင်းတွေနဲ့ ဘယ်လို တိုက်ခိုက်မှာလဲ… ဘုရားကျောင်းကလည်း ခင်ဗျားတို့ကို အနောက်ကနေ ဝင်တိုက်နိုင်သေးတယ်"

"ငါတို့က တစ်ယောက်တည်း တိုက်ခိုက်မှာ မဟုတ်ဘူး" နေးက ငြိမ်သက် တည်ကြည်စွာဖြင့် ပြန်ဖြေလိုက်သည်။ "အရှင်မင်းမြတ်ရဲ့ စစ်ကူတွေက မကြာခင် လေအေးတောင်တန်းကို ရောက်လာတော့မှာ… ပထမ စစ်တပ်က ဘယ်လို စစ်တိုက်သလဲ ဆိုတာကို မင်းက ကြည့်ထားလိုက်ပါ"

+